
www.burmeseclassic.com

Family

# ချစ်စရာအိမ်ကလေး




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက် [၄၀၀၃၇၇၀၃၁၁]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [၄၀၀၅၁၆၀၅၁၁]

မျက်နှာဖုံးပန်းချီဒီဇိုင်း
ဇော်မောင်

အတွင်းစာစီ
Family စာပေတိုက်

ထုတ်ဝေသူ
ဒေါက်တာဂျူယ်ရီအုံ့နိုင်၊ *Family* စာပေတိုက်
အမှတ် ၂၂၊ ၃ လွှာ (ညာ)၊ မြောင်းကြီးလမ်း၊ ရေကျော်ရပ်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၀၁၅၀၃

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ဇွန်လ၊ ၂၀၁၁။ အုပ်ရေ - ၂၀၀၀

မျက်နှာဖုံးနှင့် အတွင်းစာသားပုံနှိပ်သူ
ဖိုးရာစာပုံနှိပ်တိုက်

စာအုပ်ချုပ်
စွယ်တော်

တန်ဖိုး
၂၈၀၀ ကျပ်

## ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း (CIP)

၆၉၀·၀၀

လင်္ကာရည်ကျော်
ချစ်စရာအိမ်ကလေး/လင်္ကာရည်ကျော်။ - ရန်ကုန်။
Family စာပေ။ ၂၀၁၁။
၁၃၀ စာ ။ ၁၃ × ၂၀ စင်တီ။
(၁) ချစ်စရာအိမ်ကလေး

Family စာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com

လင်္ကာရည်ကျော်

# ချစ်စရာဒိမ်ကလေး

BURMESE CLASSIC

Family စာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com

# Family စာပေတိုက်

BURMESE CLASSIC

စာအုပ်တိုက်အစီအစဉ် ၊ ၁၃ ၊

Family စာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



## စာရေးသူ၏အမှာစာ

တော်တော်ကလေး ရင်ခုန်စိတ်လှုပ်ရှားနေမိသည်ကို ဦးစွာဝန်ခံပါရစေ။ ယခင်စာအုပ်တွေမှာ ရေးဖူးပြီးခဲ့သလိုပင် 'စာရေးဆရာ' ဖြစ်ဖို့ဆိုတာ ကျွန်ုပ်တော်၏ ပထမအိပ်မက်စစ်စစ်ပါ။ ဒုတိယအိပ်မက်ဖြစ်သော ဆရာဝန်တစ်ယောက်ဘဝကို နှစ်ပေါင်း ၂၀ ကျင်လည်ပြီးမှ စာရေးဆရာဘဝ ရောက်လာခဲ့တော့ စာရေးဖို့ ရင်ထဲမှာပြည့်နေသော ဝမ်းစာတွေက ဆရာဝန်လောကမှာ ကျင်လည်ခဲ့ရင်း ရလာခဲ့သော ဝမ်းစာတွေဖြစ်နေခဲ့သည်။ ဆရာဝန်၊ စာရေးဆရာထက် စာရေးဆရာ၊ စာရေးဆရာပဲ ဖြစ်ချင်ပါသည်ဟု မကြာခဏပြောတတ်သော်လည်း ဝတ္ထုရှည်သုံးပုဒ် ထွက်ပြီးသည်အထိ သုံးပုဒ်စလုံး ဆရာဝန်နှင့် ဆေးလောကနောက်ခံ ဝတ္ထုရှည်ချည်း ဖြစ်နေသည်။ သုံးပုဒ်စလုံးကိုလည်း ပရိသတ် လက်ခံအားပေးခဲ့သည်။ ပထမ နှစ်အုပ်က အမျိုးသားစာပေဆုများပင် ရရှိခဲ့ပြီး ပထမဦးဆုံးဝတ္ထုကိုရိုက်သော ရုပ်ရှင်ကလည်း အကယ်ဒမီရခဲ့သည်။ အဲသည်လိုအချိန်မှာ စတုတ္ထမြောက် ဝတ္ထုရှည်ဖြစ်သော ဆရာဝန်နှင့် ဆေးလောကနောက်ခံမဟုတ်သည့် **'ချစ်စရာ့အိမ်ကလေး'** ကို ထုတ်ဝေရသည့်အတွက် စာရေးဆရာ၊ စာရေးဆရာ ဖြစ်ချင်သော ကျွန်တော့်ရင်ထဲတွင် ဘယ်လောက် ရင်ခုန်စိတ်လှုပ်ရှား နေမိမည်ဆိုတာကို ပရိသတ်များ ရိပ်မိနိုင်လောက်ပါသည်။

ဆေးပညာလောကနောက်ခံ ဝတ္ထုမဟုတ်သော်လည်း ဝတ္ထုရေးဆရာတို့၏ ထုံးစံအတိုင်း စေတနာတစ်ခုကို အခြေခံခဲ့တာတော့အမှန်ပါ။ စေတနာဆိုတာက စာရေးသူ၏ရင်ထဲတွင် ရှိနေပြီးသား စိတ္တဇသဏ္ဌာန်ကိုလည်း အရင်းတည် ပေါက်ဖွားလာကြတာချည်းပါပဲ။ စိတ္တဇသဏ္ဌာန်ကြီးလေလေ၊ စေတနာကကြီးလေလေ။

**'ချစ်စရာ့အိမ်ကလေး'** သည် ကျွန်တော့်ရင်ထဲတွင် ပေါ်ခဲ့ဖူးသမျှ စိတ္တဇသဏ္ဌာန်တွေထဲက အကြီးဆုံးစိတ္တဇသဏ္ဌာန်ကို အခြေပြုရေးသားခဲ့တာပါ။ ရေးနေ

www.burmeseclassic.com



ရင်းလည်း ရင်ထဲတွင် တနင့်နင့်ခံစားခဲ့ရပါသည်။ ထွက်ပေါ်လာသည့် ဇာတ်လမ်း၏ စေတနာပီပြင်မှု ရှိမရှိကိုတော့ စာဖတ်သူအများ ဆုံးဖြတ်ရမှာပါ။ ကျွန်တော့် ရည်ရွယ်ချက်စေတနာကတော့ 'လက်ာရည်ကျော်' သန္တေတည်ရာ မိခင်မဂ္ဂဇင်း တစ်စောင်ဖြစ်သော Family မဂ္ဂဇင်း၏ ဆောင်ပုဒ်နှင့် သွားတူနေသည်ဟု ခံစားမိ၍ ဤဝတ္ထုကို အခန်းဆက်ဝတ္ထုရှည်အဖြစ် Family မဂ္ဂဇင်းတွင် ထည့်သွင်းခဲ့ပြီး လုံးချင်းဝတ္ထုထုတ်ဝေရန်ကိုလည်း Family မဂ္ဂဇင်းကိုပဲ ခွင့်ပြုခဲ့ပါသည်။

ဇာတ်သိမ်းခန်းက ကျွန်တော့်စေတနာ၏အမြုတေမို့ ယခုမှစ၍ ဖတ်မိသည့် ပရိသတ်အတွက်တော့ ဇာတ်သိမ်းခန်းကို ကြိုသိမထားလျှင် အကောင်းဆုံးဟု မှာချင်ပါသည်။

ဆန္ဒမွန်ဖြင့်
လက်ာရည်ကျော်
၁၄-၃-၂၀၁၁



www.burmeseclassic.com

www.burmeseclassic.com



## စာရေးသူ၏ကိုယ်ရေးအကျဉ်း

အမည်ရင်းမှာ ပါမောက္ခရဲမြင့်ကျော်ဖြစ်သည်။ ၁၉၆၁ ခုနှစ်တွင် ရောဝတီတိုင်း၊ မြန်အောင်မြို့နယ်၊ မြို့မတဲကြီးကုန်းကျေးရွာတွင် အဖဦးတင်ညွန့်၊ အမိဒေါ်မြရီတို့မှ မွေးဖွားခဲ့သည်။

ရန်ကုန်မြို့တွင် ကြီးပြင်းခဲ့ပြီး အ.ထ.က (၁) လမ်းမတော်မှ ၁၉၇၇ ခုနှစ်တွင် အ.ပ.ထ စာမေးပွဲအောင်မြင်၍ အမှတ် (၂) ဒေသကောလိပ် ရန်ကုန်တိုင်းမှ ၁၉၇၉ ခုနှစ်တွင် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး အတတ်ပညာ ဒီပလိုမာရရှိခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် ဆေးတက္ကသိုလ် (၁) ရန်ကုန်မှ ဆေးပညာဘွဲ့ ရရှိခဲ့ပြီးနောက် ဆေးပညာဆိုင်ရာဘွဲ့နှင့် ဒီပလိုမာ (ပြည်တွင်း၊ ပြည်ပ) ရှစ်ခုရရှိခဲ့ပြီး ကလေးအထူးကု ဆရာဝန်ကြီးတစ်ဦး ဖြစ်လာခဲ့သည်။

၁၉၈၁ ခုနှစ်၊ ဆေးတက္ကသိုလ် (၁) ရန်ကုန်နှစ်လည်မဂ္ဂဇင်းတွင် ပါရှိသော **'အချစ်၏ဒုတိယမြောက်အမိပ္ပာယ်'** ဝတ္ထုတိုမှာ လက်ရာရည်ကျော်အမည်နှင့် ပထမဦးဆုံး ပုံနှိပ်ဖော်ပြခံရသော ဝတ္ထုတိုဖြစ်သော်လည်း ဆရာဝန်ဘဝတွင် စစ်ဘက်တာဝန် သုံးနှစ်အပါအဝင် နေရာအနှံ့အပြားသို့ သွားရောက်တာဝန်ထမ်းဆောင်ခဲ့ရခြင်း၊ ယူကေနိုင်ငံသို့ နှစ်နှစ်အပါအဝင် ဘွဲ့လွန်သင်တန်းများ စဉ်ဆက်မပြတ် တက်ရောက်နေခြင်းတို့ကြောင့် စာပေလောကနှင့် အနှစ် ၂၀ ခန့် ဝေးကွာနေခဲ့ရပြီး ၂၀၀၄ ခုနှစ်တွင်မှ နရသုခ၊ သုခချမ်းသာ မဂ္ဂဇင်းတွင် ပါရှိသော **'အချစ်ကိုပင်လျှင်၊ လျှပ်တစ်ပြက်မျှသာ'** ဝတ္ထုတိုနှင့် စာပေလောကထဲသို့ တစ်ခေါက်ပြန် ဝင်ရောက်လာခဲ့သည်။

၂၀၀၇ ခုနှစ်တွင် ထုတ်ဝေခဲ့သော ပထမဦးဆုံးဝတ္ထုရှည် **'ကြိုးကြာတောင်စံစတ်သံ'** မှာ အမျိုးသားစာပေဆု (လုငယ်စာပေ) ချီးမြှင့်ခံခဲ့ရပြီး ယင်းဝတ္ထုကို မြင့်ဦးဦးမြင့်က ဇာတ်ညွှန်းခွဲ၍ စင်ရော်ရုပ်ရှင်ထုတ်လုပ်ရေးမှ ဇာတ်ကားကြီးအဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ရိုက်ကူးရာတွင် ၂၀၀၉ ခုနှစ်အတွက် အကောင်းဆုံးဇာတ်ညွှန်းဆုနှင့် အကောင်းဆုံးဇာတ်ကားဆု အကာယ်ဒမီနှစ်ဆုရရှိခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် ထုတ်ဝေခဲ့သော ဒုတိယဝတ္ထုရှည် **'ဒေါက်တာရွှေသွေးနှင့်မပန်းမွှံ'** မှာ အမျိုးသားစာပေဆု (ဝတ္ထုရှည်) ချီးမြှင့်ခံခဲ့ရသည်။

လက်ရှိကျော် ကလောင်အမည်အပြင် **'ဒေါက်တာရဲ'** ကလောင်ခွဲနှင့်လည်း ကလေးကျန်းမာရေး ပညာပေးစာပေများနှင့် လူငယ်စာပေဆောင်းပါးများ ရေးသားခဲ့သည်။ ယခုအခါ ဆရာသည် ပါမောက္ခ၊ ဌာနမှူး၊ ကလေးအထူးကုဆရာဝန်ကြီးအဖြစ် ဆေးတက္ကသိုလ်မကွေးတွင် တာဝန်ထမ်းဆောင်ရင်း သုတ၊ ရသ စာပေများ စဉ်ဆက်မပြတ် ရေးသားလျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



# စာရေးသူ၏ထုတ်ဝေပြီးသောစာအုပ်များ

**[illegible]**

၁။ ကြိုးကြာတောင်ပံခတ်သံ (၂၀၀၇)
၂။ ဒေါက်တာရွှေသွေးနှင့်မပန်းမှုံ (၂၀၀၉-ပထမအကြိမ်)
(၂၀၁၀-ဒုတိယအကြိမ်)
၃။ နေဝင်အိပ်တန်းတက် (၂၀၁၀)

**[illegible]**

၁။ ပထမအိပ်မက် (၂၀၀၇-ပထမအကြိမ်)
(၂၀၁၀-ဒုတိယအကြိမ်)
၂။ သမားလည်ပြန် (၂၀၀၉)
၃။ သိင်္ဂါရအလှည့် (၂၀၁၀)
၄။ အမြုတေရတနာ (၂၀၁၀)
၅။ နေညိုကမ်းနဖူး (၂၀၁၀)
၆။ ဆရာ့နှလုံးသား (၂၀၁၁)

**[illegible]**

၁။ ကလေးကျန်းမာရေးဆိုင်ရာ အယူအဆအမှားများ (၂၀၀၇)
၂။ ရင်သွေးရတနာကလေးများအတွက် (၂၀၀၇)
၃။ ရင်သွေးတို့ကျန်းမာဖို့ (၂၀၀၈)
၄။ ကလေးနှလုံးရောဂါများအကြောင်း (၂၀၀၈)
၅။ ဒါစိုးရိမ်စရာလားနှင့်စိုးရိမ်စရာများ (၂၀၀၈)
၆။ ကလေးရှေးဦးသူနာပြုစုနည်း (၂၀၀၈)
၇။ စိန်တုံးကြီးများအကြောင်း (၂၀၀၉)

www.burmeseclassic.com

www.burmeseclassic.com

A Happy Family
is but an
Earlier Heaven

# ချစ်စရာ ဝဋ အိမ်ကလေး

( အခန်းဆက် ဝတ္ထုရှည် )

လင်္ကာရည်ကျော်



www.burmeseclassic.com

www.burmeseclassic.com



# A Happy Family is but an Earlier Heaven.

## ၁

ရောဝတီမြစ်ကမ်းနဖူးကို မေးတင်လာသော နေလုံးနီနီကြီးကိုကြည့်၍ ဒုရဲကြပ်ကလေးနေလင်း လက်ကနာရီကို ငုံ့ကြည့်မိသည်။

မနက် ၆း၃၀ နာရီ။ ဒါဆိုလျှင် လွှမ်းအောင်မြင် မကြာခင် ရောက်လာတော့မည်။

လွှမ်းအောင်မြင်က အချိန် သိပ်တိကျသည်။ တစ်ခါမှ နောက်မကျ။ မစော။ ရောဝတီမြစ်ကူးတံတားကြီး၏ မကွေးဘက်ထိပ်ကို လွှမ်းအောင်မြင် စရောက်ချိန်သည် မနက် ၅း၃၀။ သည်ဘက် မင်းဘူးဘက်ခြမ်းထိပ် နေလင်း တာဝန်ကျလေ့ရှိရာ ရဲကင်းတဲကလေးဘက်သို့ ရောက်ချိန်သည် ၆း၃၀။ လမ်းလျှောက်သည့်မြန်နှုန်းပင် အပြောင်းအလဲမရှိချေ။

ပြီးလျှင် နေလင်း၏ ကင်းတဲကလေးဘေးက တံတားလက်ရမ်းမှာ ခြေတင်၍ စကြာလျှော့မည်။ တာဝန်ကျနေသူက နေလင်း ဟုတ်မဟုတ် လှမ်းကြည့်မည်။ ဟုတ်လျှင် လှမ်းခေါ်၍ အာလွှာပသလ္လာပပြောမည်။ ပြီးတော့ မင်းဘူးဘက်ခြမ်း ကမ်းနဖူးက စေတီကလေးပေါ် ဖိနပ်ချွတ်၍ တက်သွားမည်။ ဘုရားဝတ်ပြုမည်။ ပြီးတော့ ပြန်ဆင်းလာ၍ နေလင်းကိုနှုတ်ဆက်ပြီး မကွေးဘက်သို့ ပြန်လျှောက်သွားမည်။ ဒါပဲ။

ဒါ ဘယ်တော့မှ မပြောင်းလဲသည့် လွှမ်းအောင်မြင်၏ နိစ္စဓူဝအလေ့အကျင့်။ တည်လို့နှင့်ပင် လွှမ်းအောင်မြင်ဆိုသည့် အင်တာနက်ဆိုင်ပိုင်ရှင်လူငယ်လေးနှင့် နေလင်းဆိုသည့် ဒုရဲကြပ်ကလေးတို့ ခင်မင်နေတာ သုံးလခန့်ပင် ရှိနေလေပြီ။

နေလင်း တံတားဘက်သို့ မျှော်ကြည့်လိုက်သည်။ ကွက်တိပါပဲ။

အားကစားဝတ်စုံ အထက်အောက် ဆင်တူဝတ်ထားသည့် လွှမ်းအောင်မြင် လမ်းလျှောက်၍လာနေသည်။

*



www.burmeseclassic.com

www.burmeseclassic.com


'ညီလေး… 'အိမ်သတိရ'လူမျိုး ဖြစ်နေပြီလား'

ရေဝတီမြစ်ထဲမှ ဆောင်းတွင်းနှင့် မလိုက်ဖက်လောက်အောင် ကျယ်ပြန့်ပြောလှသည့် သောင်ပြင်ကြီးပေါ်တွင် ထိုးထားသော တဲငယ်ကလေးများ၊ သောင်ပြင်ဘေး ရေကျန်နေသေးသည့်နေရာ မြစ်ကြောကျဉ်းကျဉ်းကလေးထဲမှာ သွားလာနေပြသော မော်တော်ကလေးများကို ငေးကြည့်ရင်း တိတ်ဆိတ်ငြိမ်သက်နေသည့် လွမ်းအောင်မြင်ကို နေလင်းက စလိုက်သည်။

လွမ်းအောင်မြင်က လှည့်ကြည့်၍ ရယ်သည်။

'ဟုတ်တယ် ကိုနေလင်းရ'

'ပြန်လေကွာ၊ တောင်ငူကို တစ်ခါတလေ'

လွမ်းအောင်မြင်က ခေါင်းညိတ်ပြသည်။

'ပြန်မှာပါ၊ မကွေးက တက္ကသိုလ်တွေ ကျောင်းပိတ်၊ ဆိုင်လည်း လူရှင်းတဲ့ ဒီဇင်ဘာလလောက်ဆို ပြန်မှာ၊ နည်းနည်းပဲ လိုတော့တာပဲ'

နေလင်းက ခေါင်းတဆတ်ဆတ်ညိတ်သည်။

'ဖားသားကြီး၊ မားသားကြီးတွေရော မလာကြဘူးလား'

အသက် ၂၀ ကျော်အရွယ် လူငယ်ကလေးမို့ မိဘရင်ခွင်မှခွဲခွာ၍ တစ်မြို့တစ်ရွာတွင် စီးပွားရေးလာလုပ်နေရလျှင် မိဘ လွမ်းရှာပေလိမ့်မည်ဆိုသည့် စာနာမှုဖြင့် မေးမိသည်။

လွမ်းအောင်မြင်က ခေါင်းမော့၍ တိုးတိုးရယ်သည်။

'ပြန်သွားတာ မကြာသေးပါဘူး၊ ဒါပေမဲ့ ကိုနေလင်းရ'

နေလင်းဘက်သို့ လှည့်ကြည့်၍ ပြုံးပြသည်။

'ကျွန်တော်က အိမ်လွမ်းနေတာတော့ မှန်တယ်၊ ဒါပေမဲ့ မိဘအိမ်ကို လွမ်းနေတာတော့လည်း မဟုတ်ဘူး'

'ဟေ…'

ရုတ်တရက် အံ့သြဟန်ပြပြီးမှ နေလင်း သဘောပေါက်ဟန်ဖြင့် ပြုံးသွားသည်။

'လက်စသတ်တော့ ရည်းစားအိမ် လွမ်းနေတာကိုး၊ ဟုတ်လား'

လွမ်းအောင်မြင်က ဟက်ဟက်ပက်ပက် ရယ်သည်။

'ကြံကြံဖန်ဖန် ကိုနေလင်းရယ်၊ ရည်းစားရှိမှတော့ ရည်းစားပဲ လွမ်းတော့မှာပေါ့၊ ရည်းစားနေတဲ့အိမ်ကို သွားလွမ်းစရာလား'

နေလင်းက မလျှော့။

'ပိုးနေတုန်းနေမှာပေါ့ကွာ၊ အဲဒီအိမ်မှာ ကောင်မလေး လှလှကလေးက ရှိ၊ မင်းက အိမ်ဝက ခေါက်ပြန်သံပေး၊ ခြေအေးဝမ်းယောင်လုပ်၊ မစွံသေးသော့ ကောင်မလေးရော


www.burmeseclassic.com

www.burmeseclassic.com


အိမ်ကြီးရောပါလွှမ်း၊ ဟုတ်လား၊ ဒါစဉ်းစားတတ်ဖို့ မင်းတို့လို ဘွဲ့တွေ ဘာတွေ ရစရာ မလိုပါဘူး'

လွှမ်းအောင်မြင်က ရယ်၍ နေလင်း ပခုံးကို လက်တင်သည်။

'ကိုနေလင်း အပြောကောင်းတာ၊ အကင်းပါးတာ ကျွန်တော် သိပြီးသားပါဗျာ၊ ဒါပေမဲ့ ဒီတစ်ခါကတော့ မဟုတ်ဘူးဗျ'

'ဘယ်လိုမဟုတ်တာလဲ'

'အဲဒီအိမ်မှာ ကောင်မလေးလှလှ ကလေးရှိနေတာတော့ အမှန်ပဲ၊ တစ်ယောက် တောင်မဟုတ်ဘူး၊ နှစ်ယောက် ဒါပေမဲ့ ဘယ်သူ့ကိုမှ ကျွန်တော် မပိုးဖူးပါဘူး'

နေလင်း မျက်မှောင်ကြုတ်သည်။

'ဘယ်သူမှ မင်းရည်းစားလည်း မဟုတ်၊ မင်း ပိုးနေတာလည်း မဟုတ်ရင် ဘာကိစ္စ မင်းက ကိုယ့်အိမ်ကိုကျော်ပြီး အဲဒီအိမ် သွားသတိရနေရတာလဲ၊ မင်းနဲ့ အဲဒီအိမ်က ဘယ်လို ပတ်သက်လို့လဲ'

လွှမ်းအောင်မြင်က ဖွဖွရယ်၍ ရောဝတီမြစ်ကြီးဘက်ကို လက်ဝှေ့ယမ်းပြသည်။

'မြစ်ကြီးကို မြင်လို့ပေါ့ဗျာ၊ သူတို့က မောင်နှမသုံးယောက်၊ အကြီးဆုံးက ယမုံ၊ အလတ်က ရော၊ အငယ်က နဒီတဲ့။ ရောက ကျွန်တော့်သူငယ်ချင်း၊ ယောကျ်ားကလေး၊ မမယမုံက ကျွန်တော်တို့ထက် နှစ်နှစ်ကြီးတယ်၊ ညီမလေးနဒီက နှစ်နှစ်ငယ်တယ်၊ သူတို့ နာမည်တွေကြားရင် ကျွန်တော် ရောဝတီမြစ်ကြီးကိုမြင်ရုံနဲ့ အဲဒီအိမ်ကို ဘာလို့သတိရတယ် ရှင်းရောပေါ့'

နေလင်း ခေါင်းတဆတ်ဆတ် ညိတ်သည်။

'နာမည်တွေကတော့ ဆန်းပါ့၊ လှပါ့ကွာ၊ သူတို့မိဘတွေ တော်တော် စိတ်ကူးယဉ် တတ်ပုံပဲ'

လွှမ်းအောင်မြင်က ဖြည်းညင်းစွာ ခေါင်းခါသည်။

'သူတို့မှာ မိဘတွေမရှိကြတော့ပါဘူးဗျာ၊ ကျွန်တော်နဲ့ မသိခင်ကတည်းက ဆုံး သွားကြတယ် ပြောတာပဲ၊ သူတို့ဦးလေးလူပျိုကြီးနဲ့ သူတို့အဒေါ်အပျိုကြီးက မိဘလို စောင့်ရှောက်ထားကြတာ'

နေလင်း စိတ်မကောင်းစွာ စုတ်သတ်မိသည်။

'ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် မင်း သူတို့ကို ဒီလောက်သတိရနေတယ်ဆိုမှတော့ မင်းနဲ့ အဲဒီအိမ်နဲ့ ရင်းရင်းနှီးနှီး ပတ်သက်မှုတစ်ခုကတော့ ရှိမှာပဲ၊ ကဲ… ပြောစမ်း၊ ယမုံနဲ့ နဒီ ဘယ်သူ့ပိုလှသလဲ'

လွှမ်းအောင်မြင် ဟက်ဟက်ပက်ပက် ရယ်သည်။


www.burmeseclassic.com

www.burmeseclassic.com


'ဘယ်သူပိုလှတယ်ဆိုတာ တစိမ့်စိမ့်ကြည့်ပြီး နှိုင်းယှဉ်ခံစားရင်တောင် ရွေးရခက်လောက်အောင် နှစ်ယောက်စလုံး လှကြပါတယ်ဗျာ၊ ဒါပေမဲ့ ကျွန်တော် သတိရတဲ့ အကြောင်းရင်းထဲမှာ အဲဒါ အဓိကမကျပါဘူး'

'ဘာ အဓိကကျသလဲ'

လွှမ်းအောင်မြင် ပြုံးပြန်သည်။

'အဓိကအကျဆုံး အချက်ကတော့ အဲဒီအိမ်ကလေးက သိပ်ချစ်စရာကောင်းတာပဲဗျ။ ကိုင်း…ဆက်လျှောက်လိုက်ဦးမယ်ဗျာ၊ အဲဒီအကြောင်း ဆက်ဆွေးနွေးချင်ရင် ဂျူတီထွက်ရင်ဆိုင်သာ လာခဲ့ပေတော့'

ပြောပြောဆိုဆို လွှမ်းအောင်မြင် စေတီကလေးဘက် ဆက်လျှောက်သွားတော့ နေလင်းတစ်ယောက် မချင့်မရဲနှင့် ကျန်ရစ်ခဲ့ပါသည်။

*

'လွှမ်း' အင်တာနက်ဆိုင်ရှေ့က လက်ဖက်ရည်ဆိုင်တွင် နေလင်းထိုင်ပြီး ၁၅ မိနစ်ခန့်အကြာတွင် မကွေးပညာရေး ကောလိပ်မှ လက်ထောက်မော်ကွန်းထိန်း ဦးအောင်ချစ် ရောက်လာသည်။

'လာ…ဆရာချစ်'

'ဟာ…မောင်နေလင်း၊ တယ်စောပါလား၊ ညက ဂျူတီလား'

'ဟုတ်တယ်၊ အိမ်မပြန်သေးဘဲ လွှမ်းအောင်မြင်ကို လာစောင့်နေတာ၊ ဒီကောင် ဆိုင်မဖွင့်သေးလို့'

ဦးအောင်ချစ်က ဝင်ထိုင်သည်။

'မင်းက အင်တာနက်တွေဘာတွေ ကြည့်မလို့လား'

နေလင်း လက်ဖက်ရည်သီးအောင် ရယ်သည်။

'ခုလတ်တောင် ဘယ်နားနိုပ်ရမယ် မသိပါဘူး ဆရာချစ်ရယ်၊ မနက်က ဒီကောင် လမ်းလျှောက်လာရင်းဆုံတော့ စတ်လမ်းတစ်ပုဒ် တိုးလိုးတန်းလန်း ပြောသွားတာ သိချင်နေတာနဲ့ ဆက်မေးမလို့ လာထိုင်စောင့်နေတာ'

ဦးအောင်ချစ်က စားပွဲထိုးကလေးကို 'ထုံးစံအတိုင်း' ဟု လှမ်းအော်ပြော၍ လက်ညှိုးတစ်ချောင်း ထောင်ပြသည်။

'မင်းတို့ လူပျိုနှစ်ယောက် စိတ်ဝင်စားနေမှတော့ ကောင်မလေးတစ်ယောက်အကြောင်းပဲ ဖြစ်ရမယ်'

'မှားတယ် ဆရာ'

www.burmeseclassic.com

www.burmeseclassic.com



'ဒီ ဘာအကြောင်းတုံး'

'အိမ်ကလေးတစ်လုံးအကြောင်း'

'ဟော…'

ဦးအောင်ချစ် မျက်လုံးပြူးသွားသည်။

အောင်လင်းက မနက်က လွှမ်းအောင်မြင် ပြောပြသောအကြောင်းများကို အတတ်နိုင် ပြန်ခင်းပြသည်။ ဦးအောင်ချစ် ခေါင်းတဆတ်ဆတ်ညိတ်သည်။

'အနံ့ရသဟော့ ကုန်ကြမ်းနံ့ပဲ'

ဦးအောင်ချစ်မှာ စာတိုပေစကလေးများ စဖော်ပြခြင်း ခံနေပြီဖြစ်သော မအောင်မြင် သေးသည့် စာရေးဆရာတစ်ဦး ဖြစ်ပါသည်။

'ကုန်ကြမ်းလိုချင်ရင် ဆရာပါ စောင့်ပေါ့၊ ဟော ပြောရင်းဆိုရင်း လာပါပြီဗျာ'

'လွှမ်း' အင်တာနက်ဆိုင်ရှေ့ သံဘာဂျာတံခါးကို သော့ဖွင့်နေသော 'လွှမ်းအောင်မြင်' ကို လှမ်း၍မြင်ရလေသည်။

*

'တကယ်တော့ အဲဒီအိမ်ကလေးက ကျွန်တော်တို့ အိမ်နောက်ဖေးခြံဘက်မှာ အမြဲရှိနေခဲ့တာဗျ'

လွှမ်းအောင်မြင် စကားစတော့ ဦးအောင်ချစ်ရော၊ နေလင်းပါ စိတ်ဝင်တစားငြိမ်၍ နားထောင်သည်။

'ကျွန်တော်တို့အိမ်က နှစ်ထပ်တိုက် ခံပျဉ်ထောင်အိမ်ကြီးဗျ၊ ခြံက တောတော် လောက်ကျယ်တယ်၊ ဒါပေမဲ့ ခြံနဲ့အိမ်နဲ့ အပြည့်လောက်ပါပဲ၊ မိုလ်မှူးဖိုးကွန်းလမ်းဆိုတာ တောင်ဥက္ကလာ ကြားဖူးမှာပေါ့၊ အဲဒီလမ်းအရှည်ကြီးပေါ်က မျက်နှာစာတန်းမှာ၊ ကျွန်တော် ပြောတဲ့အိမ်ကလေးကတော့ မျက်နှာစာတန်း မကျဘူး၊ ကျွန်တော်တို့အိမ်ဘေး လူသွား လမ်းကလေးကနေ ဝင်သွားရတယ်၊ အိမ်မှာ ကျွန်တော်တို့ညီအစ်ကို သုံးယောက်နေတဲ့ အိပ်ခန်းက အပေါ်ထပ်အနောက်ဘက်ခြမ်းမှာရှိတော့ ကျွန်တော်တို့အခန်း ပြတင်းပေါက် ဖွင့်လိုက်ရင် အဲဒီအိမ်ကလေးကို တန်းပြီးမြင်နေရတယ်၊ အိမ်ကလေးက တစ်ထပ် ထုပ် ထောင်အိမ် အမည်းရောင် သေးသေးကလေးပါ၊ သွပ်အဖြူ မိုး ထားတယ်၊ ခြံကတော့ ကေဝကဲလောက်ပဲ ရှိမယ်၊ ဒါပေမဲ့ အိမ်က သေးသေးကလေး ဆိုတော့ ခြံအကျယ်ကြီး လိုပါဘဲ၊ ခြံထဲမှာ နှင်းဆီခြံကလေးလည်း ရှိတယ်။

ခြံနှစ်ဖက်စလုံးက တော်တော် ကျယ်တော့ အဲဒီအိမ်ကလေးမှာ ဘယ်သူတွေနေကြ တယ်၊ ဘာတွေလုပ်ကိုင်ကြတယ်လည်း ခပ်လှမ်းလှမ်းပဲဆိုတော့ သိမှတ်တာမဲ့ပါဘဲ။ အစီအာ

www.burmeseclassic.com



အဲဒီပြတင်း ပေါက်မှာ ကျွန်တော် သွားသွားငေးနေမိတာက အိမ်ကလေးကို မဟုတ်ဘူး။ အိမ်ကလေးနောက်က ရှခင်းကို။

အိမ်ကလေးနောက်မှာ ရေကန် ကြီးတစ်ကန်ရှိတယ်။ အဲဒီဟိုဘက်မှာ လယ်ကွင်းတွေ။ ဟိုးမိုးကုပ်စက်ဝိုင်းနားမှာတော့ ပဲခူးရိုးမတောင်တန်းကြီးရှိတယ်။ လယ်ကွင်းနဲ့ ရေကန်ကြီး စပ်သွား တဲ့နေရာမှာ ဗျိုင်းကလေးတွေရှိတတ်တယ်။ အဲဒီနောက်ခံနဲ့ကျတော့ အိမ်ကလေး ကလည်း ရောပြီးလှနေတာပေါ့။

အဲသလိုနဲ့ အဲဒီအိမ်ကလေးမှာ ဘယ်သူတွေနေကြတယ်၊ ဘာတွေလုပ်နေကြတယ် ဆိုတာကိုမသိဘဲ ကလေးဘဝကတည်းက ငေးငေးနေမိတာ ကျွန်တော် ငါးတန်းရောက်တဲ့ နှစ်အထိပါပဲ'

*

လွှမ်းအောင်မြင် ငါးတန်းရောက်သည့်နှစ်တွင် အဖြစ်အပျက်နှစ်ခု ဖြစ်ခဲ့သည်။ တစ်ခုက ဖြစ်ရိုးဖြစ်စဉ်။ တစ်ခုက ထူးထူးခြားခြား။

ဖြစ်ရိုးဖြစ်စဉ်ဖြစ်ရပ်ကတော့ လွှမ်းအောင်မြင်၏အမေ ဒေါ်ခင်ခင်မြင့်က လွှမ်း အောင်မြင်၏အဖေ ဦးလွှမ်းမိုးသူကို စိတ်ဆိုးပြီး မိဘများရှိရာ ရန်ကုန်မြို့သို့ ပြန်သွားခြင်း ဖြစ်သည်။

ဖြစ်ရိုးဖြစ်စဉ်ဆိုသည်မှာ လွှမ်းအောင်မြင် လူမှန်းသိတတ်ကတည်းက သည်လို အဖြစ်မျိုး အနည်းဆုံးသုံးခါနှင့် သည်လောက်မဟုတ်သော ရန်ပွဲပေါင်း မရေမတွက်နိုင်အောင် မြင်ဖူးခဲ့ပြီးသားမို့ ဖြစ်သည်။

'ငါ့သားကို ထားခဲ့'

ဦးလွှမ်းမိုးသူက ခြသေ့်ဟောက်သံမျိုးဖြင့် ကြိမ်းဝါးသည်။

'ငါ့သား'ဆိုသည်မှာ သူ့ကိုဆိုလိုခြင်းမဟုတ်ကြောင်းလည်း 'လွှမ်းအောင်မြင်' သိ ပြီးသား။ သိပ်တခုတ်တရ စိတ်ဝင်စားစွာ လှည့်ကြည့်မနေ။

ညီလေး 'လွှမ်းချစ်ခင်'ပေါ့။

ပြတင်းပေါက်က ရှုခင်းကိုသာ ဆက်၍ငေးမောနေမိခဲ့သည်။

'စိတ်ချ... ကျွန်မသားပဲ ကျွန်မခေါ်သွားမှာ'

ဒေါ်ခင်ခင်မြင့်က အံကြိတ်ထားလျက်က ရေရွတ်သည်။

ဒါကိုလည်း လှည့်ကြည့်စရာမလို။

အစ်ကိုကြီး 'လွှမ်းမြင့်မြတ်'ပေါ့။ သည်လိုပဲ အစ်ကိုကြီး ရန်ကုန်ပါသွားနေကျ။ အဲသလို ပါပါသွားရင်းက အစ်ကိုကြီးတစ်ယောက် ရန်ကုန်က မေမေရဲ့မေမေ ဘွားဘွား၏ အသည်းကျော်ကလေးပင် ဖြစ်နေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com


'လွမ်းအောင်မြင်' နားမလည်တာတစ်ခုပဲ ရှိသည်။

အစ်ကိုကြီးက မေမေ့သားဆိုလျှင် ဖေဖေနှင့်ရပြီး မွေးထားတာ မဟုတ်လို့လား။ ညီလေးက ဖေဖေ့သားဆိုလျှင်လည်း မေမေပဲ မွေးထားတာ သူအသိလေ။

သည်ထက်ပိုဆိုးတာက သူ့ကိုရော ဘယ်သူက မွေးထားတာတဲ့လဲ။ စိတ်ရှုပ်စရာ။ ၁၂ နှစ်သားဦးနှောက်က ဉာဏ်မမီပါ။

ကောင်းတာက သည်အတိုင်းသာ ပစ်ထားလိုက်။ အချိန်တန်လျှင် 'မပြုံး' ဆိုသည့် ကရင်မကြီးက သူ့ကို လက်တို့လာခေါ်၍ ထမင်းကျွေးလိမ့်မည်။ မေမေနှင့် အစ်ကိုကြီး က ဆိုက်ကားနှင့် ထွက်သွားလိမ့်မည်။ ဖေဖေက ညီလေးကို ဘိလိယက်ခုံ ခေါ်သွား လိမ့်မည်။

တစ်ပတ်၊ နှစ်ပတ်၊ အလွန်ဆုံး သုံးပတ်ပေါ့။

သူက သည်လိုပဲ ပြတင်းပေါက်ကနေ မြင်နေရသည့် အိမ်ကလေးနှင့် ရွှခင်းကလေး ကို ဆက်ငေးထား။

အချိန်တန်လျှင် ဖေဖေ လာခေါ်လိမ့်မည်။

'သား… အောင်ရေ၊ လာ သား၊ ညီလေးပါ ခေါ်ခဲ့၊ ဖေဖေတို့ ရန်ကုန်သွားရအောင်၊ မေမေနဲ့ အစ်ကိုကြီးကို သွားခေါ်ရအောင်'

ဖေဖေက နည်းနည်းသောက်ထားပြီး ဖြစ်နေလိမ့်မည်။ သို့သော် ကိစ္စမရှိ။ ကားက ဒရိုင်ဘာ မောင်းမှာပဲ။

နေ့တစ်ဝက်ခရီး။

ရန်ကုန်ရောက်လျှင် မေမေက အခန်းထဲက ထွက်မတွေ့ဘဲနေမည်။ အစ်ကိုကြီးက ပြေးထွက်လာမည်။ ဖေဖေက ဖက်ထားမည်။ မျက်ရည်အနည်းငယ် ဝဲမည်။

မေမေရဲ့ ဖေဖေနှင့်မေမေ ဘိုးဘိုး၊ ဘွားဘွားတို့က မျက်နှာထားတည်တည်နှင့် 'မင်းလည်း အပြင်ထွက်တာ၊ အရက်သောက်တာ လျှော့ဦး' ဟု ပြောမည်။

'စိတ်ချပါ ဦးနဲ့ဒေါ်ဒေါ်ရယ်၊ ဦးနဲ့ဒေါ်ဒေါ်လည်း သိပါတယ်၊ သူက ကျွန်တော့်ကို ချစ်ဘဲနဲ့ မိဘပေးစားလို့ ယူရတာဆိုပြီး အမြဲပြောနေပေမဲ့ ကျွန်တော်က သူ့ကို ချစ်လွန်း လို့ သူ့ဆန္ဒကို ဆန့်ကျင်နေမိမှန်းသိလျက်နဲ့ ဦးနဲ့ဒေါ်ဒေါ်ဆီမှာ လာတောင်းယူတာပေါ့၊ သူ လည်း တာကယ့်ကို တာဝန်ကျေတဲ့ ဇနီးကောင်းတစ်ယောက်ပါ၊ အခုက တစ်ယောက် နဲ့တစ်ယောက် နားလည်မှုလွဲကြတာ သက်သက်ပါ'

ဖေဖေက လေသံပျော့ကလေးနှင့် ပြောမည်။ ပြီးတော့ မေမေနှင့် အစ်ကိုကြီး ပြန်ပါလာမည်။ ဒါပဲ။ သည်အဖြစ် အပျက်တွေကရိုးနေပြီမို့ လွမ်းအောင်မြင်၏စိတ်မှာ ဘာမှ မထူးဆန်း။ ဒါက ဖြစ်ရိုးဖြစ်စဉ် အဖြစ်အပျက်။ ထူးထူးခြားခြား ဖြစ်ခဲ့သည့်


www.burmeseclassic.com

www.burmeseclassic.com


အဖြစ်အပျက်ကတော့ လွှမ်းအောင်မြင်မှာ 'ရော'ဆိုသည့် သူငယ်ချင်းတစ်ဦး ရလာခဲ့ခြင်းဖြစ်သည်။

*

'ရော'ဆိုတာ တကယ်တော့ သူလိုကိုယ်လို ၁၂ နှစ်အရွယ် ယောကျ်ားကလေး တစ်ဦးသာ ဖြစ်ပါသည်။ ဘာမှ မထူးခြားပါ။

မူလတန်းကျောင်း တစ်ကျောင်းမှ အခြေခံပညာမူလတန်း အောင်သဖြင့် လွှမ်းအောင်မြင်တို့တက်နေရာ အထက်တန်းကျောင်းသို့ ပဥ္စမတန်းနှစ်ရောက်မှ ပြောင်းလာသူများထဲတွင် ပါလာသူတစ်ဦးသာ ဖြစ်သည်။

လွှမ်းအောင်မြင်ရော ရောပါ အတန်းဖော်များထက် သိသိသာသာ အရပ်မြင့်နေသဖြင့် အတန်းပိုင်ဆရာမက နောက်ဆုံးတန်းတွင် အတူတွဲ၍ နေရာချပေးရာမှ လွှမ်းအောင်မြင်နှင့်ရော သူငယ်ချင်းဖြစ်သွားသည်။

အဲသည်မှာ လွှမ်းအောင်မြင်က ရောကို 'မင်း ဘယ်မှာနေသလဲ'ဟု မေးမိရာက အလွန်ထူးခြားသော တိုက်ဆိုင်မှုကို စတင်သိခဲ့ရခြင်းဖြစ်သည်။

'မင်းတို့အိမ်နောက်က အိမ်ကလေးမှာလေကွာ'

လွှမ်းအောင်မြင် မျက်မှောင်ကြုတ်မိသည်။

'မင်းတို့ ပြောင်းလာတာလား၊ ငါဖြင့် ဘယ်သူ့မှ သတိမထားမိပါဘူး'

ရောက ရယ်သည်။

'ခြံချင်းက ကပ်လျက်ပေမဲ့ ခြံတွေကကျယ်နေတာ မင်း ဘယ်သတိထားမိပါ့မလဲ၊ ငါတောင် မင်း ပြတင်းပေါက်မှာရပ်နေတာ တစ်ခါတလေ မြင်ဖူးလို့သိနေတာ'

'ဒါဆို မင်းတို့နေနေတာ ကြာပြီပေါ့'

'ကြာပေါ့'

လွှမ်းအောင်မြင် မျက်နှာဝင်းလက်သွားသည်။

'အတော်ပဲ၊ ငါ့မှာ သူငယ်ချင်း ရင်းရင်းနှီးနှီး သိပ်ရှိတာ မဟုတ်ဘူး၊ ငါ့အိမ်ကို လာလည်ကွာ'

ရောက ပြုံး၍ မဖြစ်ပါဘူးကွာဟု ဆိုသည်။

'ဘာလို့လဲ'

'မင်း နှင်းဆီပင်တွေ တွေ့တယ် မဟုတ်လား၊ ငါတို့က နှင်းဆီရောင်းတာကွ၊ အိမ်ရောက်ရင် အလုပ်က စောင့်နေတာ၊ ပြီးတော့ မင်းတို့အိမ်ကလည်း ခေတ်ခေတ် ရန်ဖြစ်သံကြားရတယ်၊ မလာရဲပါဘူးကွာ'


www.burmeseclassic.com

www.burmeseclassic.com


လွှမ်းအောင်မြင် ဟက်ဟက်ပက်ပက် ရယ်မိသည်။

'ဒါဆို ငါ လာလည်မယ်'

'ဒါလည်း မဖြစ်ပါဘူး'

'ဘာဖြစ်လို့လဲ'

'ငါ့မှာ အစ်မတစ်ယောက်၊ညီမတစ်ယောက်ရှိတယ်ကွ'

'အောင်မာ... ကြီးကျယ်တဲ့ကောင်'

လွှမ်းအောင်မြင်က ဒေါ်ပွဟန်လုပ်တော့ ရောက ဟက်ဟက်ပက်ပက်ရယ်ပါသည်။

'အလကားစတာပါကွာ၊ မမ 'ယမုံ'က ၁၄ နှစ်၊ ညီမ လေး 'နဒီ'က ၁၀ နှစ်၊ တို့အားလုံး ကလေးပဲ ရှိကြသေးတာ၊ တွန့်တိုစရာ မရှိပါဘူး၊ မင်း မှန်မှန်သာ လာလည်၊ ငါ့ဦးနဲ့ ဒေါ်ဒေါ်ကလည်း သဘောသိပ်ကောင်းတာ'

လွှမ်းအောင်မြင် ကြောင်တက်တက်ဖြစ်သွားသည်။

'ဦးနဲ့ ဒေါ်ဒေါ် ဟုတ်လား'

ရောမျက်နှာက အပြုံးအနည်းငယ် လျော့သွားသည်။

'အေး... တို့မောင်နှမတွေမှာ မိဘတွေ မရှိတော့ဘူးကွ၊ ဦးနဲ့ဒေါ်ဒေါ်က မောင်နှမအရင်းတွေ၊ တို့ ဦးနဲ့ဒေါ်ဒေါ်ဆိုပါတော့ကွာ'

မိဘ မရှိ၊ ညီမရှိ၊ အစ်ကိုမရှိဘဲ အစ်မနှင့် ညီမသာရှိသည့် ရောဘဝနှင့် မိဘလည်းရှိ၊ ညီလည်းရှိ၊ အစ်ကိုလည်းရှိပြီး ညီမနှင့် အစ်မမရှိသည့် မိမိဘဝ ဘယ်ဟာက ပျော်စရာ ပိုကောင်းကြောင်း သိချင်သည့်စိတ်မျိုး လွှမ်းအောင်မြင် ရင်မှာဖြစ်လာသည်။

ရောအိမ်ကို လည်ဖြစ်အောင် သွားလည်ဦးမှ။

*

'ညနေကျတော့ မင်း လိုက်သွားရောလား'

လွှမ်းအောင်မြင်၏စာတ်လမ်းကို စိတ်ဝင်စားနေရင်းက ရုံးတက်ရန်အချိန်လည်း နီးနေသဖြင့် နာရီတကြည့်ကြည့် လုပ်နေသော ဆရာဦးအောင်ချစ်က ဖြတ်မေးသည်။ လွှမ်းအောင်မြင်က လက်ကျန် လက်ဖက်ရည်ခွက်ကို ကုန်အောင်မော့သောက်ရင်း ခေါင်းခါပြသည်။

'မလိုက်ဖြစ်သေးဘူး ဆရာချစ်ရဲ့၊ တကယ်တော့ သူ့အိမ်ကို ကျွန်တော် လိုက်သွားတာ ဆယ်ရာတစ်ပုဒ်ဖတ်ပြီးမှ'

ဒုရဲကြပ်ကလေး နေလင်း မျက်နုံးပင့်သွားသည်။


www.burmeseclassic.com

www.burmeseclassic.com


'ဘာကဗျာလဲ ညီရ'

'ကျွန်တော်က စာဖတ်တာတော့ တော်တော်ဝါသနာပါတယ်လေ၊ လူက ၁၂ နှစ်ဆိုပေမဲ့ ဝတ္ထုတွေ မဂ္ဂဇင်းတွေ အစုံဖတ်နေပြီ၊ အဲဒါ အဲဒီလထုတ်တဲ့ မဂ္ဂဇင်း၊ 'သပြေ' ထင်ပါရဲ့၊ အဲဒီထဲက ကဗျာကလေးတစ်ပုဒ်ကြိုက်လို့ လက်ရေးနဲ့ ကူးထားတာ ကျွန်တော့် စလာစာအုပ် နောက်ဆုံးစာမျက်နှာမှာ ရှိနေတယ်။ ကဗျာက ဒီလို...

ခေါင်းစဉ်က

'စံပယ်ဆို ဖြူမှ'တဲ့။

အဖွေးထည်

အသွေးရယ် စံပယ်ပန်းကိုဖြင့်

ခြယ်ဆန်းမှာစိုး။

အခါကြုံ

စံပယ်ရယ် ပညာစုံပြန်တော့

ဖြူခဲ့ပုံ တစ်ခါကြိုက်ကိုလ

လွှမ်းရှိုက်တိတ်ခိုး... တဲ့။

ရေးတဲ့သူနာမည်က 'လင်္ကာစိုး' တဲ့။

နေလင်းက ၁၂ နှစ်သားတည်းက စိတ်ကူးယဉ်တတ်တဲ့ကောင်ပဲဟု မှတ်ချက်ပေးသည်။ လွှမ်းအောင်မြင်က ပြုံး၍ ခေါင်းခါသည်။

'ဒွေးချိုးကလေးက နဘောတို့တိ တို့တိ ချိတ်ထားတာ အသံလှလို့ရယ်၊ စာသားလေးတွေလှလို့ရယ် ကြိုက်တာပါဗျာ။ အချစ်ကဗျာ ဟုတ်၊ မဟုတ်တောင် မသိပါဘူး'

ဆရာဦးအောင်ချစ်ကတော့ ခေါင်းတဆတ်ဆတ်ညိတ်သည်။

'လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်လောက်ကအထိတော့ 'လင်္ကာစိုး'ရဲ့ ကဗျာတွေ မဂ္ဂဇင်းတွေထဲမှာ ကြိုကြားကြိုကြား ပါနေကျကွ။ ဆရာလည်း သဘောကျလို့ စောင့်ဖတ်ဖူးတယ်။ နောက်ပိုင်း မော်ဒန်တွေ ခေတ်စားလာတော့ ပျောက်သွားတယ်။ ဘယ်ရောက်ပြီး ဘာလုပ်နေတယ် မသိပါဘူး၊ နို့... မင်းစာတ်လမ်းမှာ 'လင်္ကာစိုး'ရဲ့ကဗျာက ဘယ်လိုပတ်သက်နေတာတုန်း'

'အဲဒီကဗျာကို ကျွန်တော် ကူးထားတာကို 'ရော'က တွေ့သွားတယ်လေ၊ [illegible] ကဗျာတွေ စိတ်ဝင်စားလို့လားတဲ့လေ၊ အေး... ငါ ရေးလည်း ရေးတတ်ချင်တယ်လို့ ပြောတော့ ရယ်တယ်၊ အိမ်လိုက်ခဲ့တဲ့၊ ငါ့ဦးနဲ့ မိတ်ဆက်ပေးမယ်တဲ့'

'သူ့ဦးက'

'သူ့ဦးက 'လင်္ကာစိုး'လေ'


www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ချစ် ပါးစပ်အဟောင်းသား ဖြစ်သွားပါသည်။

'လက်ဘိုးဆိုတာ ငါ ကြားပဲကြားဖူးပြီး တစ်ခါမှ မသိဖူးမမြင်ဖူးခဲ့တာ။ လက်စသတ်တော့ မင်းပြောပြမဲ့အိမ်ကလေးက 'လက်ဘိုး'ရဲ့အိမ်ကလေးပေါ့၊ စိတ်ဝင်စားလာပြီကွာ၊ အစရေးထဲမှ ကျောင်းကတက်တော့မယ်'

လွှမ်းအောင်မြင်က ရယ်သည်။

'မနက်ဖြန် ဆုံတာပေါ့ ဆရာရယ်၊ နက်ဖြန် ကျောင်းပိတ်တာပဲ၊ အေးအေးဆေးဆေး ဆက်ပြောကြတာပေါ့၊ ကိုနေလင်းလည်း အားတယ် မဟုတ်လား'

နေလင်းက မချင့်မရဲဖြင့် ခေါင်းညိတ်ပြပါသည်။

*



www.burmeseclassic.com



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



## A Happy Family is but an Earlier Heaven.

# ၂

သည်နေ့တော့ ရုံးပိတ်၊ ကျောင်းပိတ်ရက်ဖြစ်သဖြင့် လွှမ်းအင်တာနက်ဆိုင်ကလေး ညည်ကားလျှက်ရှိသည်။

ဆရာချစ်ခေါ် ဆရာဦးအောင်ချစ်၊ ဒုရဲတပ်ကြပ်ကလေးနေလင်းတို့အပြင် ဆရာချစ်ဆီမှတစ်ဆင့်ကြားဖြင့် အိမ်ကလေးအကြောင်း ဇာတ်လမ်းကို စိတ်ဝင်စားနေသူ ကွိုတီစီ ကျောင်းသားကလေး မောင်ဥက္ကာတို့ပါ အင်တာနက်ဆိုင်ရှေ့ လက်ဖက်ရည်ဆိုင်တွင်ထိုင်၍ လွှမ်းအောင်မြင် ထွက်အလာကို စိတ်မရှည်စွာ စောင့်နေကြသည်။

ခဏနေတော့ လက်ဝါးကလေး တစ်ချက်ထောင်ပြ၍ လွှမ်းအောင်မြင် ထွက်လာသည်။ လက်ဖက်ရည်ဆိုင်က စားပွဲထိုးကလေးကို ထုံးစံအတိုင်း မှော်နေကျအတိုင်း မှော်တတ်သလို မှော်ခဲ့။ ဘာမှမကွန့်နဲ့ဟု နောက်တောက်တောက် လှမ်းမှာပြီး ခုံတစ်လုံးဆွဲ၍ ဝင်ထိုင်ပါသည်။

*

'ရောတို့အိမ် ကျွန်တော် သွားလည်မဲ့နေ့က ညနေ ၅ နာရီလောက် ကျွန်တော် ရေချိုး၊ အဝတ်အစားလဲပြီး အောက်ဆင်းလာတယ်။ မေမေနဲ့ တွေ့တယ်။ မေမေလည်း အပြင်သွားမဲ့ အဝတ်အစားမျိုးတွေနဲ့ပဲ။ ဒါပေမဲ့ ကျွန်တော့်ကိုတော့ အင်္ကျီအသစ် ထုတ်ဝတ်လာလို့ ဆူတယ်'

*

'ဟဲ့ ဘာလို့ အင်္ကျီက ထပ်ထုတ်လာရပြန်တာလဲ၊ မပြုံးတစ်ယောက်တည်း နင်တို့ ညီအစ်ကိုတွေချွတ်သမျှ လိုက်လျှော်နေရတာ ဘယ်လိုလုပ်နိုင်မှာလဲ၊ ရေမချိုးခင်က ဝတ်တာပဲ ပြန်ဝတ်ချင်ဝတ်၊ မဝတ်ရင် သားကြီး မနက်ကချွတ်ပြီးလှန်းထားတဲ့ အင်္ကျီကလေးကိုဝတ်'

www.burmeseclassic.com


လွှမ်းအောင်မြင် နှာခေါင်းရှုံ့ပြသည်။

'မေမေကလည်း ချွေးစော်နံနေပြီ'

'အမယ် ချွေးနံ့မခံနိုင်ရင် ကိုယ့်ဟာကိုယ် လျှော်ပါလား၊ ကျန်တဲ့ညီအစ်ကိုတွေ ဘယ်သူမှ အဲဒီလို ကြေးမများဘူး၊ နင်ကိုက ကြီးကျယ်တယ်၊ သွား သွား အဲဒါ ပြန်ခေါက် ထည့်လိုက်၊ တန်းက အစ်ကို့အင်္ကျီကို ယူဝတ်'

'မေမေ ထားလိုက်တော့၊ သားအင်္ကျီက သားပြန်ဝတ်ထားပြီ'

အစ်ကိုကြီး လွှမ်းမြင့်မြတ်က အပေါ်ထပ်မှ လှမ်းအော်သည်။

'အဲဒါပဲကြည့်၊ သားကြီးက ဘယ်တော့မှ ကြေးမများဘူး၊ အပြင်သွားမှာတောင် ဝတ်ပြီးသား ပြန်ဝတ်တယ်'

'အပြင် ဟုတ်လား'

'အေးလေ ရုပ်ရှင်သွားကြည့် ကြမလို့လေ၊ အကြီးရော အငယ်ရော လဲထားကြပြီးပြီ နင်က မလိုက်ဘူးလား'

'သားမှ မသိတာ'

'ဟဲ့ ဒီလောက်ပြောနေကြတာ၊ မပြုးပါပါတယ်၊ နင့်ဟာနင် ဘာသိဘာသာနေလို့ မသိတာ၊ ကဲ လိုက်မလား၊ မလိုက်ဘူးလား'

'ဘာကားလဲ မေမေ'

အိမ်ရှေ့ပေါက်က ဖေဖေ ဝင်လာသည်။

'ပြရာကား ကြည့်မလို့ကွာ၊ တို့တောင် မသိဘူး၊ မင်းဟာမင်း လိုက်ချင်လိုက် မလိုက်ချင်နေ'

လွှမ်းအောင်မြင် ရင်ထဲတွင် အစာမကြေ။

'မလိုက်တော့ဘူး'

'ဟဲ့ မလိုက်လို့ နင်တစ်ယောက်တည်း ကျန်ခဲ့မှာ'

'ကျွန်တော် နောက်ခြံသွားမလို့၊ နောက်ခြံမှာ သားတို့အတန်းထဲက ကောင်ကလေး ရှိတယ်၊ သားကို လာလည်ဖို့ခေါ်ထားတယ်'

ဦးလွှမ်းမိုးသူ မျက်ခုံး မြင့်တက်သွားသည်။

'နှင်းဆီခြံလား၊ ငါဖြင့် လူနေမှန်းတောင် မသိဘူး'

'ရှင်ကလည်း လူမနေဘဲ နှင်းဆီ ဘယ်သူစိုက်မလဲ'

'ကျွန်တော် သွားတော့မယ်'

'အေး သွား သွား ညဥ့်မနက်နဲ့နော်၊ တို့ပြန်မရောက်ခင် ရောက် အောင်လာ'

www.burmeseclassic.com

www.burmeseclassic.com

ဖေဖေ့ မှာသံ အဆုံးတွင် လွှမ်းအောင်မြင်သည် ရောတို့အိမ်ကလေးဘက်သို့ ခြေလှမ်းဆက်ခဲ့ပါသည်။

*

နှင်းဆီခြံ၏အလယ်တွင် ကွပ်ပျစ်ကလေးတစ်လုံး ရှိနေသည်။

ကွပ်ပျစ်ကလေးပေါ်တွင်တော့ သူ ကြားဖူးခဲ့ပြီးသမျှ အိမ်သားအားလုံး ရှိနေကြပါသည်။

ရောက ထိုင်ရာမှထ၍ သူ့ကို ကြိုဆိုသည်။

'လာ လွှမ်းအောင်မြင်၊ ဒါ ငါ့ဦးနဲ့ ဒေါ်ဒေါ်၊ ဒါ မမယမုံ၊ ဒါ ညီမလေး နဒီ၊ ဒါ ကျွန်တော်ပြောတဲ့ ဟိုဘက်အိမ်က လွှမ်းအောင်မြင်'

ဦးဆိုသည့် ဦးလက်ာစိုးက အသက် ၄၀ ခန့်၊ ပိန်ပိန်ရှည်ရှည်၊ ဆံပင်ကျဲကျဲ။ ဒေါ်ဒေါ်ဆိုသည့် ဒေါ်နွယ်နီစိုးက အသက် ၃၀ ကျော်။ အသားဖြူဖြူ၊ ရုပ်ချောချော၊ ခပ်အေးအေးပုံပါပဲ။

ယမုံနှင့် နဒီကတော့ အရွယ်မရောက်သေးတာတောင် ထင်းနေအောင်လှသည်။ ယမုံက အသားလတ်လတ်၊ နဒီက နှင်းပွင့်ကလေးလို ဖြူဆွတ်နေသည်။

ညီအစ်မနှစ်ယောက် ခွဲမရအောင် တူတာကတော့ မျက်လုံးနှင့် မျက်ခုံးပါပဲ။ ထူထဲသော မျက်ခုံးများအောက်မှာ ရှည်လျားသော မျက်တောင်များ အနားသတ်ကွပ်ထားသည့် တောက်ပသော မျက်ဝန်းများရှိကြသည်။ မျက်လုံးသိပ်လှသော ညီအစ်မနှစ်ယောက် ဆိုပါစို့။

ဦးမှအစ တစ်အိမ်လုံးက လွှမ်းအောင်မြင်ကို ဖော်ရွေစွာပြုံးပြ၍ ခေါင်းညိတ် အသိအမှတ်ပြုကြသည်။

ဦးကတော့ စားလက်စ လက်ဖက်သုပ်ပန်းကန်ကို ကွပ်ပျစ်ပေါ်ပြန်ချရင်းက လွှမ်းအောင်မြင်ကို လှည့်မကြည့်ဘဲ ခပ်တည်တည်ပြောသည်။

'ညီမနဲ့ အစ်မက အပျိုဖြစ်တော့မယ် ရောရယ်၊ သူငယ်ချင်းယောကျ်ားလေးတွေ အိမ်ခေါ်လာစရာလား၊ တော်တော်ခက်တဲ့ကောင်'

လွှမ်းအောင်မြင် မျက်နှာတစ်ခုလုံး ပူနွေးသွားသည်။ လှည့်ပဲ ပြန်ပြေးရတော့မလို၊ ဆင်ပဲထိုင်ရတော့မလို ယောင်ချာချာဖြစ်သွားသည်။ ဒေါ်ဒေါ်ကရယ်၍ ဦးပခုံးကို ပုတ်သည်။

'အစ်ကိုရယ် ကလေးက အစ်ကို့အကြောင်း သိတာမဟုတ်ဘူး၊ အဟုတ်မှတ် နေဦးမယ်၊ လာ သား ထိုင်၊ လက်ဖက်သုပ်စား၊ မင်းတို့ဦးက ကလေးသိပ်ချစ်တတ်တာ၊ သူချစ်ရင်လည်း တစ်ချိန်လုံး စ,နေရော'

www.burmeseclassic.com


လွှမ်းအောင်မြင် နှာခေါင်းရှုံ့ပြသည်။

'မေမေကလည်း ချွေးစော်နံနေပြီ'

'အမယ် ချွေးနံ့မခံနိုင်ရင် ကိုယ့်ဟာကိုယ် လျှော်ပါလား၊ ကျုန်တဲ့ညီအစ်ကိုတွေ ဘယ်သူမှ အဲဒီလို ကြေးမများဘူး၊ နင်ကိုက ကြီးကျယ်တယ်၊ သွား သွား အဲဒါ ပြန်ခေါက် ထည့်လိုက်၊ တန်းက အစ်ကို့အင်္ကျီကို ယူဝတ်'

'မေမေ ထားလိုက်တော့၊ သားအင်္ကျီက သားပြန်ဝတ်ထားပြီ'

အစ်ကိုကြီး လွှမ်းမြင့်မြတ်က အပေါ်ထပ်မှ လှမ်းအော်သည်။

'အဲဒါပဲကြည့်၊ သားကြီးက ဘယ်တော့မှ ကြေးမများဘူး၊ အပြင်သွားမှာတောင် ဝတ်ပြီးသား ပြန်ဝတ်တယ်'

'အပြင် ဟုတ်လား'

'အေးလေ ရုပ်ရှင်သွားကြည့် ကြမလို့လေ၊ အကြီးရော အငယ်ရော လဲထားကြပြီးပြီ၊ နင်က မလိုက်ဘူးလား'

'သားမှ မသိတာ'

'ဟဲ့ ဒီလောက်ပြောနေကြတာ၊ မပြုံးပါပါတယ်၊ နင့်ဟာနင် ဘာသိဘာသာနေလို့ မသိတာ၊ ကဲ လိုက်မလား၊ မလိုက်ဘူးလား'

'ဘာကားလဲ မေမေ'

အိမ်ရှေ့ပေါက်က ဖေဖေ ဝင်လာသည်။

'ပြရာကား ကြည့်မလို့ကွာ၊ တို့တောင် မသိဘူး၊ မင်းဟာမင်း လိုက်ချင်လိုက်၊ မလိုက်ချင်နေ'

လွှမ်းအောင်မြင် ရင်ထဲတွင် အစာမကြေ။

'မလိုက်တော့ဘူး'

'ဟဲ့ မလိုက်လို့ နင်တစ်ယောက်တည်း ကျန်ခဲ့မှာ'

'ကျွန်တော် နောက်ခြံသွားမလို့၊ နောက်ခြံမှာ သားတို့အတန်းထဲက ကောင်ကလေး ရှိတယ်၊ သားကို လာလည်ဖို့ခေါ်ထားတယ်'

ဦးလွှမ်းမိုးသူ မျက်ခုံး မြင့်တက်သွားသည်။

'နှင်းဆီခြံလား၊ ငါဖြင့် လူနေမှန်းတောင် မသိဘူး'

'ရှင်ကလည်း လူမနေဘဲ နှင်းဆီ ဘယ်သူစိုက်မလဲ'

'ကျွန်တော် သွားတော့မယ်'

'အေး သွား သွား ညဥ့်မနက်နဲ့နော်၊ တို့ပြန်မရောက်ခင် ရောက် အောင်လာ'


www.burmeseclassic.com

ဖေဖေ့ မှာသံ အဆုံးတွင် လွှမ်းအောင်မြင်သည် ရောတို့အိမ်ကလေးဘက်သို့ ပြေး ထွက်ခဲ့ပါသည်။

*

နှင်းဆီခြံ၏အလယ်တွင် ကွပ်ပျစ်ကလေးတစ်လုံး ရှိနေသည်။

ကွပ်ပျစ်ကလေးပေါ်တွင်တော့ သူ ကြားဖူးခဲ့ပြီးသမျှ အိမ်သားအားလုံး ရှိနေကြ ပါသည်။

ရောက ထိုင်ရာမှထ၍ သူ့ကို ကြိုဆိုသည်။

'လာ လွှမ်းအောင်မြင်၊ ဒါ ငါ့ဦးနဲ့ ဒေါ်ဒေါ်၊ ဒါ မမယမုံ၊ ဒါ ညီမလေး နဒီ၊ ဒါ ကျွန်တော်ပြောတဲ့ ဟိုဘက်အိမ်က လွှမ်းအောင်မြင်'

ဦးဆိုသည့် ဦးလက်ာစိုးက အသက် ၄၀ ခန့်၊ ပိန်ပိန်ရှည်ရှည်၊ ဆံပင်ကျဲကျဲ။ ဒေါ်ဒေါ်ဆိုသည့် ဒေါ်နွယ်နီစိုးက အသက် ၃၀ ကျော်။ အသားဖြူဖြူ၊ ရုပ်ချောချော၊ ခပ် အေးအေးပုံပါပဲ။

ယမုံနှင့် နဒီကတော့ အရွယ်မရောက်သေးတာတောင် ထင်းနေအောင်လှသည်။ ယမုံက အသားလတ်လတ်၊ နဒီက နှင်းပွင့်ကလေးလို ဖြူဆွတ်နေသည်။

ညီအစ်မနှစ်ယောက် ခွဲမရအောင် တူတာကတော့ မျက်လုံးနှင့် မျက်ခုံးပါပဲ။ ထူထဲ သော မျက်ခုံးများအောက်မှာ ရှည်လျားသော မျက်တောင်များ အနားသတ်ကွပ်ထားသည့် တောက်ပသော မျက်ဝန်းများရှိကြသည်။ မျက်လုံးသိပ်လှသော ညီအစ်မနှစ်ယောက် ဆိုပါစို့။

ဦးမှအပ တစ်အိမ်လုံးက လွှမ်းအောင်မြင်ကို ဖော်ရွေစွာပြုံးပြ၍ ခေါင်းညိတ် အသိ အမှတ်ပြုကြသည်။

ဦးကတော့ စားလက်စ လက်ဖက်သုပ်ပန်းကန်ကို ကွပ်ပျစ်ပေါ်ပြန်ချရင်းက လွှမ်း အောင်မြင်ကို လှည့်မကြည့်ဘဲ ခပ်တည်တည်ပြောသည်။

'ညီမနဲ့ အစ်မက အပျိုဖြစ်တော့မယ် ရောရယ်၊ သူငယ်ချင်းယောကျ်ားလေးတွေ အိမ်ခေါ်လာစရာလား၊ တော်တော်ခက်တဲ့ကောင်'

လွှမ်းအောင်မြင် မျက်နှာတစ်ခုလုံး ပူနွေးသွားသည်။ လှည့်ပဲ ပြန်ပြေးရတော့မလို၊ ဝင်ပဲထိုင်ရတော့မလို ယောင်ချာချာဖြစ်သွားသည်။ ဒေါ်ဒေါ်ကရယ်၍ ဦးပခုံးကို ပုတ်သည်။

'အစ်ကိုရယ် ကလေးက အစ်ကို့အကြောင်း သိတာမဟုတ်ဘူး၊ အဟုတ်မှတ် နေဦး မယ်၊ လာ သား ထိုင်၊ လက်ဖက်သုပ်စား၊ မင်းတို့ဦးက ကလေးသိပ်ချစ်တော်တာ၊ သူချစ်ရင်လည်း တစ်ချိန်လုံး စ,နေရော'



www.burmeseclassic.com

သည်တော့မှ ဦးက ရယ်ပြသည်။ သည်တော့မှလည်း လွှမ်းအောင်မြင် နေရထိုင်ရ လွယ်သွားသည်။

ကွပ်ပျစ်မှာ ဝင်ထိုင်တော့ ယမုံက ဘယ်သူမှမနှိုက်ရသေးသော လက်ဖက်သုပ် ပန်းကန်အသစ်တစ်ခု လှမ်းပေးသည်။

'မောင်လေး စား'

'ကျေးဇူးပဲ မမ'

'လွှမ်းအောင်မြင်က ကဗျာသိပ် ဝါသနာပါတာ ဦးရဲ့၊ သူ့စာအုပ်ထဲမှာ ဦး ကဗျာ တစ်ပုဒ် ကူးရေးထားသေးတယ်၊ အဲဒါ သားက အဲဒါ ငါ့ဦးပဲလို့ပြောတော့ ဦးနဲ့ သိပ် တွေ့ချင်နေတာ'

'ဟော'

ဦးက ရေနွေးကြမ်းခွက်ကိုင်လျက်က မျက်လုံးပြူးပြသည်။

'အမာခံပရိသတ်ပဲကွ၊ ဝမ်းသာတယ်ကွာ၊ နေဦး နေဦး'

ဦးက ကွပ်ပျစ်ပေါ်ချထားသော စာအုပ်များကို မွှေနှောက်၍ စာအုပ်တစ်အုပ် ဆွဲယူသည်။ လှန်လှောရှာဖွေပြီး စာမျက်နှာတစ်ခုကို ဖွင့်ပြီးသားအနေအထားနှင့် လွှမ်း အောင်မြင်ဘက်သို့ စာအုပ်လှမ်းပေးသည်။

လွန်ခဲ့သည့် ၁၅ နှစ်၊ အနှစ် ၂၀ လောက်က ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် နှစ်လည်မဂ္ဂဇင်းပါ။ ဦး ဖွင့်ပြထားသည့်စာမျက်နှာတွင် ကဗျာတစ်ပုဒ် ရှိနေသည်။

**'မဝံ့သေး'**

သိစေစိတ်ရည်
ရက်ကြာရှည်၍
နာရီရက်ပေါင်း
လသို့ပြောင်းပြီ
ချစ်ကြောင်းတင်ရေး မဝံ့သေး။
လက်ာစိုး'တဲ့။

'ဟာ ကောင်းလိုက်တာ ဦး ရယ်'

ဦးက တစ်ကိုယ်လုံး သိမ့်သိမ့်ခါအောင် ရယ်သည်။

'ဒါဆို ဦးကို ဝေဖန်တဲ့ ဝေဖန်ရေးဆရာ မှန်တာပေါ့သားရဲ့'

'ခင်ဗျာ'



www.burmeseclassic.com

www.burmeseclassic.com

'အခုက ကာရန်မဲ့ခေတ် မော်ဒန်ခေတ် ရောက်ပြီလေ၊ အဲဒါ ဝေဖန်ရေးဆရာတစ်ယောက်က ဦးကဗျာတွေကို ရှင်းလွန်းလွယ်လွန်းလို့ ငါးတန်းကျောင်းသား ကြိုက်ကဗျာများတဲ့၊ ဆော်ထည့်ထားတာ၊ သားက ကြိုက်တယ်ဆိုတော့ သူပြောတာ မှန်တာပေါ့'

'ဟာ ဦးကလည်း'

လွှမ်းအောင်မြင် ဘာပြန်ပြောရမည်မသိ။ ဦးက ဟက်ဟက်ပက်ပက်ရယ်နေတော့ ဒေါ်ဒေါ်က ဦးကို မျက်စောင်းထိုးသည်။

'ကလေး နေရခက်အောင် မလုပ်ပါနဲ့ အစ်ကိုရယ်၊ ကလေးက အဲဒါတွေ ဘယ်နားလည်မှာတဲ့လဲ'

'ဟ သူ့ကို စနေတာ မဟုတ်ပါဘူးကွာ၊ ရှင်းပြနေတာ၊ သူအားကျတဲ့ ကဗျာဆရာရဲ့နည်းတွေက နေဝင်နေပြီ၊ သူ အခုကစပြီး အဲဒါတွေ လေ့ကျင့်ပြီးတော့ ကြီးလာတော့ ဘယ်စာအုပ်ထဲမှ ရေးလို့ရမှာမဟုတ်တော့ဘူး၊ အဲဒါ နားလည်အောင်ရှင်းပြနေရတာ'

လွှမ်းအောင်မြင် နားမလည် ပါးမလည်နှင့်ပင် နည်းနည်းစိတ်ညစ်သွားသည်။

ရောက ရယ်၍ သူ့ပခုံးကို ပုတ်သည်။

'လာ ငါတို့ ခြံနောက်ဘက်မှာ ဖျင်းတွေသွားကြည့်ရအောင်၊ ဒီအချိန်ဆို နေဝင်တဲ့အရောင်ရယ်၊ လယ်ကွင်းရယ်၊ ဖျင်းတွေရယ် သိပ်လှတာပဲ'

သူငယ်ချင်းနှစ်ယောက်သား ဆင်းရပ်သည်။

'ဟဲ့ သား၊ ကျောင်းအင်္ကျီအဖြူလေး ရွှံ့စင်သွားဦးမယ်၊ ထားခဲ့လေ'

ဒေါ်ဒေါ်က လှမ်းသတိပေးတော့ ရောက ရှပ်အင်္ကျီအဖြူလေးကို ချွတ်သည်။ အောက်က စွပ်ကျယ်လက်ပြတ်ရှိနေသည်။

ချွတ်ထားသော အင်္ကျီဖြူကလေးကို လှမ်းပစ်ပေးတော့ နဒီက ဖမ်းယူသည်။

'နဒီ အဲဒါ ကိုကို့ခုတင်ခြေရင်းက လျှော်မဲ့အဝတ်ပုံထဲ သွားထားလိုက်စမ်းပါ'

'ဟုတ်ကဲ့ ကိုကို'

'နေ နေ ညီမလေး၊ မမကို ပေး၊ မမ တော်ကြာ အဝတ်တွေလျှော်မလို့၊ ထည့်လျှော်လိုက်မယ်'

အင်္ကျီဖြူကလေး ယမုံ့ထံ ရောက်သွားပြန်သည်။

ညီအစ်မနှစ်ဦး မောင်ဖြစ်သူ၏အင်္ကျီကို လက်ဆင့်ကမ်းပေးနေသည်ကို ကြည့်ရင်း လွှမ်းအောင်မြင်၏ရင်ထဲတွင် အမျိုးအမည်မသိသော ဝေဒနာတစ်ခု ပေါ်လာသလို ခံစားနေရသည်။

'လာ'



www.burmeseclassic.com

www.burmeseclassic.com

စရာက ခေါ်သည်။ နှစ်ဦးသား ထွက်လာကြတော့ ဒေါ်ဒေါ်က နောက်မှနေ၍ 'ကန်ကြီးနားအထိ မသွားကြနဲ့နော် သားတို့' ဟု သတိပေးလေသည်။

*

'ဟာ အစ်ကို၊ ကောင်းခန်းလေး မြန်မြန်ပြောပြစမ်းပါ'

ဥက္ကာက စိတ်မရှည်စွာလောတော့ လွှမ်းအောင်မြင်က ဘာလဲကွ ကောင်းခန်းလေး ဟု မေးသည်။

'အစ်ကိုတို့ လူပျို အပျိုဖြစ်တဲ့နောက် ဇာတ်လမ်းကလေးတွေလေ၊ ယမုံနဲ့လား နဒီနဲ့လား'

နေလင်းက ဥက္ကာခေါင်းကို မနာအောင် ထုသည်။

'နောက်ဆုံးမှ လာနားထောင်ပြီး ရမ်းသန်းစွတ်တင်နေတယ်၊ လွှမ်းအောင်မြင်က သူ ဘယ်သူနဲ့မှ ဇာတ်လမ်းမဖြစ်ခဲ့ဘူးလို့ ကြိုပြောထားပြီးသားကွ'

'ဟာဗျာ ဒီအခန်းကလေး စောင့်နေတာ'

လွှမ်းအောင်မြင်က ရယ်သည်။

'ကိုယ်နဲ့ မဖြစ်ခဲ့ပေမဲ့ ကိုယ့်အစ်ကိုနဲ့ ယမုံနဲ့တော့ ဇာတ်လမ်းလို့ ပြောလို့ရမလားပဲ'

ဥက္ကာက လက်ဖျောက်တီးသည်။

'ဟာ လုပ်စမ်းပါ၊ အစ်ကို့ အစ်ကိုအင်္ကျီမလျှော်ဘဲ မြန်မြန်ဝတ်တတ်တဲ့ လူကြီးနဲ့ သိပ်လှတဲ့ ယမုံနဲ့ ဘယ်လိုတွေ့သွားကြတာလဲ'

လွှမ်းအောင်မြင်က ရယ်၍ စကားဆက်သည်။

*

'အဲဒီလိုနဲ့ သူတို့မောင်နှမသုံးယောက်စလုံးနဲ့ ကျွန်တော်နဲ့ပေါင်းပြီး မောင်နှမလေး ယောက်လို ဖြစ်သွားတာ၊ ကျွန်တော်ကလည်း ကိုယ့်အစ်ကိုအရင်း ညီအရင်းတွေထက် သူတို့မောင်နှမတွေကို ပိုခင်သွားတယ်၊ ဦးနဲ့ဒေါ်ဒေါ်ကိုလည်း ကိုယ့်ဦးလေးအရင်း၊ အဒေါ် အရင်းတွေလိုပဲ၊ နီးကလည်းနီးတော့ အားအားနေ သူတို့နှင်းဆီခြံထဲပဲ ရောက်ရောက်နေတာ၊ နှစ်နှစ်လောက် ကြာသွားတယ်၊ သူတို့မိသားစုကလေးကလည်း ကျွန်တော့်ကိုမိသားစုဝင် တစ်ယောက်လို ဆိုပါပဲ။ ရင်းရင်းနှီးနှီး ဆက်ဆံကြတယ်၊ ပျော်ဖို့လည်း သိပ်ကောင်းတယ်၊ ဦးနဲ့ဒေါ်ဒေါ်ပဲ ဖြစ်ဖြစ် သူတို့နဲ့ ကလေးတွေပဲဖြစ်ဖြစ်၊ စကားမပြောတာ၊ အကျင့်ဆိုးတာ၊ အပြစ်တင်တာ ကျွန်တော်ဖြင့် တစ်ခါမှ မတွေ့ဖူးဘူး၊ ဒီလိုနဲ့ပဲ ကျွန်တော်နဲ့ ၁၄ နှစ်



www.burmeseclassic.com

ဖြစ်လာတော့ မမယမုံက ၁၆ နှစ်၊ ၉ တန်းကျောင်းသူဘဝမှာ သိပ်လှလို့ဆိုပြီး ကျောင်းမှာ လူသိများလာတယ်၊ လိုက်ကြတဲ့ကောင်တွေလည်း အများကြီးပါပဲ၊ ဒါပေမဲ့ မမယမုံက အေးတယ်၊ တည်ငြိမ်တယ်၊ စာလိုက်ပေးလည်း ငြင်းလိုက်တာပဲ၊ အတင်းထည့်လိုက်လို့ စာပါလာရင်လည်း ဖတ်မကြည့်ဘဲ ဒေါ်ဒေါ်ကို အပ်လိုက်တာပဲ၊ အဲဒီလို အနေအထိုင် တည်တာကြာတော့ လူတွေက သိလာတယ်၊ သိပ်မလိုက်ရဲကြတော့ဘူး၊ အဲဒီအချိန်ကျမှ ထဖောက်တာ ကျွန်တော့်အစ်ကိုကြီး လွှမ်းမြင့်မြတ်ပေါ့၊ အဲဒီတုန်းက သူက ၁၀ တန်း ကျောင်းသား'

*

'ဟေ့ကောင် ဖိုးအောင်၊ မင်းသူငယ်ချင်း ရောက ယမုံမောင်လေးဆိုဟုတ်လား'

လွှမ်းအောင်မြင် မျက်ခုံးပင့်ကြည့်သည်။

'အင်းလေ၊ ကိုမြတ်ကလည်း သူတို့ ဟိုနောက်ဖေးအိမ်မှာတင် နေနေတာ၊ ကြာပဲ ကြာလှပြီ၊ ဘာထူးဆန်းလို့လဲ'

'မင်းနဲ့ ယမုံရော ခင်လား'

'ခင်ပါတယ်၊ ကိုမြတ်က ဘာလုပ်မလို့လဲ'

လွှမ်းမြင့်မြတ်က မခိုးမခန့်ရယ်သည်။

'ငါ့ကို ညှိုင်းပေးပေါ့ကွ၊ ကောင်မလေးက ဒီလောက်လှတာ'

လွှမ်းအောင်မြင် သက်ပြင်းချသည်။

'မမယမုံက သိပ်အေးတာ၊ ကိုမြတ်က သူ့ကို ကြိုက်လို့လား'

လွှမ်းမြင့်မြတ် ပခုံးတွန့်ပြသည်။

'တစ်ခါ နှစ်ခါပဲ မြင်ဖူးပါတယ်၊ လှတော့ တော်တော်လှသားကွ၊ အထူးသဖြင့် မျက်ခုံးကလေးတွေက တော်တော်လှတယ်၊ ကိုယ်လုံးကလေးကလည်း အရွယ် မရောက် သေးဘူးဆိုပေမဲ့'

'ကိုမြတ်'

လွှမ်းအောင်မြင် ကုန်းအော်သဖြင့် လွှမ်းမြင့်မြတ် အူကြောင်ကြောင်ဖြစ်သွားသည်။ ဘာလဲဟ အလန့်တကြားဟု ပြန်မေးသည်။

'ကိုမြတ် သိတောင်မသိတဲ့ မိန်းကလေး အလကားနေရင်း သွားမနှောင့်ယှက် ပါနဲ့'

လွှမ်းအောင်မြင်က သွားစေ့ထားသောလေသံဖြင့် ပြောသည်။

'နှောင့်ယှက်တာလားကွ၊ စိတ်ဝင်စားတာပဲဟာ'



www.burmeseclassic.com

www.burmeseclassic.com

'သူက စိတ်ဝင်စားမှာ မဟုတ်ဘူး'

'မင်း ဘယ်လိုလုပ်သိသလဲ'

'သူမှ ဘယ်သူ့မှ စိတ်မဝင်စားတာ၊ စာတွေပေးရင်တောင် မဖတ်ဘူး၊ သူ့အဒေါ်ကို ဒီအတိုင်းအပ်တာ'

'အဲဒါက တခြားကောင်တွေလေကွာ၊ အခုက ငါပဲ'

လွှမ်းအောင်မြင်က နှာခေါင်းရှုံ့၍ လွှမ်းမြင့်မြတ်ကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။

'ကိုမြတ်က ဘာမို့လဲ'

'ငါက သူဌေးသားလေကွာ၊ ရုပ်လည်း ဖြောင့်တယ်၊ သူ့ကို အရင်လိုက်တဲ့ လူတွေထဲမှာ ငါ့လောက် မိဘချမ်းသာတဲ့လူ၊ ငါ့လောက် ရုပ်ဖြောင့်တဲ့လူ ပါလို့လား'

ဘုရားရေ။

သူဌေးသားဆိုတာတော့ ထားပါတော့။ သူတို့မိဘတွေက အချမ်းသာကြီး မဟုတ်ပေမဲ့ သူတို့နေသည့်ကျောင်းက ကျောင်းသားမိဘတွေထဲမှာတော့ အချမ်းသာဆုံး ဖြစ်ချင် ဖြစ်မည်။

ရုပ်ဖြောင့်သည်ဟု သူ့ကိုယ်သူ ပြောနေတာကျတော့ ရယ်စရာကောင်းမနေဘူးလား။ ဝက်ခြံခပ်များများ၊ အသားညိုညို၊ အရုပ်ခပ်ပြတ်ပြတ် သူ့အစ်ကိုကို သူငေးကြည့်ရင်း မမယမုံနှင့် ဘယ်လိုမှ တွဲဖက်စဉ်းစား၍ မဖြစ်နိုင်ဖြစ်နေရသည်။

ငြင်းနေလည်း မထူးပါ။

လွှမ်းမြင့်မြတ်အကြောင်း သူ သိသည်။ အမြဲတမ်း သူ အမှန်သမား။ အဲဒီလို အမြဲတမ်း သူအမှန်ဟု ယူဆတတ်သူမို့ သူ့ကို သိပ်ချစ်ကြသည့် သူတို့ မေမေနှင့် ရန်ကုန်က အဘိုးအဘွား၊ အဒေါ် ဦးလေးတွေကလည်း ဝိုင်းပင့်ပေးထားကြသည်။

'သားကြီးက အရွယ်နဲ့မလိုက်ဘူး၊ သိပ်တွေးခေါ်တတ်တာ'

'သူ့အမေ ငယ်ငယ်က လုခဲ့တာတွေအားလုံး သားကြီးက အမွေရတာ၊ သူ့အမေနဲ့ တစ်ထေရာတည်းပဲ'

လွှမ်းအောင်မြင် သက်ပြင်းသာချမိသည်။

'ချမ်းသာရုံ၊ ရုပ်ချောရုံနဲ့တော့ ကိုမြတ်ကို မမယမုံက စိတ်ဝင်စားလိမ့်မယ်လို့ မထင်နဲ့'

'ဘာလို့လဲကွ၊ မိန်းကလေးဆိုတာ ဂုဏ်မက်၊ ငွေမက်တဲ့လူချည်းပဲ၊ သူတို့ အဆင့်အတန်းနဲ့ ငါ့လိုကောင်ဆို နည်းလား'

လွှမ်းအောင်မြင်က လှောင်ရယ်ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com


'သူက ၁၆ နှစ်အရွယ်မှာ ဒီကိစ္စတွေ မစဉ်းစားဘူးဆိုတဲ့ ခံယူချက်မျိုးရှိတဲ့လူ၊ ကိုမြတ်က မိန်းကလေးတွေကို တန်ဖိုးမထားတတ်ဘဲနဲ့တောင် အပျော်တွဲချင်တဲ့လူ၊ အတွေးအခေါ်ချင်းယှဉ်ရင်တောင် သူက မြင့်နေပြီ၊ ကိုမြတ်ကို လှည့်ကြည့်မှာ မဟုတ်ဘူး'

လွှမ်းမြင့်မြတ် မျက်နှာညှိုပုပ်သွားသည်။

'အောင်မာ မင်းက ညီအစ်ကိုချင်း ဘက်ကမနေဘဲ ဟိုဘက်က ဝင်နာနေရအောင် မင်းက ယမုံကို ကြိုက်နေတာလား'

'ကိုမြတ် မမိုက်ရိုင်းနဲ့နော်၊ ကျွန်တော့် အသက် ၁၄ နှစ်ပဲ ရှိသေးတာ၊ ပြီးတော့ ကျွန်တော်တို့က တကယ့်မောင်နှမတွေလိုနေတာ'

လွှမ်းမြင့်မြတ်က ဟက်ဟက်ပက်ပက်ရယ်၍ သူဝတ်ထားသော စပို့ရှပ်ရင်ဘတ်မှ တံဆိပ်စာတမ်းကို ပြသည်။

'ဒီမှာကြည့်၊ ငါဝတ်ထားတဲ့ စပို့ရှပ်၊ YONEXတဲ့၊ အဓိပ္ပာယ် မင်း နားလည်လား၊ "Y" ဆိုတာ ဆေးပညာမှာ ယောကျ်ား တွေရဲ့ သင်္ကေတ၊ "X" ဆိုတာက မိန်းမတွေရဲ့ သင်္ကေတ၊ အဲဒီနှစ်လုံးရဲ့အလယ်မှာ "ONE" ဆိုတာ ရှိတယ်၊ "ONE" ဆိုတာ တစ်၊ ယောကျ်ားနဲ့ မိန်းမကြားထဲမှာ ဆက်သွယ်မှုတစ်ခုပဲ ရှိတယ်တဲ့၊ ဒါပဲ ဟော့ကောင်၊ အပိုတွေ ပဏာယူမနေနဲ့၊ မင်း မငြိုငြင်းပေးလည်း ရတယ်၊ ငါ့ဘာသာ ငြိုငြင်းမယ်'

လွှမ်းမြင့်မြတ် စကားကို အနိုင်နှင့် ပိုင်း၍ ထွက်သွားပါသည်။

*

'မင်းအစ်ကိုက တော်တော်ရင့်တာပဲကွ'

နေလင်းက မခံချင်စွာပြောတော့ ဆရာချစ်က ရယ်သည်။

'ရင့်တာ မဟုတ်ပါဘူးကွာ၊ ၁၇ နှစ် သား တော်တော်များများဟာ ဒီလိုပါပဲ၊ ဘေးက တည့်မတ်ပေးမဲ့လူမရှိရင် တွေးတာခေါ်တာ နည်းနည်းဘေးရောက်တတ်တာပေါ့၊ မင်းတို့လည်း ၁၇ နှစ်လောက်တုန်း က ဒီလိုပဲနေမှာပါ၊ မမှတ်မိကြလို့ဖြစ်မှာပါ'

ဥက္ကာက မခံချင်။

'ဟာ ဆရာချစ်ကလည်း၊ ကျွန်တော် အခုမှ ၁၉ နှစ်ပဲရှိသေးတယ်၊ ၁၇ နှစ်တုန်းက အဲဒီလိုမဟုတ်တာ သေချာပါတယ်၊ ပြီးတော့ ကိုလွှမ်းအောင်မြင်ရဲ့ မမယမုံလည်း ကြည့်၊ ၁၆ နှစ်နဲ့ ဘယ်လောက် ပြည့်ဝတည်ငြိမ်သလဲလို့'

ဆရာချစ်က ခေါင်းတဆတ်ဆတ်ညိတ်သည်။

'လက်ဘစိုးတို့မောင်နှမက မိဘအရင်းတွေသာ မဟုတ်တယ်၊ ကလေးတွေကို စောင့်ရှောက်ပုံပြင်တဲ့နေရာမှာတော့ မိဘအရင်းတွေထက်တောင် သာနေတဲ့ပုံပဲ၊ ငယ်ရွယ်တည်းလို

www.burmeseclassic.com

သူငယ်ချင်းလိုပေါင်းလာကြပြီးမှ အနီးကပ်အကြံပေး ပွဲပြင်နေဟန်တူတယ်၊ ကဲ ဆက်ပါဦး၊ မင်းအစ်ကိုက နောက်တော့ ယမုံကို လိုက်ရောလား'

လွှမ်းအောင်မြင် ခေါင်းခါပြသည်။

'ကျွန်တော့်အစ်ကိုက ညီတွေနဲ့သာ အာကျယ်တာဗျ၊ လက်တွေ့ကျ သတ္တိတော့ သိပ်မရှိဘူး၊ သူလိုက်စကားပြောမယ်ကြံပြီး လိုက်သွားသေးတယ်၊ သူလိုက်လာတာ မလာတာကို လုံးဝအသိအမှတ်မပြုတဲ့ ဟန်ပန်မျိုးလုပ်ထားတဲ့ မမယမုံ မျက်နှာကို မြင်တော့ ဘာမှမပြောရဲဘဲ လှည့်ပြန်လာခဲ့သတဲ့'

နေလင်းက သဘောကျစွာရယ်သည်။

'မင်းက ယမုံကို မေးမကြည့်ဘူးလား'

လွှမ်းအောင်မြင် ခေါင်းခါပြသည်။

'မမေးပါဘူး၊ မတော်လို့ အဲဒါ ကျွန်တော့်အစ်ကိုဆိုတာ ကျွန်တော်ပြောမှ သိသွားတာဆိုရင် ကျွန်တော်ပါ နေရခက်မှာပေါ့'

'ဇာတ်လမ်းပြတ်သွားရောလား'

နေလင်းက မေးသည်။

'အဲဒီတုန်းကတော့ ပြတ်သွားတာပေါ့ဗျာ၊ ဒါပေမဲ့ ကျွန်တော့်အစ်ကိုက အဲဒီနှစ် ၁၀ တန်းကျတယ်ဗျ၊ မမယမုံက ကိုးတန်းအောင်လာတော့ ၁၀ တန်းမှာ တစ်တန်းတည်း ဖြစ်သွားတယ်၊ ကျောင်းမှာ က တန်းခွဲမတူပေမဲ့ ကျူရှင်ကျတော့ တစ်တန်းတည်း ပြန်ဆုံကြတယ်၊ အဲဒါနဲ့'

'အစ်ကိုရေ ကွန်နက်ရှင် ပြတ်သွားလို့ဗျာ'

အင်တာနက်ဆိုင်ထဲမှ ထွက်လာသော လူငယ်တစ်ယောက်က လွှမ်းအောင်မြင်ကို ပြောသဖြင့် လွှမ်းအောင်မြင် ပြောလက်စ စကားပြတ်သွားသည်။

'ကဲ သွားလုပ်ပေးလိုက်ဦးမယ်ဗျာ'


လွှမ်းအောင်မြင် ထထွက်သွားတော့ ဆရာချစ်၊ နေလင်းနှင့်ဥက္ကာတို့ မချင့်မရဲနှင့် ကျန်နေခဲ့ကြပါသည်။

*



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

 www.burmeseclassic.com 

# A Happy Family is but an Earlier Heaven.

## ၃

'ကျွန်တော်ပြောတာ ဘယ်ရောက်သွားပြီလဲ'

လွှမ်းအောင်မြင့်က အူကြောင်ကြောင် အမူအယာနှင့်မေးတော့ ရဲကြပ်ကလေး နေလင်းက စိတ်မရှည်စွာနှင့် မင်းအစ်ကိုနဲ့ယမုံ ကျူရှင်မှာ ဆုံကြတဲ့ဆီ ရောက်ပြီလေဟု ပြောသည်။

'နေဦး ကျွန်တော် ဖြတ်မေးဦးမယ်'

ဂီတစီကျောင်းသားကလေး ဉက္ကာက ဖြတ်ဝင်လာသည်။ သည်နေ့တော့ သူ ပြောပြထားသဖြင့် လွှမ်းအောင်မြင့်၏ဇာတ်လမ်းကို စိတ်ဝင်စားစွာ လိုက်လာသော ဂီတစီကျောင်းသူကလေး 'အိမြတ်' လည်း သူတို့ဝိုင်းမှာ ပါလာသည်။

'ဘာလဲဟ'

'လောတယ်ပြောပြော၊ စိတ်မရှည်ဘူးပြောပြော၊ အစ်ကိုကိုယ်တိုင်ရော၊ အဲဒီ အစ်မ ယမုံနဲ့ ဘာဇာတ်လမ်းမှ တကယ်မဖြစ်ခဲ့ဘူးလား'

လွှမ်းအောင်မြင့်က ရယ်သည်။

'ဟ ငါက အဲဒီတုန်းက ၁၄ နှစ် လေကွာ'

'မဟုတ်ဘူးလေဗျာ၊ နောက်တော့ နောက်တော့ ပြောတာ'

'ဉက္ကာ မဖောက်နဲ့ဟာ၊ ငါတို့ ဒီမှာ အစီအစဉ်အတိုင်းပဲ နားထောင်ချင်တယ်'

အိမြတ်က ဝင်ဟောက်သည်။ ဆရာချစ်က အေးလေဟု ဆိုသည်။ လွှမ်းအောင်မြင့် က ပြုံး၍ဆက်ပြောသည်။

'နောက်တော့ ကိုမြတ်က မမယမုံကို စာပေးရောဗျ'

*


www.burmeseclassic.com

www.burmeseclassic.com

လွှမ်းမြင့်မြတ်က စာကြည့်စားပွဲတွင် စာထိုင်ရေးနေသော လွှမ်းအောင်မြင့်၏ ဘေးသို့ရောက်လာပြီး စားပွဲတွင် တင်ပလ္လင် ဝင်ထိုင်လိုက်သည်။

'ဟေ့ကောင် မင်းအစ်ကိုကို ကြည့်စမ်း၊ ဘာပုံလဲ'

ကော်လံနစ်ဖက်ကို မသိမသာ ဆွဲပြနေသော လွှမ်းမြင့်မြတ်ကို လွှမ်းအောင်မြင့်က ခြေဆုံးခေါင်းဆုံး ကြည့်မိသည်။ ခါတိုင်းလိုပါပဲ။ ဘာမှ မထူးခြား။

'ဘာပုံမို့လို့လဲ ကိုမြတ်ရဲ့'

'ကြည်လာတဲ့ပုံလေ၊ ကြည်ပုံပေါ့'

လွှမ်းအောင်မြင့် ခေါင်းရှုပ်သွားသည်။

'ကိုမြတ်က ဘယ်သူနဲ့ကြည်လာလို့လဲ'

လွှမ်းမြင့်မြတ်က တဟားဟား အော်ရယ်သည်။

'ဟ အခုတလော ငါလိုက်နေတာ၊ မင်း မမယမုံပဲ ရှိတာ၊ ယမုံနဲ့ကြည်လာတာ ပေါ့ကွ'

လွှမ်းအောင်မြင့် ဘယ်လိုမှ မယုံနိုင်ပါ။

မမယမုံနှင့် လွှမ်းမြင့်မြတ်။ ဘယ်လိုလုပ် ဖြစ်နိုင်မှာတဲ့လဲ။

'သူက ကိုမြတ်ကို အဖြေပေးလိုက်လို့လား'

'အဲဒီသဘောမျိုးပေါ့ကွာ'

'ဘာလဲ အဲဒီသဘောမျိုးဆိုတာ'

'ငါစာပေးတာ ယူသွားတယ်လေကွာ၊ မကြိုက်ရင် ဘယ်ယူသွားပါ့မလဲကွ၊ ငါ မပြောဘူးလား၊ ငါ့လိုလူတော့ ဘယ်ပြန်မကြိုက်ဘဲ နေပါ့မလဲလို့'

ဘယ်လိုပြောပြော လွှမ်းအောင်မြင့် အတွက်တော့ မမယမုံသည် လွှမ်းမြင့်မြတ် လိုလူမျိုးကို စဉ်းစားဖို့မပြောနှင့်။ အထက်တန်းကျောင်းသူဘဝမှာ သည်လိုကိစ္စမျိုးတွေကို စဉ်းစားလိမ့်မည်ဟုပင် မယုံကြည်။ လက်မခံနိုင်ပါ။

ဆက်ပြောနေသော လွှမ်းမြင့်မြတ်စကားတွေကို မကြားချင်ယောင်ဆောင်၍ အသာ လှည့်ထွက်ခဲ့ပြီး နောက်ဖေးအိမ်ကလေးသို့ လှမ်းခဲ့ပါတော့၏။

*

နှင်းဆီခြံအလယ်က ကွပ်ပျစ်ပေါ်တွင် စာဖတ်နေသောဦးကို တွေ့ရသည်။ လွှမ်း အောင်မြင့်ကိုမြင်တော့ ပြုံး၍ 'လာဟေ့ သား' ဟု ပြောသည်။

လွှမ်းအောင်မြင့်က 'ဦး' ဘေးတွင် ဝင်ထိုင်သည်။

'ဘယ်ကစာလဲ ဦးရဲ့'


www.burmeseclassic.com

www.burmeseclassic.com

ဦးကရယ်၍ စာဖြင့် လွှမ်းအောင်မြင်ခေါင်းကို မနာအောင်ရိုက်သည်။

'ခွေးကောင်လေး၊ ငါ့ကို ဒီအရွယ်နဲ့များ ရည်းစားနဲ့စာပေးစာယူလုပ်နေတယ် ထင်နေလားမသိဘူး'

လွှမ်းအောင်မြင်က ရယ်၍ 'မသိဘူးလေ၊ ဦးကလူပျိုကြီးဆိုတော့ ရည်းစားတော့ ရှိမှာပဲ ထင်တာပေါ့'ဟု ပြောသည်။

'ကဲ ရော့'

ဦးကစာကို လွှမ်းအောင်မြင်ကို လှမ်းပေးသည်။ လွှမ်းအောင်မြင်က အူကြောင်ကြောင် မော့ကြည့်တော့ ရယ်၍ 'ကဗျာပါကွ၊ ဖတ်ကြည့်'ဟု ဆိုသည်။

'အချစ်နဲ့မီး မိတ်ဆက်ခြင်း'တဲ့။
သညာမရှိ၊ သိတော့သိသည်
တွေ့ထိလောင်ညီး၊ အပူသည်းမှ
ဖွဲမီးမငြိမ်းတတ်ပါကြောင်း။ ။
သညာမရှိ၊ သိတော့သိသည်
ထွန်းညှိမသာ၊ မီးမဖြာမှ
မီးစာအရေးကြီးပါကြောင်း။ ။
ဖွဲမီးတစ်ဖက်၊ ကျွမ်းလောင်လျက် က
တစ်ဖက်မီးတိုင်၊ မညှိနိုင်မို့
ချွေးဖြိုင်ဖြိုင်ဖြာ၊ ဆင်းရဲလာခဲ့
သညာမရှိ၊ သိတော့သိသည်
သတိမနို၊ ပညာလိုက
မီးကိုမဆော့သင့်ပါကြောင်း။ ။

လက်ဘဲ့စိုး

'ဟင် ဦးရဲ့ကဗျာက ဦးဆီကို ဘယ်လိုလုပ်ပြီး စာအိတ်နဲ့ ရောက်လာရသလဲ'

ဦးက ရယ်သည်။

'ပယ်လိုက်လို့ပေါ့ကွ၊ မဂ္ဂဇင်းတိုက်က ပြန်ပို့လိုက်တာ'

'ဟင် ဒီလောက်ကောင်းတာကို၊ ပြီးတော့ ဦးက ကလောင်သစ်မှ မဟုတ်တာ'

ဦးက ပြုံးသည်။

'ကလောင်သစ်မဟုတ်သလို၊ ပုံစံသစ်လည်း မဟုတ်တော့ဘူးလေ၊ အခု

www.burmeseclassic.com

မငွခင်းတွေက သည်လိုကဗျာမျိုးတွေ မထည့်သလောက် ဖြစ်နေပြီ၊ အဲဒါကြောင့် ပယ်တာပေါ့၊ ဒီမှာ တောင်းပန်စာကလေးလည်း ပါတယ်၊ မော်ဒန်ကဗျာလေးတွေ ပြောင်းရေးပေးပါတဲ့'

လွှမ်းအောင်မြင်က နှာခေါင်းရှုံ့သည်။

'ဦးက ရေးမလို့လား'

'ရေးရမှာပေါ့ သားရယ်၊ ကဗျာပဲဖြစ်ဖြစ်၊ ဝတ္ထုပဲဖြစ်ဖြစ် အနုပညာပစ္စည်းဆိုတာ မီဒီယာလို့ခေါ်တယ်၊ ကိုယ်ပေးချင်တဲ့ ခံစားချက်၊ ကိုယ်ပြောချင်တဲ့စကားကို လူအများရင်ထဲကိုရောက်အောင် ပို့တဲ့နေရာမှာ သုံးတဲ့ကြားခံပစ္စည်းသက်သက်ပဲ၊ ဒီပုံစံနဲ့ပို့လို့မရရင် ဟိုပုံစံနဲ့ပို့ရမှာပဲ၊ အယူဝါဒတွေ၊ ပုံစံတွေကို ဦးကတော့ သိပ်ပြီး ပုံသေဆုပ်ကိုင်မထားချင်ဘူး'

ဦး၏ကဗျာကို တစ်ခေါက်ပြန်ကြည့်ရင်း လွှမ်းအောင်မြင်ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည်။ မမယမုံတစ်ယောက်များ အရွယ်ငယ်ငယ်နှင့် 'မီး'ကို ကစားချင်နေပြီလား။

'ဦး မမယမုံရော'

'ဟေ'

ဦးက မျက်လုံးပြူးပြသည်။ 'ဘာကိစ္စ ရှောကိုမမေးဘဲ မင်းက ယမုံကို မေးရတာလဲ' ဟု စသည်။

'ဦးကလည်း မေးစရာရှိလို့ပါ'

ဦးက ရယ်သည်။

'ဘုရားစင် ရှင်းနေလေရဲ့ကွာ၊ မင်းသူငယ်ချင်းရှောနဲ့ နဒီက ဒေါ်ဒေါ်နဲ့ ဈေးကိုပါသွားတယ်၊ မင်းစောင့်ရင်း ယမုံနဲ့ ဝင်လုပ်အားပေးချင်ပေး၊ ဦး စိတ်မဆိုးဘူး ဟုတ်လား'

လွှမ်းအောင်မြင်ရယ်၍ ပျဉ်ထောင်အိမ်ကလေးဘက် ထွက်ခဲ့သည်။

*

မမယမုံနှင့်အတူ လွှမ်းအောင်မြင် ဘုရားစင်ကို ကူရှင်းပေးသည်။ ထွေထွေထူးထူးတော့ လုပ်တာတ်စရာမလို။ မမ ယမုံက ဘုရားစင်ရှေ့ စားပွဲငယ်ကလေးပေါ်မှာ ဦးယောက်ထိုင်လျက်က ကမ်းပေးသောပန်းအိုး၊ သောက်တော်ရေခွက် အစရှိသည်တို့ကို လှမ်းယူ၍ ဘေးက စားပွဲတစ်လုံးမှာ စီကာရီကာချပေးရင်း စောင့်နေရုံသာ။

ဘုရားစင်ခန်းဆီးစမှာ တွယ်ကပ်နေသော ပင့်ကူမျှင်များကို ရေစိုအဝတ်နှင့် သုတ်ယူနေသည့် ယမုံကိုကြည့်ရင်း လွှမ်းအောင်မြင်ရင်ထဲတွင် ဟာနေမိသည်။ ဖြူလည်း မဖြူ၊



www.burmeseclassic.com

 www.burmeseclassic.com 

ညိုလည်း မညိုသော အသားအရေသည် သည်မျှထိအောင် လှနိုင်ပါသတဲ့လား။ မှဲ့ခြောက် မပြောနှင့်၊ မှဲ့နီမှဲ့နက်မျှပင်မရှိ ပကတိညီညာသောအရောင်ဖြင့် စိုပြည်ဝင်းလက်နေသော အသားအရေသည် အိမ်နေရင်းဝတ်သည့် တီရှပ်ကလေးနှင့်ပင် ထင်းနေအောင် ပေါ်လွင်နေသည်။

ညိုချောတဲ့။ ဖြူဝင်းမွတ်လျှင်တဲ့။ စာဆိုတော်တွေ ဖွဲ့သွားလိုက်ကြသည့် အလှဘွဲ့တွေ။ သည်လို အစွန်းနှစ်ဖက်၏ အလယ်တည့်တည့်မှာ ညီညာဝင်းမွတ်နေသော အသားအရေပိုင်ရှင်အား စာဆိုတော်တွေ မမြင်ဖူးခဲ့ကြဟန်တူသည်။

သည်လောက်လှသည့် မိန်းကလေးက လိမ္မာယဉ်ကျေးတာကလေးကလည်း ပိုလိုက်သေးသည်။ သူ့အပေါ် အစ်မရင်းချာသဖွယ် ရင်းရင်းနှီးနှီး နွေးနွေးထွေးထွေး ဆက်ဆံတတ်တာကလေးကလည်း ဆောင်းလိုက်သေးသည်။ ရန်ဖြစ်နေတာ၊ စိတ်ကောက်နေတာ၊ စိတ်ညစ်နေကြတာကို တစ်ကြိမ်မျှ မမြင်ဖူးရလောက်အောင်ကို စိတ်ချမ်းသာစရာ ကောင်းသည့် မိသားစုလေးနှင့်ကလည်း တွဲနေလိုက်သေးသည်။

သည်မိန်းကလေးကို တကယ့်အစ်မအရင်းသာ တော်စပ်ခွင့်ရလို့ကတော့ ဘာမှ ဝမ်းနည်းစရာမရှိ။ ခက်သည်က သည်မိန်းကလေးကို သူ့အစ်ကိုလွှမ်းမြင့်မြတ်လို လူမျိုးနှင့် တွဲစဉ်းစားကြည့်ရမှာလည်း ရင်ထဲတွင် ပူချင်၊ အန်ချင်စရာ။

'ဟဲ့ အောင်၊ ဘာငေးနေတာလဲ၊ ယူလေ'

မမယမုံက ပန်းအိုးတစ်လုံး လှမ်းပေးရင်း သတိပေးတော့မှ လွှမ်းအောင်မြင် သတိဝင်လာပြီး ရယ်မိသည်။

'ဆောရီး၊ မမကိုမေးမလို့ စဉ်းစားနေတာ'

'ဘာမေးမလို့လဲ'

လွှမ်းအောင်မြင်က ပန်းအိုးကို စားပွဲငယ်ပေါ် သွားချသည်။

'မမ ကျွန်တော့်အစ်ကို စာပေးတာ ယူသွားတယ်ဆို'

ယမုံက ခဏတွေဝေစဉ်းစားနေပြီးမှ သွားတန်းဖြူဖြူကလေး ပေါ်အောင် ရယ်လိုက်သည်။

'ဟုတ်သားပဲ၊ ဒီနေ့ စာလိုက်ပေးတဲ့ လွှမ်းမြင့်မြတ်က အောင့်အစ်ကိုပဲ၊ ဟုတ်တယ် မမသူ့ကို သိတယ်'

လွှမ်းအောင်မြင်က မျက်နှာပုတ်ပြသည်။

'အစ်ကိုဆိုပေမဲ့ သူနဲ့ကျွန်တော်နဲ့က ပုံစံသိပ်မတူပါဘူး၊ မမက သူ့စာကို ဘာလို့ ယူသွားရတာလဲ'

ယမုံက ဖွဖွရယ်သည်။



www.burmeseclassic.com

'သူက လမ်းပိတ်ပြီး စာပေးတာလေ၊ စာကိုယူမှ လမ်းဖယ်ပေးမှာတဲ့၊ ကဲ ဘယ်လောက်လွယ်သလဲ၊ လမ်းဖယ်ပေးအောင် အကျယ်ကြီး ရန်ဖြစ်စရာ မလိုဘူးပေါ့၊ ယူပြီး ထွက်လာလိုက်ရုံပဲ၊ မမဖြင့် အဲသည့်စာတောင် မဖတ်ဘူး၊ ထုံးစံအတိုင်း ဒေါ်ဒေါ့ကို အပ်လိုက်တာ၊ ဒေါ်ဒေါ့ဆီ မှာ မမအပ်ထားတဲ့စာတွေ တစ်ထုပ်ကြီးပဲလေ'

ကောင်းလိုက်တာ။

ယခုမှ ရင်ထဲ၏ အလုံးကြီး ကျသွားသည်။

'သူက လာကြွားနေတာ မမရဲ့'

'ပြောလိုက်ပါပဟယ်၊ အိပ်မက်တောင် မမက်နဲ့လို့၊ မမက အထက်တန်း ကျောင်းသူဘဝမှာ အဲဒါတွေ လုံးဝမစဉ်းစားသလို စဉ်းစားတတ်တဲ့လူငယ်တွေကိုလည်း သိပ်အထင်သေးတာလို့'

'ဘာတွေ အထင်သေးနေတာလဲ မမရဲ့'

အိမ်ပေါ်တက်လာသော ဧရာက လှမ်းမေးသည်။ နောက်မှာ နဒီလေးလည်း ပါလာသည်။ ဒေါ်ဒေါ်က ခြံထဲတွင် ကျန်ရစ်ခဲ့ဟန် တူသည်။

'အောင့်အစ်ကို လွှမ်းမြင့်မြတ်လေ၊ မမကို နှေ့လယ်က စာလိုက်ပေးလို့'

ဧရာက ဟက်ဟက်ပက်ပက် ရယ်သည်။

'လိမ္မော်သီးမီးဖုတ်လား'

နဒီကလေးကပါ မျက်လုံးကလေး ပိတ်အောင်လိုက်ရယ်တော့ ယမုံက မျက်နှာတည်တည်နှင့် ဟန့်သည်။

'သူများအားနည်းချက်ကို မပြောင်ရဘူးလို့ ဒေါ်ဒေါ် သင်ထားတယ်လေ၊ မောင်လေး ဝင့်လိုက်မှာ မကြောက်ဘူးလား'

လွှမ်းအောင်မြင်က အူကြောင်ကြောင်နှင့် 'ဘာလဲကွ၊ လိမ္မော်သီး မီးဖုတ်'ဟု ဝင်မေးသည်။

'မင်းအစ်ကိုလေကွာ၊ မမကို လမ်းသွားရင် လိုက်လိုက်လူလုံးပြနေတာ ငါတို့ အငယ်တွေလည်း တွေ့နေတာပဲ၊ တို့က သူ့မျက်နှာကြီးက အထွတ်အထွတ်နဲ့ နီနေလို့ လိမ္မော်သီးမီးဖုတ်လို့ ခေါ်တာ'

သူပြောမှ ကိုယ့်ကိုယ်ကိုယ် ရုပ်ချောသည်ဟု ပြောနေသော လွှမ်းမြင့်မြတ်ပုံစံကို ပြန်မြင်ယောင်မိရင်း လွှမ်းအောင်မြင် ရယ်မိသည်။

'ရယ်မနေနဲ့ ငအောင်၊ မင်းအိမ်ဘက် ပြန်ပြေးဦး၊ ဟိုမှာ တိုက်ပွဲပြင်းနေပုံရတယ်၊ ငါတို့ဖြတ်လာတာ အော်သံ၊ ဟစ်သံတွေ ကြားနေတယ်'

လွှမ်းအောင်မြင်က ပခုံးတွန့်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com


'မင်းကလည်း မကြားဖူးတာ ကျလို့'

'မဟုတ်ဘူးဟ၊ ဒီတစ်ခါဆိုးပုံရတယ်၊ မင်းအစ်ကို အိမ်ဘေးမှာ ထွက်ရပ်နေတယ်၊ မျက်နှာတော့ မမြင်ခဲ့ရဘူး၊ ကြည့်ရတာ ရှိုက်ကြီးတငင် ငိုနေပုံပဲ၊ ခါတိုင်းလောက်သာဆို သူလည်း မင်းလိုပဲ အေးအေးဆေးဆေး နေမှာပေါ့'

'ဟုတ်လား၊ အဲဒါဆိုလည်း လစ်လိုက်ဦးမယ်၊ မမရေ သွားပြီနော်'

'သွား သွား မောင်လေး၊ မမပြောတာလည်း နောက်မှပြောတော့နော်၊ သနားပါတယ်'

လွှမ်းအောင်မြင် ဖိနပ်ချွတ်မှ သူ့ဖိနပ်ကို ကမန်းကတန်းပြေးစီးပြီး ဆင်းခဲ့သည်။

*

'ဘာတွေဖြစ်ကုန်တာလဲဟ'

ဆရာချစ်က ဝင်မေးသည်။ လွှမ်းအောင်မြင်က ပခုံးတွန့်ပြသည်။

'အဲသည့်ညက ဘာဖြစ်တယ်ဆိုတာ ဒီနေ့အထိကို ကျွန်တော် သေသေချာချာ မသိခဲ့ရဘူးပြောရမှာပဲ၊ ဖေဖေနဲ့မေမေက ခါတိုင်းလည်း အော်ကြီးဟစ်ကျယ် ရန်ဖြစ်နေကြတာပါပဲ၊ ဒါပေမဲ့ အဲသည်နေ့ကတော့ ဖေဖေ အရက်တွေတော်တော် မူးနေပုံပေါ်တယ်၊ ပန်းကန်တွေလည်း ခွဲထားတာ အများကြီးပဲ၊ မေမေကလည်း ငိုနေတယ်၊ ကိုမြတ်ကလည်း ငိုနေတယ်၊ ကျွန်တော်က ကိုမြတ်ကို တိုးကပ်ပြီး ဘာဖြစ်တာလဲလို့မေးတော့ ငါ့လာမမေးနဲ့၊ မင်းရော ဘာဖြစ်လို့ပြန်လာသလဲ၊ သွား ဟိုဘက်ခြံမှာ သွားနေစမ်းလို့ အော်တယ်၊ အဲဒါ ထူးခြားတာပဲ၊ ကိုမြတ်က နည်းနည်းကြောင်ပေမဲ့ အဲသလောက်တော့ စိတ်မပျော့ဘူး'

'နောက်တော့ မင်းအမေက သူ့ကိုခေါ်ပြီး ဆင်းသွားရောပဲလား'

နေလင်းက မေးသည်။ လွှမ်းအောင်မြင်က ခေါင်းခါပြသည်။

'ဒါလည်း နောက်ထူးခြားမှုတစ်ခုပဲ၊ မေမေ ဒီတစ်ခါ ဆင်းမသွားဘူး၊ အိမ်မှာပဲ ဆက်နေတယ်၊ ဖေဖေနဲ့တော့ တစ်ပတ်လောက် စကားမပြောဘူး၊ ဒါပေမဲ့ တစ်အိမ်တည်းမှာပဲ ဆက်နေတာပဲ၊ ပြီးတော့ နောက်တစ်ခု ထူးခြားတာက ခါတိုင်းရန်ဖြစ်ရင် ဖေဖေက ညီလေးကို ခေါ်ဖက်ထားနေကျ၊ သည်တစ်ခါ ကိုမြတ်ကို အတင်းခေါ်တယ်'

'ဘာဖြစ်လို့လဲ'

အိမြတ်က ဝင်စပ်စုသည်။

'မသိဘူး၊ သားကြီး လာဦး၊ ငါ့သားကြီး လာဦး၊ ငါ့သားကြီး သနားပါတယ်လို့ အော်အော်ခေါ်တယ်၊ ငိုသံပါကြီးနဲ့ ကိုမြတ်ကလည်း မသွားဘူး၊ နံရံကို မှီပြီးငိုနေတယ်'

*

www.burmeseclassic.com

 www.burmeseclassic.com 

'တောက် မင်းကြောင့်၊ မင်းကြောင့်၊ ငါလည်း နွားဖြစ်၊ ငါ့သားကြီးလည်း စိတ်ထိခိုက်ရပြီ'

'အပိုတွေ ပြောမနေနဲ့၊ ရှင် ဘာမှ နွားမဖြစ်ဘူး၊ အရက်တွေသောက်လွန်းလို့ ရူးနေကြောင်နေတာ၊ ခွေးရူးလို မြင်မြင်ရာ လိုက်ကိုက်နေတာ၊ ကျွန်မသိက္ခာကို မစော်ကားနဲ့'

လွှမ်းမြင့်မြတ်ကို ဘာမှမေးမရသည့်အဆုံး လွှမ်းအောင်မြင် လွှမ်းချစ်ခင်ကို လိုက်ရှာသည်။ လွှမ်းချစ်ခင်က ဒေါ်ပြုံးနှင့်အတူ မီးဖိုချောင်ထဲတွင် ငြိမ်ငြိမ်ကလေး ထိုင်နေသည်။ သူကတော့ ငိုမထား။ ဒေါ်ပြုံးကတော့ မျက်လုံးတွေ နီရဲနေသည်။

သူက အိမ်ရှေ့ခန်းဘက် မေးငေါ့ပြတော့ လွှမ်းချစ်ခင်က ပခုံးတွန့်ပြသည်။ သူလည်း ဘာမှမသိဆိုသည့်သဘော။

ဘာဆက်လုပ်ရမှန်း မသိသဖြင့် လွှမ်းအောင်မြင် အပေါ်ထပ် သူတို့အိပ်ခန်းကလေးဆီ တက်လာခဲ့သည်။

သူ့ခုတင်ပေါ် လှမ်းကြည့်လိုက်တော့ 'ဦး'ပေးထားသည့် ကဗျာပေါင်းချုပ် စာအုပ်ကလေးကို သွားတွေ့သည်။

ဟုတ်သားပဲ။ ဦး ပြောဖူးသည်။ သူ စပ်နေကျ လေးလုံးတွေ၊ လေးချိုးတွေ မဟုတ်ဘဲ ခေတ်ပေါ်ကဗျာဆန်ဆန် သူ တစ်ပုဒ်တော့ ရေးဖူးသည်။ အဲသည်စာအုပ်ထဲမှာ ပါသည်။ နာမည်က 'နားဆင်ပါ သက်ဝေ'တဲ့။

လွှမ်းအောင်မြင် အိပ်ရာပေါ် ပက်လက်လှန်ချလိုက်ပြီး ကဗျာစာအုပ်ကလေးကို ဖွင့်သည်။ ခြင်တွေဝဲလာသဖြင့် ခြင်ထောင်ပင် ချလိုက်သေးသည်။ တွေ့ပြီ၊ သည်မှာ။

'နားဆင်ပါ့ သက်ဝေ'

'ဆယ်ခါ့ရံတစ်ခါ၊ အခွင့်ကလေးသာတုန်း
မယုံရင်လှောင်ရယ်ရင်း၊ အပျင်းပြေကလေးပေါ့သက်ဝေ။
ပုံပြင်လို့ ထင်ချင်ထင်၊ အရင်တော့ ပြောပါရစေဦး
ရင်ထဲမှာ သိမ်းထားသရွေ့၊ ငြီးငွေ့ရင်တော့ ဟန့်လိုက်နော်သက်ဝေ။
ဟောဟိုကမိုးပေါ်မှာ၊ လကလေးလည်း သာနေသားပဲ။ ။
မကြားစေ၊ မသိစေ၊ သူငယ်ချင်းတွေကလည်း ဝေးနေသားပဲ။ ။
အပြောမှားရင်တဆိတ်၊ စိတ်တော့ မဆိုးနဲ့ကွာ။
ငါ့အထင်ဆို နင် ဒီလိုပဲ မြင်မှာပါ'


www.burmeseclassic.com

www.burmeseclassic.com



'ဖိုးအောင်'

လွှမ်းမြင့်မြတ်က ဒေါသတကြီး အော်သံကြီး အနားမှာကပ်လျက် ပေါ်လာသဖြင့် လွှမ်းအောင်မြင်က ကဗျာကိုပြီးအောင် ဆက်မဖတ်နိုင်ဘဲ စာအုပ်ကို အလန့်တကြားချ၍ လှည့်ကြည့်မိသည်။

'ဘာလဲ ကိုမြတ်'

'မင်း၊ မင်း အဲဒီစာအုပ်ကို ချထား၊ ဆက်ဖတ်နေရင် မင်းကို ငါဆွဲထိုးမယ်၊ အသေ ထိုးမှာ ဟေ့ကောင်'

လွှမ်းမြင့်မြတ်၏မျက်လုံးများက သူရူးတစ်ယောက်၏ မျက်လုံးများနှင့်တူနေသဖြင့် လွှမ်းအောင်မြင်၏ မခံချင်စိတ်ကို ကြောက်စိတ်က ဖုံးသွားသည်။

'ကိုမြတ်ပဲ ကျွန်တော့်ဟာကျွန်တော် သွားနေဆို'

'မင်းကိုငါ ကိုယ့်ဟာကိုယ်နေလို့ ပြောတာ၊ ဝတ္ထုဖတ်ခိုင်းထားတာ မဟုတ်ဘူး'

လွှမ်းအောင်မြင်က စာအုပ်ကို ထောင်ပြသည်။

'ဝတ္ထုမဟုတ်ပါဘူး၊ ကဗျာစာအုပ်ပါ'

'မရှည်နဲ့'

လွှမ်းမြင့်မြတ်က ကုန်းအော်သည်။

လွှမ်းအောင်မြင် တွန့်ခနဲ ဖြစ်သွားသည်။

'သားကြီးရေ၊ သားကြီး ဖေဖေ့ဆီ လာခဲ့ပါဦးကွာ'

အောက်ထပ်က ဖေဖေ့ဒိုသံပါကြီးနှင့်အသံ ထွက်ပေါ်လာပြန်သည်။ လွှမ်းမြင့်မြတ် မျက်ရည်တွေ တွေတွေကျလာရင်းက 'တောက်' တစ်ချက်ခေါက်၍ အိပ်ခန်းထဲ မှ ပြန်ထွက်သွားသည်။

*

နေလင်းက ရယ်သည်။

'ငါသာ မင်းအစ်ကိုနေရာဆိုလည်း ထိုးမှာပဲ၊ ဘယ့်နှယ့်ကွာ၊ တစ်အိမ်လုံး စိတ် ဆင်းရဲနေရတဲ့အချိန် အေးအေးဆေးဆေး ကဗျာစာအုပ် ထိုင်ဖတ်နေရတယ်လို့'

'ထိုင်မဖတ်ပါဘူး ကိုနေလင်းရ၊ အိပ်ဖတ်တာပါ'

'အစ်ကို စိတ်မဆိုးနဲ့နော်'

အိမြတ်က လက်ညှိုးကလေးတစ်ချောင်းထောင်၍ ဝင်မေးသည်။

'အစ်ကို့မေမေက တစ်ခုခု၊ ဟိုဒင်း အစ်ကို့အဖေ သဝန်တိုလောက်အောင် ရှိခဲ့ဖူး လို့လားဟင်'

www.burmeseclassic.com

www.burmeseclassic.com


လွှမ်းအောင်မြင်က ဖွဖွပြုံး၍ ခေါင်းခါပြသည်။

'မသိဘူး ညီမရယ်၊ အဲသည်နေ့က ဇာတ်လမ်းက အဲသည်မှာ ပြတ်တာပဲ၊ ရှေ့လျှောက်လည်း ဖေဖေနဲ့မေမေက သိပ်ချစ်ချစ်ခင်ခင် မရှိကြပေမဲ့ အဲသလိုစွပ်စွဲတာမျိုးကြီးတွေတော့လည်း မရှိတော့ ပြန်ဘူး၊ အစ်ကိုက ၁၄ နှစ်၊ အစ်ကို သိမီသမျှတော့လည်း ဖေဖေ အဲသလောက် ပေါက်ကွဲစရာ ဘာမှတော့ မရှိဘူး၊ ခက်တာက ဖေဖေက နေ့တိုင်းသောက်နေတာပဲ၊ အဲသည့်တစ်ရက်ပဲ အဲဒါမျိုးတွေ ကြားရတာဆိုတော့ အရက်မူးတာကြောင့်လို့ လို့လည်း ပြောလို့မရပြန်ဘူး၊ အစ်ကိုကတော့ ဘဝမှာ ပြန်မမှတ်မိချင်တော့တဲ့ အချိန်တွေထဲမှာ အဲသည်ညဟာ ထိပ်ဆုံးက ပါတာပဲ၊ တတ်နိုင်ရင် ဦးနှောက်ထဲမှာ အမှောင်ခန်းတစ်ခန်းထား၊ အဲသည့်ညက အဖြစ်အပျက်တွေကိုထည့်၊ သော့ခတ်ပြီး သော့ကိုလွှင့်ပစ်လိုက်ချင်တယ်'

ဥက္ကာက သက်ပြင်းချ၍ ဝင်ပြောသည်။

'ကဲ အစ်ကို၊ အဲဒါတွေ မေ့ထားချင်ထားလိုက်ပါအစ်ကိုရာ၊ ကျွန်တော်ကလည်း မမယမုံအကြောင်းပဲ စိတ်ဝင်စားတာ၊ ဆက်ပြောပြစမ်းပါဦး'

အိမြတ်က မျက်စောင်းထိုး၍ 'ကဲနေရော'ဟု ဆိုသည်။ လွှမ်းအောင်မြင် ကရယ်ကာ 'ကဲ ဆက်ပါမယ်၊ ဆိုင်ထဲကို တစ်ချက်ဝင်ကြည့်လိုက်ပါဦးမယ်'ဟု ဆိုသည်။

'ရတယ် ကိုယ့်လူ၊ ဒီနေ့တော့ ကျောင်းပိတ်တယ်၊ မင်းဇာတ်လမ်းကို စိတ်ရှည်ရှည် စောင့်နားထောင်မယ်၊ ထမင်းစားချိန်ရောက်ရင်တော့ မင်းက ထမင်းပါကျွေး၊ ငါတို့ ဒီက ဘယ်မှမသွားဘဲ စောင့်နေမယ်'

ဆရာချစ်က ဝင်ပြောတော့ လွှမ်းအောင်မြင်ကရယ်၍ 'ရပါတယ် ဆရာရဲ့'ဟု ပြောပြီး အင်တာနက်ဆိုင်အတွင်းသို့ ဝင်သွားသည်။

*


www.burmeseclassic.com


ချစ်စရာ့အိမ်ကလေး - ၃
ဆက်ကာရှည်ကျော်
www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com


## A Happy Family is but an Earlier Heaven.

# ၄

စိမ်းစိုသော ဝါးရုံတောကလေး အလည်တွင် ချထားသော စားပွဲကလေးကိုပတ်၍ လွှမ်းအောင်မြင်၊ နေလင်း၊ ဆရာချစ်၊ ဥက္ကာနှင့် အိမြတ်တို့ ထိုင်နေကြသည်။

'ဟိုင်းကလပ်' စားသောက်ဆိုင်ကလေးက မကွေးမြို့အထွက်တွင်ရှိပြီး ဝါးရုံတောကလေးအသွင် ဖန်တီးထားသဖြင့် အေးမြပြီးနေချင့်စဖွယ်။ အဓိကအားဖြင့်တော့ သီချင်းအကျယ်ကြီး မဖွင့်၊ စင်တင်တေးဂီတမရှိ၊ အရက်သောက်ခွင့် ပေးမထားသည့်အတွက် အေးအေးဆေးဆေး နေ့လယ်စာစားရင်း စကားပြောချင်သည့် လွှမ်းအောင်မြင်တို့ လူသိုက်အတွက် ကွက်တိဖြစ်နေသည်။

စားစရာတွေက ရောက်မလာသေး။

'ဆက်ကွာ၊ လွှမ်းအောင်မြင်'

ဆရာချစ်က စကားစသည်။ လွှမ်းအောင်မြင်က ဘယ်နေရာရောက်သွားပြီလဲဟု ပါးစပ်လှုပ်၍ တိုးတိုး စဉ်းစားသည်။

'အစ်ကိုက ၁၀ တန်း၊ ၁၆ နှစ်'

ဥက္ကာကထောက်တော့ အိမြတ်က မျက်ကလဲဆံပြာ ဝင်ငြင်းသည်။

'ဟဲ့ ၁၄ နှစ် ပါ၊ ရှစ်တန်းလေ'

'နင်ကလည်း အစ်ကို ၁၆ နှစ် လောက်ရောက်မှ စိတ်ဝင်စားစရာကောင်းတာတွေက မြန်မြန်လာမှာ။ နှစ်နှစ်လောက် ကျော်ပစ်လိုက်ရအောင်၊ နို့မို့ မမယမုံအကြောင်းမရောက်ဘဲ သူ့အိမ်တွင်းရေး အဆင်မပြေတာတွေချည်းပဲ ကြားနေရတယ်'

ဆရာချစ်က ဝင်၍လက်ကာပြသည်။

'ငါက အဲဒါတွေ စိတ်ဝင်စားနေတာကွ၊ မင်းတို့လည်း နားထောင်သင့်တယ်၊ သင်ခန်းစာရသလား မမေးနဲ့'


www.burmeseclassic.com

www.burmeseclassic.com


'ဟာ ဆရာချစ်ကလည်း ကျွန်တော်တို့မိဘတွေက အဲသလိုမှ မဟုတ်တာ၊ ကျွန်တော်တို့က ဘာသင်ခန်းစာ ယူရမှာလဲ'

'ဟ၊ ယူရမှာပေါ့ကွ၊ လွမ်းအောင်မြင်ရဲ့မိဘတွေက ချမ်းသာလျက်သားနဲ့ နေ့ရှိသရွေ့ အချင်းချင်းပြဿနာရှာနေကြတော့ လွမ်းအောင်မြင်တို့ခမျာမှာ မိစုံဖစုံနဲ့ ပစ္စည်းဥစ္စာ ရှိလျက်သားနဲ့ ဘဝမှာမပျော်၊ အိမ်ကိုမခင်၊ လက်ာစိုးနဲ့ နှယ်နီစိုးတို့က အပျိုကြီး၊ လူပျိုကြီးတွေဖြစ်ပါလျက်နဲ့ မိဘမဲ့တူ၊ တူမတွေကို စောင့်ရှောက်တာ မိဘပီသလွန်းတော့ မောင်နှမသုံးယောက်စလုံး ချို့တဲ့တဲ့ကြားက ပျော်နေကြတဲ့အပြင် လွမ်းအောင်မြင်ပါ အဲဒီမှာ သွားပျော်နေတာ မင်းတို့ကိုယ်တိုင် မိဘဖြစ်လာတဲ့အခါ အဲဒီဇာတ်လမ်းလေး သတိရဖို့လိုတယ်'

'အင်း ဆရာချစ်ပြောတာလည်း ဟုတ်တာပဲ၊ ကျွန်တော်တောင် အခု နားထောင်ရင်းနဲ့ မိဘကောင်း တော်တော်ဖြစ်ချင်စိတ်ပေါက်လာတယ်၊ ဒါပေမဲ့ ဆရာချစ်ရ၊ အဲဒါတွေ ကျွန်တော်က နားလည်သွားလည်း ကျွန်တော်ယူမဲ့မိန်းမကပါ နားလည်မှဖြစ်မှာ'

ဥက္ကာက တွေးတွေးဆဆ ပြောသည်။

'ဒါက လွယ်ပါတယ်ကွာ'

နေလင်းက ဝင်ပြောသည်။

'ဘယ်လိုလွယ်တာလဲ အစ်ကိုနေလင်းရ'

'ပြန်ပြောပြရ သက်သာအောင် မင်း၊ အိမြတ်ပဲ ယူလိုက်ပေါ့'

အိမြတ်က မျက်နှာကလေးရဲ၍ 'ယူစရာလား ဒီကောင့်ကို'ဟု ရှက်ရမ်းရမ်းတော့ ဥက္ကာက တဟားဟားရယ်၍ 'ကောင်းသားပဲ'ဟု ပြန်ပြောသည်။ အိမြတ်က 'ကောင်းဦး၊ ကောင်းဦး'ဟုဆိုကာ ဥက္ကာကို လက်သီးနှင့်ထုသည်။

'တကယ်တော့ ဥက္ကာပြောတဲ့ နှစ်နှစ်က ကျော်ရမှာပါပဲ၊ ထူးခြားဖြစ်စဉ် သိပ်မရှိဘူးလို့ ပြောရမှာပါပဲ၊ ဖေဖေနဲ့ မေမေလည်း အဲသည်နှစ်နှစ်မှာ သိပ်ရန်မဖြစ်ကြတော့ဘူး'

လွမ်းအောင်မြင်က စပြောတော့ နေလင်းက 'ဘယ်လိုလုပ် တည့်သွားကြတာလဲ'ဟု ဝင်မေးသည်။

'တည့်သွားကြတာတော့ မဟုတ်ဘူး အစ်ကိုရဲ့၊ ရန်ဖြစ်ချိန်မရှိတော့တာ'

'စီးပွားရေး ထပ်တိုးချဲ့လို့လား'

လွမ်းအောင်မြင်က ပြုံး၍ခေါင်းကို ညင်သာစွာခါသည်။

'အိမ်မှာ ဖဲဝိုင်းပေါ်လာလို့ဗျ'

*


www.burmeseclassic.com

www.burmeseclassic.com


ပိုကာဝိုင်းပါ။

ကြေးကြီးနှင့်လောင်းတာမျိုးတော့ မဟုတ်။ ငါးဆယ်၊ တစ်ရာတန်ဝိုင်းမျိုး၊ သူဌေးတွေ အပျော်ကစားကြတာမျိုး ဖြစ်သည်။

ဘယ်ကနေ ဘယ်လိုလူစုမိသွားသည် မသိ။ မြို့ပေါ်က ကုန်သည်ပွဲစား သူဌေး၊ သူဌေးကတော် ၁၀ ယောက်လောက် လွှမ်းအောင်မြင်တို့အိမ်မှာ စုမိသွားသည်။ မအား၍ မလာနိုင်သူတွေ နုတ်လျှင်ပင် တစ်နေ့မှာ ရှစ်ယောက်လောက်တော့ အမြဲရှိသည်။ တစ်ဝိုင်းမှာ ဝင်မကစားနိုင်သူတွေ အများကြီးမို့ အလှည့်ကျပင် ဝင်ကြရသည်။

တစ်ယောက်လုပ်တာကို တစ်ယောက်က အမြဲ လိုက်ကန့်ကွက်နေကြသော လွှမ်းအောင်မြင်၏မိဘနှစ်ဦးသည် ပိုကာဝိုင်းကိစ္စမှာတော့ တော်တော်ကလေး တက်ညီလက်ညီ ရှိကြသည်။

ဖေဖေက ညနေတိုင်း သောက်နေကျအရက်ကိုပင် ပိုကာဝိုင်းမှာ ထိုင်သောက်သည်။ ဒါလည်း ပြဿနာမရှိ။ ခါတိုင်းသောက်နေကျထက်ပင် အတန်ငယ် နည်းသွားသေးသည်။ ပြီးတော့ သူ့လို ထိုင်သောက်သူတွေ သုံးယောက်လောက်တော့ ရှိသည်။

စီးကရက်သောက်သူကတော့ ယောကျ်ားတွေရော၊ မိန်းမတွေပါ အများအပြား၊ သည်တော့ အဲသည့်ဝိုင်းနား သွားလိုက်လျှင် အရက်နံ့၊ စီးကရက်နံ့၊ လူနံ့တို့ရော၍ လုံးနေသည်။

စီးကရက်နံ့ရလျှင် ချောင်းဆိုးတတ်၍ အရက်နံ့ရလျှင် အန်ချင်တတ်သော လွှမ်းအောင်မြင်က ထိုဝိုင်းနား ဘယ်တော့မှ မသွား။ လွှမ်းမြင့်မြတ်ကတော့ သွားရှုံ့သာမက ဖေဖေ့အိမ်ကိုတစ်လှည့်၊ မေမေ့အိမ်ကိုတစ်လှည့်ဝင်၍ ဖဲချပ်ကလေးတွေ ကိုင်ပေးတတ်သေးသည်။ ဖေဖေ အရက်ထငှဲ့သည့်အခါမျိုး၊ မေမေ အမြည်းထလုပ်ပေးသည့်အခါမျိုးတွေမှာပေါ့။

လွှမ်းအောင်မြင်က အိမ်မှာဖဲဝိုင်းရှိတာ မကြိုက်ပါ။ အပျော်ကစားကြတာပဲဆိုပေမဲ့ ဖေဖေ့ကိုအငြိုးရှိသည့် စီးပွားပြိုင်ဘက်တွေက ရဲကိုလက်တို့လိုက်လို့ ဝင်အဖမ်းခံရလျှင် အရှက်တကွဲ ဖြစ်ရချေရဲ့ဆိုတာမျိုးတွေ ခဏခဏတွေး၍ စိတ်မသက်မသာ ဖြစ်တတ်သည်။

တကယ်တမ်းကျတော့လည်း အဲသလိုမျိုး ဘယ်တော့မှ ဖြစ်မလာခဲ့ပါ။ ဖေဖေ့ စီးပွားပြိုင် ဘက်တွေအားလုံး အဲသည့်ဖဲဝိုင်းထဲမှာ ပါနေကြဟန်တူပါရဲ့။

လွှမ်းမြင့်မြတ်ကတော့ မိဘကို အလွန်ချစ်တတ်သော သားကြီးဩရသပီပီ မိဘ 'ပိုကာ'ဆိုလျှင် သူလည်းလိုက် 'ပို ကာ' လိုက်တာပင်။ ၁၀တန်း တစ်နှစ်ကျထားသောသား ပိုကာဝိုင်းထဲ ရောက်နေတာကိုပင် မဟန့်တတ်လေသော မိဘနှင့် စာကျက်ပျင်းသော


www.burmeseclassic.com

လွှမ်းမြင့်မြတ်တို့ တစ်ထပ်တည်း ဟပ်၍ပင်နေချေ၏။ သို့သော် အဲသည့်နှစ်မှာ လွှမ်းမြင့်မြတ် ၁၀ တန်းအောင်သွားပါသည်။

*

အောင်စာရင်းထွက်၍ လွှမ်းမြင့်မြတ် ၁၀ တန်းအောင်ကြောင်း သိရသောအခါ ရန်ကုန်မြို့နေ အဘိုးအဘွားများက လှမ်းခေါ်ပါသည်။ အချစ်ဆုံးမြေးကို သီးခြားဂုဏ်ပြုချင်ဟန်တူပါရဲ့။ လွှမ်းမြင့်မြတ် ရန်ကုန်မှာ တစ်လလောက် သွားနေသည်။

မမယမုံလည်း အောင်သည်။ မြန်မာစာဂုဏ်ထူးပါသည်။ တစ်ကျောင်းလုံးမှာ တစ်ဦးတည်းသော မြန်မာစာဂုဏ်ထူးရှင် မမယမုံကို မြန်မာစာဆရာမက ပတ်ကားဖောင်တိန်တစ်ချောင်း ဆုချသည်။

ဦးဦးနှင့်ဒေါ်ဒေါ်တို့က ခြံထဲတွင် အုန်းနို့ခေါက်ဆွဲချက်ကြသည်။ ပရိသတ်က သိပ်များများစားစားတော့ မဟုတ်။ သူတို့မိသားစုငါးယောက်ရယ်၊ လွှမ်းအောင်မြင့်ရယ်၊ မမယမုံသူငယ်ချင်း လေးငါးယောက်ရယ် ဒါပဲ ဖြစ်သည်။ လွှမ်းအောင်မြင့်တို့အိမ်ဘက်ကိုတော့ ချိုင့်နှင့် ပို့သည်။

'မမ ဘာတက်မှာလဲဟင်'

လွှမ်းအောင်မြင့်ကမေးတော့ ယမုံက လှပစွာပြုံးသည်။

'မြန်မာစာပဲပေါ့ မောင်လေးရယ်၊ တောင်ငူမှာပဲလည်း တက်လို့ရတယ်၊ မမလည်း ဝါသနာပါတယ်၊ ဦးနဲ့ဒေါ်ဒေါ်ကလည်း ဗိုင်းပြပေးနိုင်တယ်'

လွှမ်းအောင်မြင့်က ခေါင်းတဆတ်ဆတ်ညိတ်သည်။

'လွှမ်းမြင့်မြတ်ကရော'

ယမုံကမေးတော့ လွှမ်းအောင်မြင့် မျက်စောင်းထိုးသည်။

'မမက သတိရနေသေး'

ယမုံက သီးမတတ်ရယ်သည်။

'ဟဲ့ အောင်က မမမောင်လေ၊ အောင့်အစ်ကိုဆိုရင် မမအစ်ကိုပဲပေါ့'

'သူကမှ မမကို အဲသလို မရှိုးသားတာ'

မမယမုံကပြုံး၍ ခေါင်းခါသည်။

'အောင့်အစ်ကိုက ရိုးသားပါတယ်'

'ဘယ်လို မမ'

'အောင်ပဲ စဉ်းစားကြည့်လေ၊ လောကကြီးမှာ ရှိရှိသမျှ ၁၇ နှစ်သားတွေထဲမှာ မှန်မှန်ကန်ကန် ပြည့်ပြည့်ဝဝ တွေးတတ်၊ ပြောတတ်၊ နေတတ်တဲ့သူနည်းသလား၊ များသလား'



www.burmeseclassic.com

www.burmeseclassic.com


'နည်းမှာပေါ့ မမရဲ့'

'ဟုတ်တယ် အများစုကတော့ တွေးမှား၊ ပြောမှား၊ ပြုမှားဖြစ်နေကြတာပဲ၊ အထူးသဖြင့် အောင်တို့အိမ်လို စိတ်မဆိုးနဲ့နော် အောင်'

'ဟာ မမကလည်း ဆိုးစရာလား'

'အေး အဲသလိုပတ်ဝန်းကျင်မှာ ကြီးလာရတာ နည်းနည်းတော့ အုကြောင်ကြောင်နိုင်မှာပဲ၊ လူငယ်တွေက အုကြောင်ကြောင်နိုင်တဲ့သူတွေ အများကြီးဆိုပေမဲ့ မသိသာဘူး၊ လူငယ်လည်း လူငယ်အလျောက် ဖုံးတတ်ဖိတတ် ဟန်ဆောင်တတ်ကြတယ်၊ အောင့်အစ်ကိုကြီးက ဟန်မဆောင်တတ်ဘူး၊ ဒါကြောင့် သူ့ကြည့်ရင် အုကြောင်ကြောင်ကြီး ဖြစ်နေတာ၊ ဒါ ကြောင့် မမက သူ့ကိုရိုးသားပါတယ်လို့ပြောတာ'

လွှမ်းအောင်မြင်က ပြုံးသည်။

'မမက သနားနေတာလား'

ယမုံက ရယ်ပြန်သည်။

'နည်းနည်းမှ စိတ်မညွတ်ပါဘူး အောင်ရယ်၊ ငါ့မောင် ကိုယ့်အစ်ကိုကို အထင်သေးနေမှာစိုးလို့ ရှင်းပြရတာ၊ သူ့မှာ အနည်းဆုံး အောင့်ထက်သာတာ တစ်ခုရှိတယ် သိလား'

'ဘာလဲ မမ'

'မိဘကို မျက်စိမှိတ်ချစ်တတ်တာလေ၊ မိဘတွေ ဘာဖြစ်နေဖြစ်နေ၊ ဘာလုပ်နေလုပ်နေ၊ သူ ဘယ်တုန်းကဝေးဝေး သွားဖူးလို့လဲ၊ အောင်က ဟိုမှာ မပျော်ရင် မမတို့အိမ်ဘက်ကို ကူးလာလိုက်တာပဲ မဟုတ်လား'

လွှမ်းအောင်မြင်က နှုတ်ခမ်းစူပြသည်။

'မမကလည်း ကျွန်တော် ဒီလာလာနေတာ မမတို့၊ ဦးတို့အားလုံးကိုချစ်လို့လည်း ပါပါတယ်'

ယမုံက ရယ်သည်။ ယမုံရယ်တာ ကို ငေးကြည့်နေရင်းက သည်လောက်လှသည့် မိန်းကလေးတစ်ယောက်မှာ သည်လောက်မိခင်ဆန်၍ နွေးထွေးသော ရယ်သံကလေး ရှိနေနိုင်ပါလားဟု လွှမ်းအောင်မြင် တအံ့တသြတွေးမိသည်။

'မမတို့ကလည်း အောင့်ကိုမိသားစုဝင်ပဲလို့ သဘောထားပါတယ် အောင်ရယ်၊ ဒါပေမဲ့ ကိုယ့်မိသားစုအစစ်ပေါ်မှာ စိတ်ကုန်တဲ့စိတ်မျိုးတော့ မမွေးမိစေနဲ့ အောင်၊ သူမ်းတွေ အောင့်ကို ဘယ်လောက်ချစ်ချစ် မိရင်းဖရင်းက သားသမီးကို မုန်းနေတုန်း ချစ်တာကို မီမယ်မထင်နဲ့'


www.burmeseclassic.com

www.burmeseclassic.com


အံ့ဩစရာ မမရယ်။ ၁၆ နှစ်သမီးက ဘာလို့ သည်လောက်တောင် ပြည့်ဝနေရတာတဲ့လဲ။

'မမ'

'ရှင်'

'ကျွန်တော်ရော အူကြောင်ကြောင်နိုင်လားဟင် မမ'

ယမုံက ရယ်ပြန်သည်။

'မနိုင်ပါဘူးကွယ်၊ အောင်က အဲဒီလိုပတ်ဝန်းကျင်မှာ ကြီးခဲ့တာချင်းတူပေမဲ့ အောင့်အစ်ကိုနဲ့ မတူတာရှိတယ်လေ၊ အောင်က စာဖတ်တာကိုး၊ စာတွေဖတ်တော့ လူတွေအကြောင်း နားလည်နိုင်တာပေါ့၊ လူတွေအကြောင်းသာ များများနားလည်ရင် လူတွေဟာ အားလုံး ကိုယ့်ခရီးကိုယ် သွားနေကြတဲ့သူတွေချည်းပဲ၊ ပုံသဏ္ဍာန်အမျိုးမျိုး ရှိကြမှာပဲ၊ ကိုယ်နဲ့ လာပတ်သက်မိတဲ့အခိုက်မှာ တချို့ကို ကျေးဇူးတင်ရမှာပဲ၊ တချို့ကို ခွင့်လွှတ်ရမှာပဲ'

လွှမ်းအောင်မြင် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

'တချို့ကို ကျေးဇူးတင်ရမယ်၊ တချို့ကို ခွင့်လွှတ်ရမယ်ဟုတ်လား မမ'

'ဟုတ်တယ်၊ ဘယ်သူ့ကိုမှ အငြိုးအတေး မထားရဘူး၊ ကိုယ့်ကို ကူညီဖူးတဲ့သူ၊ စောင့်ရှောက်ဖူးတဲ့လူ၊ စိတ်ချမ်းသာစေဖူးတဲ့လူအားလုံးကို ကျေးဇူးတင်ရမယ်၊ မှတ်ထားရမယ်၊ ကိုယ့်ကို စိတ်ညစ်အောင် လုပ်ဖူးတဲ့လူအားလုံးကို ခွင့်လွှတ်ရမယ်၊ မေ့ပစ်ရမယ်၊ တဂိုးရဲ့ဂီတဉ္စလီထဲက ကဗျာတစ်ပုဒ်ကို ဦး ဘာသာပြန်စပ်ထားတာ အောင် မှတ်မိတယ် မဟုတ်လား၊ 'အို အနန္တများ ခရီးသွားတို့ အားလုံးကံကောင်းကြပါစေ' ဆိုတာလေ၊ အဲသလိုစိတ်မျိုး ထားရမှာ၊ အထူးသဖြင့် ကိုယ့်မိဘ ဆရာသမားတွေအပေါ်မှာပေါ့'

လွှမ်းအောင်မြင် သက်ပြင်းချသည်။

'မမက ငယ်ငယ်လေးနဲ့ တွေးတတ်လိုက်တာနော်'

ယမုံကပြုံး၍ ခေါင်းခါသည်။

'ဒါ မမတွေးထားတာ မဟုတ်ပါဘူးကွယ်။ ဘုရားဟောပါ။ မေတ္တာသုတ်ရဲ့ အဓိပ္ပာယ်ကို ဆင်ခြင်ကြည့်ရင် ဒီသဘောတွေပါပဲ။

*

'တောက်'

ဥက္ကာက တောက်တစ်ချက်ခေါက်ပြီးမှ ဆရာချစ်ဘက်သို့လှည့်၍ ခေါက်အုပ်ချီပြီး 'ကန်တော့နော် ဆရာ'ဟု ပြောသည်။


www.burmeseclassic.com

www.burmeseclassic.com

'ဘာဖြစ်တာလဲဟ'

'ရင်နာလို့ ဆရာရယ်၊ ကျွန်တော့်မှာကျတော့ ဘာလို့ အဲသလောက်လှပြီး အဲသလောက် လိမ္မာယဉ်ကျေးတဲ့ မမမျိုးလေး မရှိရတာလဲလို့၊ ရှိရင် ကျွန်တော်ဖြင့် ဖူးဖူး မှုတ်ပြီး ကာကွယ်စောင့်ရှောက်ထားမှာ'

လွှမ်းအောင်မြင်ကရယ်၍

'ငါ့မှာလည်း မရှိရပါဘူးကွာ'

ဟု ဆိုသည်။

'အစ်ကိုက မရှိပေမဲ့ ဆုံဖူးလိုက်သေးတယ်ဗျ၊ ကျွန်တော့်မှာသာ'

'ဥက္ကာ မနှောက်နဲ့ဟာ၊ ငါ ဘာဆက်ဖြစ်မလဲ သိချင်နေပြီ'

အိမြတ်က ဝင်ဖြတ်သည်။ နေလင်းက 'စားစရာမရောက်ခင် ဆက်ပြောဦးလေ လွှမ်းအောင်မြင်'ဟု ဆိုသည်။

'ကိုမြတ်က ပြန်လာတယ်ဗျ'

'ပြန်လာတော့'

လွှမ်းအောင်မြင်က ရယ်သည်။

'ညနေပိုင်းကြီးရောက်လာတော့လည်း ဖဲဝိုင်းနဲ့ပဲ တွေ့တာပေါ့ဗျာ'

*

'မေမေ'

'ဟင်'

ဒေါ်ခင်ခင်မြင့်က လက်ထဲက ဖဲတစ်ချပ်ကို ညာဘက်ဘေးသို့ ပစ်ချရင်း ထူးသည်။ ဘေးကလူက 'အောင်မလေး၊ ပေးမှပေးပါ့မလားလို့ တစ်ညနေလုံး မျှော်နေရတာ ပေးမဲ့ပေး တော့ အထွေက ဖျက်ထောင် တွဲပြီးပြီ'ဟု ညည်းတွားသည်။

လွှမ်းမြင့်မြတ်က သက်ပြင်းချ၍ ဆက်ပြောသည်။

'ဘွားဘွားက ပြောတယ်'

'ဟယ် လွန်တယ်ဟော့၊ တစ်ညနေလုံး သူချည်းပဲ'

ရှေ့ကလူတစ်ယောက်က ဖဲချပ်များအားလုံး စားပွဲပေါ် ဖြန့်ခင်းလိုက်သည်ကို ကြည့်၍ ဒေါ်ခင်ခင်မြင့်က မြည်တွန်တောက်တီးသည်။

တစ်ဝိုင်းလုံး ပိုက်ဆံဖဲက ဘယ်နှစ်ချပ်၊ ဒေါင်းကြေးက ဘယ်လောက် ရေချက် သံတွေ ဆူညံရှုပ်ရှက်ခတ်နေသဖြင့် လွှမ်းမြင့်မြတ်စိတ်ရှည်ရှည် ထိုင်စောင့်နေရသည်။

'မေမေ ဘွားဘွားက ပြောတယ်'


www.burmeseclassic.com

www.burmeseclassic.com

'အေးလေ ပြောလေ၊ ဘာဖြစ်လဲ'

ဒေါ်ခင်ခင်မြင့်က ဖဲချပ်အသစ်များဆီမှ မျက်နှာမခွာဘဲ မေးသည်။

'သားကို ရန်ကုန်မှာ တက္ကသိုလ်လာတက်ပါလားတဲ့'

'သွားလေ'

ဒေါ်ခင်ခင်မြင့်က အလယ်ပုံက ဖဲတစ်ချပ်ကို ကောက်ယူရင်းဖြေသည်။ လွှမ်းမြင့်မြတ်က နှာခေါင်းရှုံ့၍ ခေါင်းခါသည်။

'သားက မသွားချင်ပါဘူး၊ ဒီမှာပဲတက်ရင်း ဖေဖေ့အလုပ်ကူမလားလို့'

'ဒါလည်း ကောင်းတာပဲ၊ မသွားနဲ့'

'အဲဒါ ဘွားဘွားကိုပြောတော့ ဖေဖေ၊ မေမေတို့နဲ့ တိုင်ပင်ဦးတဲ့'

'အဲဒါဆိုလည်း နှင့်အဖေပဲ မေးတော့၊ ငါတော့ ဒေါင်းပြီ'

'ဟာ ဒေါ်ခင်ခင်မြင့်၊ မြန်လှချေလား၊ ဒီမှာ စီတုန်းရှိသေးတယ်'

'မတူဘူးလေ၊ မနက်ကတည်းက ဘုရားသေသေချာချာ ရှိခိုးထားတာ'

'မိုးကြိုးပစ်နေပါ့မယ်ဗျာ၊ ခင်ဗျားဟာက'

အသံတွေ ဆူညံရှုပ်ယှက်ခတ်နေစဉ် ဦးလွှမ်းမိုးသူ အရက်ခွက်အသစ်ကလေး ကိုင်၍ မီးဖိုချောင်ခန်းထဲမှ ပြန်ထွက်လာသည်။

'ဘာတွေ ဖြစ်နေတာလဲ'

'အဒေါင်းမြန်လို့တဲ့တော်၊ ဒါထက် ဒီမှာ ရှင့်သားက ရန်ကုန်မှာ တက္ကသိုလ် တက်ရမလားတဲ့'

'သားသဘော၊ ကြိုက်တာလုပ်၊ ကဲ ဘယ်အိမ်ဝင်ရမှာလဲ'

လွှမ်းမြင့်မြတ် ခေါင်းကုတ်၍ ထိုင်ရာမှ ထလာခဲ့တော့သည်။

*

'နောက်တော့ မင်းအစ်ကို ဘယ်မှာ တက်ဖြစ်သွားလဲ'

ဆရာချစ်က မေးသည်။

'ရန်ကုန်ပါပဲ၊ ရန်ကုန်ရောက်တော့လည်း သူငယ်ချင်းအသစ်တွေရ၊ ဘိုးဘိုး၊ ဘွားဘွားတို့ကလည်း အလိုလိုက်ကြတော့ ပျော်သွားတာပါပဲ'

'ယမုံကိုရော ဆက်မပိုးတော့ဘူးလား'

လွှမ်းအောင်မြင်က ခေါင်းခါပြသည်။ သူတို့ချင်းတွေ့တောင် မတွေ့ကြတော့ဘူးဟု ဖြေသည်။

အိမ်မြတ်က အောက်နှုတ်ခမ်းလေးကို သွားနှင့်ကိုက်ရင်း ဝင်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com

'အစ်ကိုပြောတာ စဉ်းစားစရာပဲသိလား၊ အိမြတ်တို့အိမ်မှာက ဖဲမရိုက်ကြဘူး၊ ဒါပေမဲ့ ကိုရီးယားကားကတော့ တစ်အိမ်လုံးအသည်းစွဲ၊ အဲဒါ တက္ကသိုလ်ဝင်ခွင့်ဖောင် ဖြည့်မယ်လုပ်တုန်းက ဂျီတီစီလျှောက်ရမလားမေမေလို့ မေးတာ ဘာမှပြန်မပြောဘဲ ကိုရီးယားကားကို စိုက်ကြည့်နေတာ တွေ့တုန်းက ရင်ထဲမှာ မကောင်းလိုက်တာလေ၊ အခု အစ်ကို့ အစ်ကိုကြီးလည်း အဲသလို ခံစားရမှာပဲ'

'ညည်းပြောမှ ဆရာတောင် ကိုရီးယားကား မကြည့်ရဲတော့ဘူး၊ ကိုရီးယားကား ကြည့်တာကို ဖဲရိုက်တာနဲ့ တစ်ဂိုဏ်းတည်း ပြောထည့်လိုက်တာ'

ဆရာချစ်ကပြောတော့ ဝိုင်းရယ်ကြသည်။

'အဲဒီဖဲဝိုင်းက ရှိသေးလား အခု'

နေလင်းက ဝင်မေးတော့ 'ဟော ရဲသိသွားပြီ၊ ဒုက္ခပဲ'ဟုပြော၍ ဝိုင်းရယ်ကြ ပြန်သည်။

'ကျွန်တော် ၁၀ တန်းနှစ်လောက်အရောက်မှာ ဖေဖေက ပဲဆီအရောင်းအဝယ်ကိစ္စနဲ့ ဒီမကွေးကို ခဏခဏ လာရတယ်ဗျ၊ အဲဒီမှာ ဖဲဝိုင်းပျက်တာပါပဲ'

'တော်သေးတာပေါ့၊ မင်း ၁၀ တန်းနှစ်မှာ တော်တော် စိတ်အနှောင့်အယှက် ကင်းကင်း ဖြစ်သွားတာပေါ့'

လွှမ်းအောင်မြင်က မဲ့ပြုံး ပြုံးသည်။

'ဒုက္ခပေးမဲ့သူကတော့ ပေါ်လာတာပါပဲဗျာ'

'ဘယ်သူလဲ'

'နှစ်ယောက်၊ တစ်ယောက်က လွှမ်းချစ်ခင် ကျွန်တော့်ညီ၊ နောက်တစ်ယောက်က နဒီ၊ ကျွန်တော် အမြဲတမ်း ညီမလေးတော်ချင်ခဲ့တဲ့ မိန်းကလေး'

အားလုံး မျက်လုံးပြူးသွားသည်။

'ဘယ်လိုဖြစ်တာလဲ'

'ဆရာတို့ ဟင်းရောက်ပါပြီခင်ဗျ'

စားပွဲထိုးကလေး နှစ်ယောက် ဟင်းပွဲများကိုင်၍ ရောက်လာကြသည်။ အားလုံး သက်ပြင်းချ၍ ကုလားထိုင်ကိုယ်စီ နောက်ဆုတ်ပေးကြသည်။ အိမြတ်က စာအုပ်အလွတ် တစ်အုပ်နှင့် ဘောလ်ပင်တစ်ချောင်း လွှမ်းအောင်မြင်ကို လှမ်းပေးသည်။

'ကဲ ဇာတ်လမ်းတော့ ဆန့်တငံ့ငံ့ ဖြစ်ပြန်ပြီ၊ စားပြီးရင်တော့ ဆက်ပြော၊ လောလော ဆယ်တော့ ဟိုကဗျာ အိမြတ်ကိုရေးပေး'

'ဘယ်ကဗျာလဲ'


www.burmeseclassic.com

'အစ်ကိုပြောပြတဲ့ ကဗျာတွေ သဘောကျလို့ အိမ်မြတ် လိုက်ကူးနေတာ၊ စောစောက မမယမုံရွတ်ပြတဲ့ တဂိုးရဲ့ ကဗျာကို ဦးလက်ာစိုး ဘာသာပြန်ထားတာဆိုတာလေ'

လွှမ်းအောင်မြင်က 'ပြော်'ဟု ဆိုကာ စာအုပ်ကို လှမ်းယူသည်။

ဘာသာပြန်တာက အစ်ကို သေသေချာချာ မမှတ်မိဘူး၊ ဆရာပါရဂူလို့တော့ ထင်တယ်၊ အဲဒီစာအုပ်ထဲက ခေယာသီချင်းတစ်ပုဒ်က တချို့အပိုင်းကလေးကိုပဲ ဖြတ်ပြီး ဦးက သဘောကျလို့ လေးလုံးစပ်ပြန်စပ်ထားတာ၊ ဦး စပ်ထားသလောက် အစအဆုံး ရေးပေးလိုက်မယ်လေ'

လွှမ်းအောင်မြင်က ဘောလ်ပင်ကို ဖွင့်၍ စရေးသည်။

**'ခရီးတထောက်နားခြင်း'**

ကောင်းကင်ထက်ယံ၊ အာရုဏ်ပြန့်၏
အသံပလာ၊ သမုဒ္ဒရာ၌
သရက္ကာဖန်ဆင်း၊ တေးသီချင်းဖြင့်
ထန်ပြင်းလှိုင်းထနေပါသည်။

လမ်းနှစ်ဖက်ခြမ်း၊ ဖုံးကွယ်လွှမ်းသော
ပန်းတို့ပွင့်အာကြွပါပြီ။

သို့လင့်တထူး၊ ငါတစ်ဦးမှု
တွေးမူးဖုံးလွှမ်း၊ နှစ်၍ရမ်းပြီး
လမ်းစဖွေရှာနေပါသည်။

ဝမ်းမြောက်ကဲပို၊ တေးမဆိုပါ။
မြူးတူးပျော်ပါး၊ မကစားပါ။
ရွာ၏ဈေးတွင်း၊ ဆိုင်သွားခင်းရန်
အလျှင်းမဆောင်ရွက်တော့ပါ။

စကားမပြော၊ မရယ်မောပါ။
ဝဲယာကိုတောင်၊ မကြည့်ယောင်ပါ။


www.burmeseclassic.com

www.burmeseclassic.com

ပွားများနေရက်၊ တိုးကာတက်သို့
သွက်သွက်ခြေချလိုက်ပါသည်။

နောက်ဆုံးတွင်....။
ကောင်းကင်နေဝါ၊ တက်လာရာဝယ်
တောမှာ ချိုးကူနေပါသည်။

မွန်းတည့်နေအောက်၊ သစ်ရွက်ခြောက်တို့
ခုန်ပေါက်သည့်ကြား၊ ဖြတ်၍သွားပြီး
နွားကျောင်းသားလည်း ညောင်ရိပ်ထဲတွင်
မက်ဆဲ အိပ်မက်နေပါသည်။

ထိုအခါငါသည်
ရေစပ်အနား၊ စိမ်းစိုထွားသော
မြက်သားပေါ်မှာ အိပ်ပါသည်။
ငါ့၏လက်ပါး၊ အဖော်များမှု
ငါ့အားကြည့်ရယ်၊ မဲ့မထီနှင့်
တည်လျက်မော့မူ၊ ရှေ့တူရှုသည်
ဘယ်သူတစ်ယောက်၊ တစ်ဦးလောက်ပင်
နောက်မလှည့်ကြ၊ မနားကြဘဲ
ဝေးပြတောအောက်၊ ပျောက်ကွယ် ရောက်၍
ဘယ်လောက်ကျယ်ပြန့်၊ ကွင်းပြင်ဖြတ်ပြီး
ဘယ်ရပ်ဝေးစွာ၊ သွားကြမှာကို
ငါလည်း မမှန်းဆနိုင်ပါ။

အို
အနန္တများ၊ ခရီးသွားတို့
အားလုံး ကံကောင်းကြပါစေ။


www.burmeseclassic.com

www.burmeseclassic.com


ပြက်ရယ်ရှက်ပွား၊ ထချင်ဖြားမင့်
ငါကားမကြွ၊ စိတ်ဆန္ဒတွင်
ဘာမျှ ကပ်ငြိမရှိပါ။

ငါကားနက်နဲ၊ ဤဆင်းရဲကို
မက်စွဲနှစ်သက်၊ နှစ်မြုပ်လျက်သာ
ဆက်လက်နေလိုက်ပါဦးမည်။ ။

**လင်္ကာစိုး**

*

www.burmeseclassic.com



www.burmeseclassic.com
www.burmeseclassic.com

 www.burmeseclassic.com 

# A Happy Family is but an Earlier Heaven.

## ၅

ဟိုင်းကလပ် စားသောက်ဆိုင်၏ ဝါးရုံတောအတွင်းမှ အေးမြသော လေညင်းတစ်ချက် ဝေ့လာသည်။

ဆရာချစ်က အချိုပွဲချပေးသော သင်္ဘောသီးတစ်ဖတ်ကို ခက်ရင်းဖြင့် နှိုက်ယူရင်းက မေးခွန်းဆက်သည်။

'ကဲ လုပ်စမ်းပါဦးကွ၊ မင်း ၁၀ တန်းရောက်တဲ့နှစ်မှာ လွှမ်းချစ်ခင်နဲ့နဒီနဲ့က ဘာဖြစ်ကြတာလဲ'

လွှမ်းအောင်မြင်က အူကြောင်ကြောင် ပြန်ကြည့်သည်။

'သူတို့ ဘာမှမဖြစ်ကြပါဘူး ဆရာချစ်ရဲ့'

နေလင်းက မကျေနပ်သံဖြင့်

'ဟ မင်းပဲ သူတို့က မင်းကို ဒုက္ခပေးခဲ့တယ်ဆို'

ဟု ဝင်မေးတော့မှ လွှမ်းအောင်မြင်က ပြုံးသည်။

'ဪ ဟုတ်တယ်လေ၊ ဒါပေမဲ့ သူတို့အချင်းချင်း ဘာမှမဖြစ်ခဲ့ကြပါဘူး၊ ပြဿနာက သပ်သပ်စီပါ'

'နို့ အစ်ကိုညီက အစ်ကို့အစ်ကိုကြီးတုန်းကလို နဒီကို မကြိုက်ဘူးလား၊ နဒီက ငယ်ငယ်ကတည်းက သိပ်လှတယ်ဆို'

ဟု ဥက္ကာက ဝင်မေးသည်။

'လှတာပေါ့ ဥက္ကာရယ်၊ မမယမုံက အသားလတ်လတ်ကလေးနဲ့ ငြိမ်ငြိမ်ကလေးလှနေတာ၊ နဒီက ဖြူဝင်းပြီး ထင်းနေအောင်လှတာ၊ မမယမုံ အရွယ်စရောက်တာနဲ့ ပိုးချင်ပန်းချင်သူတွေ တသီကြီးပေါ်လာတာမျိုး နဒီကျရင် ပိုဆိုးမယ်ဆိုတာ အစ်ကိုတို့ မျှော်လင့်ပြီးသားကိစ္စ၊ တကယ်လည်း နဒီ ရှစ်တန်းအရောက်မှာ အစ်ကိုတို့ကျောင်းကသာမက တခြားကျောင်းတွေကကောင်တွေပါ ကျောင်းပေါက်ဝမှာ ခြေချင်းလိမ်အောင် ပေါက်ကြ



www.burmeseclassic.com

တော့တာ၊ လွှမ်းချစ်ခင်ကတော့ သူနဲ့ တစ်တန်းတည်းတက်နေပေမဲ့ သူ့ကို စိတ်မဝင်စားခဲ့ပါဘူး'

အိမြတ်က ဝင်မှတ်ချက်ချသည်။

'တော်သေးတာပေါ့၊ အစ်ကိုညီက 'အရွယ်မတိုင်ခင်ဘူး' မဟုတ်လို့'

လွှမ်းအောင်မြင် မျက်မှောင်ကျုံ့သည်။

'ဘာလဲ အိမြတ်ရဲ့၊ အရွယ်မတိုင်ခင်ဘူးဆိုတာ'

အိမြတ်က လျှာထုတ်ပြသည်။

'ဒီကောင် ဥက္ကာနဲ့ အိမြတ် ငြင်းကြတာလေ၊ ဒီကောင်က ယောက်ျားကလေးဆိုတာ မိန်းကလေးတွေကို စိတ်ဝင်စားရမှာပဲတဲ့၊ စိတ်မဝင်စားဘဲနေရင် ပုံမှန်မဟုတ်ဘူးတဲ့၊ အဲဒါ အိမြတ်က ပြောတယ်၊ ၁၀ တန်းအောင်၊ တက္ကသိုလ်ရောက်အရွယ်လောက်မှ စိတ်ဝင်စားရင်တော့ ပုံမှန်ပေါ့၊ အထက်တန်းကျောင်းသားကတည်းက လိုက်စိတ်ဝင်စားနေရင်တော့ အရွယ်တောင် မရောက်သေးခင် 'ဘူး'ကျတာမို့ အရွယ်မတိုင်ခင်ဘူးလို့ ခေါ်ရမယ်လို့'

'အစ်ကို့အစ်ကိုကြီး လွှမ်းမြင့်မြတ်လိုပေါ့'

ဥက္ကာက ဝင်ထောက်တော့ ဆရာချစ်က လက်ကာပြသည်။ လွှမ်းအောင်မြင်ကတော့ ဖွဖွပြုံးသည်။

'အစ်ကိုကြီး ၁၀ တန်းမအောင်ခင်တကည်းက မိန်းကလေးတွေကို လိုက်ပြီး စိတ်ဝင်စားနေတာ တော်သေးတာပေါ့ကွာ၊ လွှမ်းချစ်ခင်က မိန်းကလေးတစ်ခုသာချန်ပြီး ကျန်တာအားလုံးကို လိုက်စိတ်ဝင်စားနေတော့တာ'

'ဘယ်လိုဟာမျိုးတွေလဲ အစ်ကိုရဲ့'

'စုံလို့ပေါ့ကွာ၊ စတာတော့ စီးကရက်က စတာပဲ'

*

လွှမ်းချစ်ခင် ကျောင်းခြံစည်းရိုးဝင်းနားတွင် သွားသွားပြီး စီးကရက် ခိုးသောက်နေတာ တွေ့ခဲ့သည်ဟု သူငယ်ချင်းတွေ လာပြောကတည်းက လွှမ်းအောင်မြင် တော်တော်စိတ်အိုက်သွားခဲ့သည်။

အဖေရော၊ အမေရော စီးကရက်သောက်တတ်သူတွေဆိုတော့ စီးကရက်ဆိုတာ မကောင်းကြောင်း သည်ကောင် လက်ခံအောင် နားချဖို့သိပ်မလွယ်။ သည်ကြားထဲကမှ သည်ကောင်က အဖေက မြှောက်စားလွန်းတာ ခံရတော့ အစကတည်းက လွှမ်းအောင်မြင်ကို သိပ်ရိုကျိုးသူ မဟုတ်။ လွှတ်ထားလို့ကလည်း မဖြစ်ပြန်။



www.burmeseclassic.com

www.burmeseclassic.com



စာသိပ်ဖတ်သူပီပီ အလယ်တန်းကျောင်းသားဘဝကတည်းက စီးကရက် သောက်တတ်နေသည့် လူငယ်တစ်ဦး မူးယစ်ဆေးဝါးအဆင့်အထိ တက်သွားဖို့ဆိုတာ လက်တစ်ကမ်းသာရှိတော့သည်ကို လွမ်းအောင်မြင် ကောင်းကောင်းနားလည်သည်။ ဖေဖေနှင့် မေမေကို ရိပ်ဖမ်းသံဖမ်း စကားစကြည့်တော့လည်း စိတ်ဝင်စားဟန်မပြ။

'မင်းဟာလေ၊ အမြဲတမ်း သူများအပြစ်ကို ရှာပြောဖို့ပဲ စိတ်ဝင်စားနေတယ်၊ ကိုယ် ၁၀တန်း၊ ကိုယ့်စာက အရေးကြီးနေတာ၊ ကိုယ့်စာကိုယ် အာရုံစိုက်ဖတ်တာ မဟုတ်ဘူး'

ဖေဖေက အေးစက်စက်အသံနှင့်ပင် မာန်မဲလိုက်သေးသည်။ သိသည်လေ။သူ့အသည်းကျော်ကို အပြစ်ပြောလျှင် ဖေဖေက မကျေနပ်။ မိဘက သားသမီးကို ချစ်သည့်အချစ်ဆိုတာ ဒါမျိုးဆိုလျှင်တော့ ဖေဖေကရော၊ မေမေကရော အရေးပေး ချစ်ခင်ခြင်း မခံရသည်ကိုပင် တော်ပါသေးရဲ့ဟု လွမ်းအောင်မြင် တွေးမိသည်။

သို့သော် စေတနာနှင့်ပြောတာကို ရန်ပြန်လုပ်ခံရသည်ကိုတော့ သူ နည်းနည်းမှ မကျေနပ်။ အဲဒါနှင့်ပင် သူပြောတာ မမှားကြောင်းကို လက်ဆုပ်လက်ရ ဖမ်းပြရန် လွမ်းအောင်မြင် ကြံစည်လေတော့သည်။

*

လွမ်းချစ်ခင် အငိုက်မိသွားသည်။

အကယ်၍များ ဖေဖေတို့၊ မေမေတို့ရှေ့မှာ လွမ်းချစ်ခင်ကို သူ့လွယ်အိတ်ခါပြပါဟု လွမ်းအောင်မြင်နိုင်းမိလျှင် မပြဘူး၊ ဘာလုပ်ချင်သလဲဟု ပမာမခန့် ပြန်ပြောမည်က သေချာလှသည်။ ဖေဖေကလည်း လွမ်းအောင်မြင်ကိုပဲ ရန်လုပ်မည်။

ဒါကို ရိပ်မိသော လွမ်းအောင်မြင်က ဖေဖေတို့မေမေတို့ရှေ့အရောက်တွင် ကျောင်းမှ အတူပြန်လာသော လွမ်းချစ်ခင်၏ ကျောင်းလွယ်အိတ်ကို ဆတ်ခနဲ ဆွဲယူ၍ လွယ်အိတ်ထဲမှ ပစ္စည်းအားလုံးကို ကြမ်းပြင်ပေါ် သွန်ချလိုက်သည်။

စာအုပ်တွေ၊ ဘောလ်ပင်တွေ၊ ပေတံတွေ။

ဘုရား၊ ဘုရား ဘယ်မှာလဲ စီးကရက်ဘူး၊ ဘယ်မှာလဲ မီးခြစ်။

'ကိုအောင် ဒါ ဘာလုပ်တာလဲ'

လွမ်းချစ်ခင်မျက်လုံးများ မီးဝင်းဝင်းတောက်နေသည်။

လွမ်းအောင်မြင်က ဆောင့်ကြောင့် ထိုင်ချ၍ စာအုပ်ပုံထဲတွင် ကမန်းကတန်းမြှေ၍ ရှာဖွေသည်။ ဘာမှမတွေ့။ ဒုက္ခပဲ။ လွမ်းအောင်မြင်မျက်လုံးများ ပြာဝေလာသည်။ လွမ်းအောင်မြင်၏ဖေဖေက လှမ်းအော်သည်။

'ဟေ့ကောင် ကလေးအိတ်ကို ဘာလုပ်တာလဲ'



www.burmeseclassic.com

www.burmeseclassic.com


တွေ့ပြီ။

ဒီမှာ မီးခြစ်၊ ဒီမှာ စီးကရက်ဘူး။

ဘုရားရေ။ ဒါက· · ·။

လွမ်းအောင်မြင် ဆတ်ခနဲတုန်၍ လက်ထဲက ပစ္စည်းကို ပြန်လွှပ်ချမိသည်။ ဟောင်ကောင်နိုင်ငံထုတ် ညစ်ညမ်း ဓာတ်ပုံစာအုပ်တစ်အုပ်ပါလား။

လွမ်းအောင်မြင် ဆွဲထုတ်သောပစ္စည်းများကိုကြည့်၍ ဦးလွမ်းမိုးသူရော၊ ဒေါ်ခင်ခင်မြင့်ပါ မျက်နှာပျက်သွားကြသည်။ လွမ်းချစ်ခင်ကတော့ စာအုပ်ကို အတင်းလုယူ၍ လွယ်အိတ်ထဲ ပြန်ထည့်သည်။

'ဟော့ သား ဖိုးချစ်၊ မင်း ဆေးလိပ်သောက်တတ်နေတာလား'

ဖေဖေက လေသံမပျော့မမာနှင့် မေးသည်။ လွမ်းချစ်ခင်က ခေါင်းခါ၍ ငုံ့ထားသည်။ ဘာမှ ပြန်မဖြေ။

'မသောက်လို့ အဲဒါတွေက ဘာလဲ'

'ဖေဖေ့ဟာတွေ၊ သား စမ်းကြည့်တာ'

ဦးလွမ်းမိုးသူက ခေါင်းခါသည်။

'စမ်းလည်း မစမ်းနဲ့၊ ယောကျာ်းကလေး ဆေးလိပ်သောက်တာ ဖေဖေ ဘာမှ မပြောဘူး၊ ဒါပေမဲ့ ၁၀ တန်းအောင်မှ သောက်၊ ကြားလား'

'ဟုတ်'

'ဟုတ်ရင်သွား၊ မင်း ဟိုစာအုပ်ကြီးလည်း ဘယ်သူ့ဟာဖြစ်ဖြစ် ပြန်ပေးလိုက်တော့၊ ခွီးမှပဲ၊ ငါ့သားကလည်း အရွယ်ရောက်တာ မြန်လိုက်တာ'

အံ့ဩစရာပါ။

ရယ်ရယ်မောမောနှင့် အဲသည့်ကိစ္စ ပြီးသွားသည်။ လွမ်းချစ်ခင်က လွမ်းအောင်မြင်ကို မျက်စောင်းထိုး၍ လွယ် အိတ်ကိုသိမ်းပြီး အပေါ်ထပ် တက်သွားသည်။

ဦးလွမ်းမိုးသူက လွမ်းအောင်မြင်ကို လှည့်ကြည့်သည်။ မျက်နှာထားက စောစောကထက် တင်းနေသည်။

'မင်းကိုရော သူများကိစ္စ စိတ်မဝင်စားပါနဲ့လို့ ငါ ပြောထားတယ်မဟုတ်လား၊ ၁၀ တန်း ကိုယ့်စာကိုယ်မကျက်ဘဲ သူများအပြစ်ရှာဖို့ပဲ မဲနေ'

ရင်ထဲ အောင့်ခနဲ။

'ဖေဖေ အဲဒါ ကျွန်တော့်ညီလေ၊ ကျွန်တော့်ညီများတာ ကျွန်တော် စိတ်ဝင်စားရဘူးလား'

www.burmeseclassic.com

www.burmeseclassic.com


'အောင်မာ မင်းကရော၊ ဘယ်လောက် မှန်ကန်နေတဲ့ကောင်မို့လို့လဲ၊ လွှမ်းချစ်ခင်က အိမ်ကကားတောင် ခြံထဲမှာ စမ်းပြီးမောင်းတတ်နေပြီ၊ မင်းက စက်ဘီးတောင် ဖြောင့်အောင် မစီးတတ်သေးဘူး၊ သူများမျက်ချေးပဲ လိုက်မြင်မနေနဲ့၊ ကိုယ့်စာကိုယ်သွားကျက်'

လွှမ်းအောင်မြင် စိတ်တိုတိုနှင့် ရောတို့ခြံဘက် ကူးခဲ့ပါသည်။

*

ဥက္ကာက ကျွတ်ခနဲ မြည်တမ်းသည်။

'မယုံနိုင်စရာပဲ အစ်ကိုရာ၊ အဲသလို မိဘမျိုး တကယ်ရှိလို့လား'

လွှမ်းအောင်မြင် ခေါင်းညိတ်ပြသည်။

'အစ်ကိုလည်း အစကတော့ ကိုယ့်မိဘကိုယ် သိပ်တစ်ဖက်စောင်းနင်း နိုင်လွန်းတယ်၊ ငါ့မိဘလို မိဘမျိုး ဘယ်မှာမှ ရှိမှာမဟုတ်ဘူးလို့ ငြူစူခဲ့မိဖူးသေးတယ်၊ နောက်တော့ စာတွေဖတ်၊ နေရာတွေအစုံရောက်၊ တခြားမိသားစုတွေနဲ့ပါ ထိတွေ့လာရတဲ့အခါကျတော့ ဒါတွေဟာ နေရာတိုင်းမှာ ဖြစ်နေတာပါလားဆိုတာ သဘောပေါက်သွားတယ်၊ တစ်ခုပဲရှိတယ်'

လွှမ်းအောင်မြင် သက်မတစ်ချက် ရှိုက်သည်။

'ဘာလို့ အဲသလိုဖြစ်နေတာလဲဆို တာကိုတော့ နားမလည်နိုင်ဘူးပေါ့လေ၊ ငယ်ငယ်တုန်းကတော့ သူများလိုပဲ ငါ့ဖေဖေနဲ့ မေမေရဲ့ သားအရင်းမှ ဟုတ်ရဲ့လားတွေ၊ ဘာတွေ ဇဏခဏတွေးမိတာပေါ့၊ အရွယ်ရောက်လာလေလေ၊ ညီအစ်ကိုသုံးယောက်ထဲမှာ အဖေနဲ့ရော၊ အမေနဲ့ပါ ရုပ်အတူဆုံးသားဖြစ်လာလေလေဆိုတာ ကိုယ်တိုင်လည်း သတိထားမိ၊ ပတ်ဝန်းကျင်ကလည်း ပြောလွန်းမှပဲ အဲဒီသံသယပျောက်တော့တယ်'

'အဲဒါ မင်းမိဘက မင်းကို မချစ်တာမဟုတ်ဘူးကွ၊ သူတို့အချင်းချင်း မချစ်တာ'

ဆရာချစ်က ဝင်ပြောတော့ အားလုံးက အံ့အားသင့်သွားကြသည်။

'ဒီလိုလေကွာ၊ အိမ်တစ်အိမ်မှာ အကြီးဆုံးလူ၊ အရာရာကို ဆုံးဖြတ်နိုင်စွမ်းရှိသူဟာ အဖေလို့ထင်သလား၊ အမေလို့ ထင်သလား၊ မင်းတို့ စဉ်းစားကြည့်'

နေလင်းက အဖေဟု ဖြေသည်။

အိမြတ်က အမေဟု ဖြေသည်။ ဆရာချစ်က ပြုံး၍ခေါင်းခါသည်။

'တစ်ယောက်ယောက်က အဲသလို ဖြစ်နေမှတော့ အဲဒီအိမ်က ဘယ်လိုပျော်စရာကောင်းတဲ့အိမ် ဖြစ်တော့မှာလဲ၊ တကယ်တော့ လူတိုင်းရဲ့ဆန္ဒကို လူတိုင်းက ဖြည့်ဆည်းပေးချင်နေရမှာ၊ အဖေရော၊ အမေရော၊ သားသမီးအားလုံးရော၊ တစ်ယောက်ကို တစ်ယောက် ချစ်နေကြရင် အဲသလိုဖြစ်နေရမှာ၊ သားသမီးရဲ့ဆန္ဒတွေက သူတို့ရဲ့အတွေ့အကြုံနည်းမှု၊


www.burmeseclassic.com

 www.burmeseclassic.com 

နားမလည်သေးမှုတွေကြောင့် မှားယွင်းနေတဲ့အခါမျိုးတွေမှာလည်း မိဘနှစ်ယောက်က တူညီတဲ့ လမ်းညွှန်မှု ပေးရမှာ၊ အဖေနဲ့အမေက ဆန့်ကျင်ဘက်လုပ်နေကြရင် သားသမီးက အမှန်နဲ့အမှားကို ခွဲသိဖို့ခက်တယ်၊ လွှမ်းချစ်ခင်ရဲ့ ပြဿနာက အဲဒါပဲ'

လွှမ်းအောင်မြင်က ခေါင်းတဆတ်ဆတ်ညိတ်သည်။

'ကျွန်တော်လည်း အဲသလိုပဲ တွေးမိတယ်၊ ဒါဆို ငါ့သားတွေ သူ့သားတွေ လုပ်နေကြတာကရော ဘာဖြစ်လို့လဲ'

'မချစ်လို့လေ'

'ဘယ်သူ့ကို မချစ်တာလဲ ဆရာ'

'သူတို့အချင်းချင်း မချစ်တာ၊ သူတို့ အချင်းချင်းမချစ်တော့ အိမ်ထောင်စုအတွင်းမှာ သူများကိုဖြည့်ဆည်းပေးချင်စိတ်ထက် သူက တစ်ဖက်သတ် အနိုင်ယူလွှမ်းမိုးလိုစိတ်တွေက ကဲနေကြရော၊ အဲဒါကြောင့် တစ်စည်းတစ်လုံးတည်း ရှိနေရမဲ့ မိသားစုကလေးအတွင်းမှာ ပိုင်နက်တွေ ထပ်ထူထောင်ကြတာ၊ ငါ့သား၊ သူ့ သားပေါ့၊ တခြားသားတွေကို မချစ်လို့ အဲသလို လုပ်နေတာမဟုတ်ဘူး၊ အချင်းချင်း ယှဉ်ပြိုင်လိုစိတ်၊ တိုက်ခိုက်လိုစိတ်တွေနဲ့ လုပ်ကြတာ၊ မင်းက ကံကောင်းချင်တော့ ညီအစ်ကိုက သုံးယောက်ဖြစ်နေတော့ အလယ်ကနေ လွတ်သွားတာ'

လွှမ်းအောင်မြင်က မဲ့ပြုံးပြုံး၍ 'အဲဒါ ကံကောင်းတာလား ဆရာချစ်ရဲ့' ဟု ပြန်မေးသည်။

'ကံကောင်းတာပေါ့၊ တခြောက်ကန်းအချစ်ခံရတာနဲ့စာရင် မှန်တန်းခပ်စိမ်းစိမ်း အချစ်ခံရတာက တော်သေးဆိုတာ အခု လွှမ်းမြင့်မြတ် ဘာတွေဖြစ်သွားလဲ၊ လွှမ်းချစ်ခင် ဘာတွေဖြစ်သွားလဲဆိုတာ ကြည့်လိုက်ရင် ရှင်းနေတာပဲ'

'သမီးကတော့ လွှမ်းချစ်ခင်လည်း မေတ္တာငတ်တာပဲလို့ ထင်တယ်'

အိမ်မြတ်က ဝင်ပြောသည်။

'ဆိုပါဦး'

'အဖေက မျက်စိစုံမှိတ်ချစ်တာ၊ အလိုလိုက်တာ ခံရတာတော့ ခံရတာပဲ၊ သမီးနားလည်သလောက်ပြောရရင် သားတွေ ပထမဦးဆုံးစတွယ်တာတဲ့ ဆန့်ကျင့်ဘက်လိင်ဟာ အမေပဲ၊ သမီးတွေအတွက်က အဖေပဲ၊ အဲဒါ ဟုတ်တယ်မဟုတ်လား ဆရာ'

ဆရာချစ်က ခေါင်းညိတ်ပြလိုက်ပါသည်။

'မှန်တယ်၊ ဆေးပညာ၊ စိတ်ပညာမှာ အီဒပယ်ဖေ့စ် (Oedipal phase)လို့ ခေါ်ကြတယ်'



www.burmeseclassic.com

www.burmeseclassic.com

'သူက မိခင်ဆီက မေတ္တာလိုချင်၊ သူလိုချင်တဲ့မေတ္တာက မရတဲ့အပြင် သူချစ်တဲ့ သူ့အမေက သူ့ကိုသိပ်ချစ်တဲ့ သူ့အဖေနဲ့ တစ်ချိန်လုံး မပြေမလည်ဖြစ်နေတော့ သူ စိတ်ဆင်းရဲ ရမှာပဲ'

လွှမ်းအောင်မြင်က ခေါင်းညိတ်သည်။

'အိမြတ်ပြောတာ ဟုတ်တယ်၊ သူ့ ဒိုင်ယာရီထဲမှာ 'စကားစပြောတတ်စ ဘယ် ကလေးမဆို ပထမဦးဆုံးစပြောတဲ့စကားဟာ မေမေဆိုတာချည်းပဲလို့ ကြားဖူးတယ်၊ ငါ့အလှည့်တုန်းက ဖေဖေလို့များ စပြောလိုက်မိလေသလား'လို့ ရေးထားတာ အစ်ကို ခိုး ဖတ်ရဖူးတယ်'

အိမြတ် မျက်နှာကလေး ညှိုးသွားသည်။

'သနားပါတယ် အစ်ကိုရယ်၊ တကယ်တော့ မိခင်လို ကြင်နာတတ်တဲ့ မိန်းကလေး တစ်ယောက်ယောက်ကို ချစ်မိသွားရင်လည်း သူ လိမ္မာလာမှာပါ'

'အိမြတ်ရယ်၊ နင် တော်တော်စိတ်ကူးယဉ်၊ အဲဒီရှုစ်တန်းကတည်းက ဟိုစာအုပ်တွေ ဖတ်နေတဲ့လူကို နင်ပဲ ရဲရဲဝံ့ဝံ့ သွားကယ်တင်ချေ၊ ပြီးမှ အောင်မလေးဆိုပြီး ထွက်ပြေး မလာနဲ့'

ဥက္ကာက ဝင်စတော့ အိမြတ်မျက်နှာ နီရဲသွားပြီး စားပွဲပေါ်က လက်သုတ်ပုဝါ တစ်ထည်ကိုကောက်၍ ဥက္ကာကို ပေါက်ထည့်သည်။

'အဲဒါ ညစ်ပတ်ဦး၊ ညစ်ပတ်ဦး'

ဥက္ကာက တဟားဟား အော်ရယ်သည်။

'ကဲပါ အစ်ကိုရာ၊ အခုလောက်ဆို အစ်ကိုညီလည်း ဘွဲ့ရလောက်ရောပေါ့၊ မိန်းမ မရသေးရင် အိမြတ်နဲ့ မိတ်ဆက်ပေးလိုက်စမ်းပါ'

လွှမ်းအောင်မြင် မျက်နှာပေါ်မှအပြုံး ဆွေးမြေ့ကြွေလွင့်သွားပါသည်။

*

'လွှမ်းချစ်ခင်က ပိုပိုဆိုးလာတယ်၊ ကျောင်းလည်း ပြေးတတ်လာတယ်၊ ဆရာကြီး က မိဘခေါ်တွေ့ခိုင်းတာတောင် စက်ထဲက အလုပ်သမားကို အဖေဆိုပြီး ညာခေါ် သွားသေးတယ်၊ စီးကရက်နဲ့ ကသေးလား၊ မကသေးလားတော့ မသိဘူး၊ သူနဲ့တွဲတဲ့ အဖွဲ့တွေထဲမှာ စာမေးပွဲ တဖုန်းဖုန်းကျနေလို့ အသက်ကြီးနေတဲ့ကောင်တွေလည်း ပါလာ တယ်၊ အဲဒီကောင်တွေထဲမှာ တချို့က 'ဆေး'ပါသုံးသလိုလိုလည်း ကြားရတယ်၊ နောက် တော့ 'ဆေး'အောင်မိုးနဲ့ပါ တွဲလာတယ်'

'ဆေးအောင်မိုးဆိုကာက'

www.burmeseclassic.com


နေလင်းက ဝင်မေးသည်။ လွှမ်းအောင်မြင်က မဲ့ပြုံးပြုံးသည်။

'လူဆိုးပေါ့၊ စာတော့ တော်တယ်၊ ရန်ဖြစ်လိုက်၊ ကျောင်းပြေးလိုက်၊ နောက်တော့ ပိန်သွားတော့ ဆေးကြောင့်ဆိုပြီး နာမည်ကြီးတော့ ဆေးအောင်မိုးလို့ ခေါ်ကြတာ၊ အုံ့ညြ စရာကောင်းတာက ၁၀ တန်းအောင်တော့ အဲဒီကောင်က ဆေးကျောင်းဝင်သွားတယ်၊ တကယ် ဆေးအောင်မိုး ဖြစ်သွားတာပေါ့'

'ဘုရားရေ'

'သိပ်အံ့ဩမနေပါနဲ့၊ အဲဒီကောင် ဆေးကျောင်းသာ ရောက်သွားတာ ဆရာဝန် မဖြစ်လိုက်ပါဘူး။ သုံးခါကျနဲ့ ကျောင်းထွက်လိုက်ရတာပါပဲ၊ သူတို့ ၁၀ တန်းအောင်တဲ့နှစ်က လွှမ်းချစ်ခင်က ကျတယ်၊ ဒါပေမဲ့ ဆက်တော့ တွဲနေကြတာပေါ့လေ၊ အဲဒီတော့ ကျွန်တော် က တက္ကသိုလ်ရောက်နေပြီ၊ ဒီကောင်တွေနဲ့ တွဲနေရင် တစ်နေ့နေ့တော့ ပြဿနာဖြစ်တော့ မယ်ဆိုတာ သိတယ်၊ ဒါပေမဲ့ ဖေဖေနဲ့မေမေကို ပြောပြလည်း ကျွန်တော့်ပဲ ရန်လုပ်တာ ပဲဆိုတော့ မပြောပြဖြစ်ဘူးပေါ့၊ ဒါနဲ့ပဲ တစ်ရက်ကျတော့ သူတို့အုပ်စု ညဉ့်နက်အောင် ပြန် မလာကြတဲ့တစ်နေ့ ရောက်လာတယ်'

*

ဆေးအောင်မိုး ခြံဝတွင် ရစ်သီရစ်သီ လုပ်နေသည်ကို လွှမ်းအောင်မြင် အပေါ်ထပ်မှ နေ၍ လှမ်းမြင်သည်။ အထဲလည်း ဝင်မလာ။ ကျီးကန်းတောင်းမှောက်။

နေပါဦး။ ဒီကောင် လွှမ်းချစ်ခင်နဲ့အတူ ထွက်သွားတာမဟုတ်လား။

စိတ်ပူစိတ်ဖြင့် လွှမ်းအောင်မြင် အပေါ်ထပ်မှ ပြေးဆင်းခဲ့သည်။ ခြံဝင်းတံခါးဝ အပြင်ထွက်လိုက်တော့ မျက်နှာတစ်ခုလုံး ဖြူဖွေးသွေးဆုတ်နေသော ဆေးအောင်မိုးကို တုန်ရီ ထိတ်လန့်နေသော အနေအထားနှင့် တွေ့ရသည်။

'ဟေ့ကောင် အောင်မိုး၊ ဘာဖြစ်တာလဲ၊ ငါ့ညီရော'

'ဟို ဟို'

'ပြောစမ်းပါကွာ မြန်မြန်၊ ငါ့ညီ ဘယ်မှာလဲ'

ဆေးအောင်မိုးက အထစ်အထစ်နှင့် ဖြေသည်။

'ကျွန် ကျွန်တော်တို့ ပသီချောင်းကို ပျော်ပွဲစားထွက်ကြတာ အစ်ကို'

'ဘာကွ၊ ပသီချောင်း၊ အဝေးကြီးဟာ'

'ဟုတ် ဟုတ်ပါတယ်၊ ကျွန်တော် က ဖေဖေ့ကားကို မောင်းယူသွားတာ၊ ဟိုမှာ စမ်းချောင်းမှာ ရေကူးကြတာ'

လွှမ်းအောင်မြင် မျက်လုံးများ ပြာဝေလာသည်။


www.burmeseclassic.com

www.burmeseclassic.com


'ဘာပြောတယ်၊ ငါ့ညီ ရေနစ်သလား၊ ဟုတ်လား အောင်မိုး'

ဆေးအောင်မိုး အရူးတစ်ယောက်လို ခေါင်းခါသည်။

'ကျွန်တော် မသိဘူး အစ်ကို၊ ရေထဲ ဆင်းကြတုန်းက အတူတူပဲ၊ နောက်တော့ ပျောက်သွားတာ၊ ဘယ်လိုမှ ရှာမတွေ့တော့ဘူး'

လွှမ်းအောင်မြင် ဒူးများ ညွတ်ခွေကျသွားပါသည်။

*

'ပိုင်သူ မြေကွက်များ၏တည်း'

နေရာကွဲတွင်၊ မိုးမင်းရွှင်၍
သစ်ပင်နှစ်ပင် ပေါက်လာ၏။
တစ်ဦးမြေရှင်၊ သူ့သစ်ပင်ကို
ပြုပြင်အားထုတ်၊ ပေါင်းမြက်နုတ်၍ ကြိုးကုတ်စိုက်ပျိုး၊ ပြုပါနိုးလည်း
နေမိုးမမှန်၊ မြေမသန်၍
ညွန့်လန်ခက်ကျိုး၊ မာန်ငုံ့လျှိုးခဲ့
ပျိုးပင်ကလေး သေရှာပြီ။

နေမိုးလည်းမှန်၊ မြေလည်းသန်သည့်
လက်ကျန်သစ်ပင်၊ သူ့မြေရှင်က
စဉ်စဉ်ဂရု၊ လျှဉ်းမပြု၍
နွယ်ထုရစ်ပတ်၊ ပေါင်းမြက်သတ်ခဲ့
ဝတ်ပြတ်ညှိုးလျှော်၊ ညည်းတွားအော်ပြီး
မမော်ရဘဲ သေပြန်ပြီ။ ။

*

လွှမ်းအောင်မြင်က ကဗျာရေးထားသော ဗလာစာအုပ်ကလေးအား အိမြတ်ကို လှမ်းပေးလိုက်သည်။

'အဲဒါ အဲဒီနေ့နောက်ပိုင်း ဦးရေးတဲ့ကဗျာပဲ၊ တစ်ပိုဒ် ကျန်သေးတယ်၊ နောက်ဆုံးအပိုဒ်ကိုတော့ ရေးပြရမှာ ရင်ထဲမကောင်းလွန်းလို့ ချန်ခဲ့ပါရစေ အိမြတ်ရယ်'


www.burmeseclassic.com

အိမ်မြတ်သာမက တစ်ဖွဲ့လုံး ပါးစပ်အဟောင်းသားနှင့် တိတ်ဆိတ်နေကြပါသည်။ အတော်ကြာမှ ဥက္ကာက မေးလိုက်သည်။

'အစ်ကိုညီက တကယ် ရေနစ်သေသွားတာလား'

လွှမ်းအောင်မြင်က သက်ပြင်းချသည်။

'အလောင်း ပြန်မရဘူးဆိုတော့ အဲသည်လိုပဲ ကောက်ချက်ချရတာပဲ၊ သူ့ အဖော်တွေ ပုံကြည့်ရတာလည်း မူးယစ်ဆေး သုံးစွဲထားတဲ့ပုံစံမျိုး ပေါက်နေတယ်၊ မေးတော့လည်း အရက်ပဲ သောက်တာပါလို့ ငြင်းကြတယ်၊ ဆရာဝန်မှတ်ချက်မှာလည်း အရက်တင် မကလောက်ဘူးလို့ သံသယဖြစ်တယ်၊ ဆီးအဖြေမှာတော့ မူးယစ်ဆေးဝါး သုံးထားတာ မတွေ့ရဘူးတဲ့၊ လွှမ်းချစ်ခင်လည်း အရက်တော့ သောက်ထားတယ် ပြောတယ်၊ မူးနေတဲ့ လူအချင်းချင်းကျတော့ ဘယ်လိုလုပ် စောင့်ရှောက်မှာလဲ၊ ပျောက်နေမှ သိတော့တာပေါ့၊ လူကြီးတွေလည်း သုံးလေးရက် ရှာရတာပဲ၊ ဘာမှ မတွေ့ကြဘူး၊ နောက်ဆုံး သေပါပြီလို့ သတ်မှတ်ပြီး ဆွမ်းသွတ်ရတော့တာပေါ့၊ ဖေဖေဆို စိတ်ထိခိုက်လွန်းလို့ ကြောင်တောင်တောင်ဖြစ်သွားတာ တစ်လလောက် အလုပ်မလုပ်နိုင်ဘူး၊ အရက်လည်း အဲဒီကတည်းက ပြတ်သွားတယ်'

'စိတ်မကောင်းလိုက်တာ ငါ့ညီရာ'

နေလင်းက ညည်းတွားသည်။

*

'ဒါနဲ့အစ်ကို'

အတန်ကြာ တိတ်ဆိတ်နေမှုကို ဥက္ကာကပင် ဖြိုခွဲလိုက်သည်။

'အဲဒါက နောက် နှစ်နှစ်ကျော်ကြာ သူတို့ ၁၀ တန်းပြီးမှ ဖြစ်တာ၊ အစ်ကို ပြောတော့ သူတို့ရှစ်တန်း ရောက်တဲ့နှစ်မှာ နဒီကလည်း ဒုက္ခပေးသေးတယ်ဆို၊ နဒီ ဘာလုပ်တာလဲ'

လွှမ်းအောင်မြင်က ဝဲနေသော မျက်ရည်များကို လက်ခုံနှင့်သုတ်၍ ပြုံးပြသည်။

'နဒီက ဘာမှမလုပ်ရှာပါဘူး၊ သူ့ဟာသူ လှရုံကလေးလှတာပါ၊ အဲဒီအလှက သူ့ကို တော်တော်စိတ်အနှောင့် အယှက်ဖြစ်စရာတွေ ပေးခဲ့တာပေါ့၊ နောက်ဆုံး အစ်ကိုပါ ပါလာလေရော'

'အစ်ကိုကပါ သူ့ကိုကြိုက်သွားလို့လား'

လွှမ်းအောင်မြင်ကရယ်၍ ဥက္ကာခေါင်းကို မနာအောင်ထုသည်။

'အစ်ကို့ရင်ထဲမှာ နဒီက ရာသက်ပန် ညီမလေးပါကွာ၊ ဒါပေမဲ့ ပတ်ဝန်းကျင်က



www.burmeseclassic.com

www.burmeseclassic.com


တော့ သွေးမတော်တာကိုပဲ အမြဲမြင်ခဲ့ကြတာပေါ့'

'ဒါလည်း စိတ်ဝင်စားစရာကောင်းလာတာပဲ'

ဥက္ကာကပြောတော့ အိမ့်မြတ်က မျက်စောင်းထိုးသည်။

'ဥက္ကာ မနှောက်နဲ့ဟာ၊ အစ်ကို သူ့ဟာသူ ပြောပါစေ'

လွှမ်းအောင်မြင်က ပိုက်ဆံထည့်သော သားရေအိတ်ကလေးကို ခါးကြားသို့ ထိုးသည်။

'ဒါ ဆက်ပြောရင် ဒီနေ့ ဆိုင်ပြန်ရောက်တော့မှာ မဟုတ်ဘူး၊ အားရင် အားလုံး ဆိုင်လိုက်ခဲ့ကြလေ၊ နည်းနည်း လုပ်စရာရှိတာ လုပ်ပေးပြီးရင် လက်ဖက်ရည်ဆိုင် ပြန်ထိုင်ကြတာပေါ့'

ဆရာချစ်က 'တစ်နေ့လုံး နားထောင်မယ် ပြောထားပြီးသားပဲကွ၊ စိမ်လိုက်၊ ဓာတ်လမ်းအစလေးပဲ ပြောထား' ဟုဆိုသည်။

လွှမ်းအောင်မြင်က တွေးတွေးဆဆ ဖြေသည်။

'စရရင်တော့ မြတ်စောညီနောင်ဘုရားပွဲက အပြန်မှာဖြစ်တဲ့ ရန်ပွဲကစရမှာပဲ'

*


www.burmeseclassic.com

www.burmeseclassic.com



# ရှယ်သဉ့်ပါမှုလ

ဖြူး-လေစလေဝဂ္ဂဂင်ခံပြေ



www.burmeseclassic.com

www.burmeseclassic.com


# A Happy Family is but an Earlier Heaven.

## ၆

လှပလွန်းသည့် မိန်းကလေးကို လှရကောင်းလားဟု အပြစ်တင်ရမှာလည်း ခက်သည်။ ၁၅ နှစ်အရွယ် ရှစ်တန်းကျောင်းသူဘဝ၊ အရွယ်မရောက်ခင်ကတည်းက ထင်းနေအောင် လှတာလည်း သူ့အပြစ် မဟုတ်ပြန်။ တကယ်တမ်းကျတော့လည်း သူ့ခမျာ ကလေး ပီပီ ကလေးလိုပဲ နေနေရှာတာပါ။

*

မြစောညီနောင်ဘုရားပွဲသို့ ရော နှင့် သူငယ်ချင်းနှစ်ယောက်သား သွားလည်မည် ချိန်းဖြစ်ကြသည်။

သူတို့နေထိုင်ရာ မိုလ်မှူးဖိုးကွန်းလမ်းနှင့် သိပ်နီးလှသည်ဟု မဆိုနိုင်သော်လည်း ညနေပိုင်းနေအေးချိန်မို့ စက်ဘီးနှင့် သွားမည်ဟု ဆုံးဖြတ်ကြသည်။ လွှမ်းအောင်မြင်က စက်ဘီးစီး သိပ်မကျွမ်းကျင်သေးသည်မို့ ရောကနင်း၍ လွှမ်းအောင်မြင်က နောက်က ထိုင်မည်။ အဲသည့်အချိန်မှာ နဒီကလေးက သူပါလိုက်ချင်သည်ဟု ပူဆာသည်။

'ညနေပိုင်းကြီး၊ ကောင်လေးတွေကလည်း ဗရုတ်ဗရက်နဲ့၊ နေခဲ့ပါ နဒီရယ်'

ရောက တားသည်။

'ဦးနဲ့ ဒေါ်ဒေါ်ကလည်း အဲသလိုပွဲတွေ ဘယ်တော့မှ မသွား၊ ကိုယ့်အစ်ကို နှစ်ယောက်သွားလို့မှ မလိုက်ရရင် နဒီက ဘယ်တော့မှ ဘုရားပွဲမသွားရတော့ဘူးပေါ့'

နဒီက ခြေဆောင့်၍ နှုတ်ခမ်းဆူသည်။ ကလေးဟန်ပန်ကလေးနှင့်ပင် လှလွန်းသော မိန်းကလေး၏ ကိုယ့်အစ်ကိုနှစ်ယောက် ဆိုသည့်စကားလုံးက လွှမ်းအောင်မြင့်ရင်သို့ လာ ထိခတ်သည်။

'ခေါ်ခဲ့လိုက်ပါ ရောရယ်'



www.burmeseclassic.com

www.burmeseclassic.com


'ဟာ ခေါ်ခဲ့ဆိုတော့ မင်းက စက်ဘီးမကျွမ်း၊ သူက လုံးလုံးမစီးတတ်သေးတာ၊ ငါ ဘယ်လိုလုပ်နှစ်ယောက် တင်နင်းမလဲ'

'ငါ ငါ့ဟာငါ တစ်စီး ကြိုးစားစီးပါ့မယ်၊ မင်း နဒီသာ တင်'

'ဟေး ဒါမှ တို့ကိုအောင်ကွ'

နဒီက လက်ခုပ်လက်ဝါးတီး၍ပျော်ပြတော့ ရောလည်း သက်ပြင်းချ၍ ခေါင်းညိတ်ရသည်။

ဦးနှင့်ဒေါ်ဒေါ်ကို ခွင့်တောင်းတော့လည်း ခေါ်သွား။ နောက်မကျစေနဲ့တဲ့။ တကယ်ကလည်း နောက်မကျဘဲ ပြန်လာကြမလို့ပါပဲ။ ဖြစ်ချင်တော့ အပြန်မှာ သူတို့မောင်နှမစီးလာသည့်စက်ဘီးက ဘီးပေါက်သည်။

*

'ဘယ်လိုလုပ်မလဲ ရော'

'ရတယ်၊ ဘုရားဘက် ပြန်တွန်းသွားလိုက်မယ်၊ အဲဒီမှာ စက်ဘီးဖာတဲ့ဆိုင် ငါတွေ့ခဲ့တယ်၊ မင်းနဲ့နဒီနဲ့ ဒီနားက စောင့်နေ'

'အေး၊ ကြာမှာလား'

'သူ့ဌေးသားရယ်၊ စက်ဘီး ဘီးတစ်ခါဖာ ဘာကြာမှာလဲ၊ ခဏပေါ့'

ရော ထွက်ခွာသွားသည်။ လွှမ်းအောင်မြင်နှင့်နဒီတို့ လမ်းဘေးဓာတ်တိုင်တစ်တိုင်ကို စက်ဘီးမှီထောင်၍ ရပ်စောင့်နေကြသည်။

'ကိုအောင်'

'ဘာလဲ နဒီ'

'နဒီကြည့်နေတာ၊ ကိုအောင်က ကိုယ့်ညီအစ်ကိုအရင်းတွေထက်တောင် အစ်ကို့ကို ချစ်သလိုပဲနော်၊ ဟုတ်လား'

လွှမ်းအောင်မြင် ဖွဖွပြုံး၍ ဓာတ်မီးတိုင်အလင်းရောင် ကွက်ကျားထိုးထားသဖြင့် တစ်ဝက်တစ်ပျက်သာ မြင်နေရသည့် မျက်နှာလှလှကလေးကို ငုံ့ကြည့်မိသည်။

'နဒီရယ်၊ ကိုအောင်က ရောတစ် ယောက်တည်းကို ချစ်တာမဟုတ်ပါဘူး၊ နဒီရော၊ ရောရော၊ မမယမုံရောကို ကိုယ့်ညီအစ်ကိုတွေထက် ချစ်တာပါ'

နဒီမျက်နှာကလေး ဝင်းပသွားသည်။

'တကယ်'

'တကယ်ပေါ့ နဒီရဲ့၊ တစ်ခါတလေများဆိုရင် ငါ့မေမေမေမေတို့ဆီမှာ လူဖြစ်ရမဲ့အစား အဲဒီအိမ်ကလေးမှာ လူဖြစ်လာရရင် ဘယ်လောက်ကောင်းမလဲလို့တောင် တွေးမိပါတယ်'

www.burmeseclassic.com

www.burmeseclassic.com


နဒီက မျက်လုံးကလေးပိတ်အောင် ရယ်သည်။

'အဲဒါဆိုရင် ကိုအောင် နစ်နာသွားမှာပေါ့၊ ကိုအောင်တို့က ချမ်းသာတာပဲ'

လွှမ်းအောင်မြင် ဖြည်းဖြည်း ခေါင်းခါသည်။

'ပစ္စည်းဥစ္စာ ချမ်းသာရုံနဲ့ စိတ်ချမ်းသာတတ်ကြတာမှ မဟုတ်တာ နဒီရယ်၊ နဒီတို့အိမ်မှာ လူတွေအားလုံးက ဘယ်တော့ကြည့်ကြည့် ပြုံးနေကြတာ၊ ကို အောင်တို့အိမ်က သိတဲ့အတိုင်းပဲ'

သွေးသားမတော်သော မောင်နှမနှစ်ဦး စကားကောင်းနေကြရာမှ လမ်းလျှောက်လာသော လူငယ်အုပ်စုတစ်စု မှောင်တစ်ဝက်၊ လင်းတစ်ဝက်ပေါ်မှာ အနားနီးလာတာကို သတိမထားမိကြ။

အဲသည့်အုပ်စု ခြေလှမ်းများတုံ့သွားပြီး တီးတိုးပြောဆို တိုင်ပင်သံများကြားမှ လှည့်ကြည့်မိသည်။

ရဲထွန်းတို့အုပ်စုပါလား။

နဒီကလေး သွားလေရာတကောက်ကောက် လိုက်ကြည့်တတ်သည့်အုပ်စု။ ရဲထွန်းက ကိုးတန်းအထိ လွှမ်းအောင်မြင်နှင့်အတူတက်ခဲ့ပြီးမှ စာမေးပွဲကျကျန်နေခဲ့သူမို့ သူ့ကို လွှမ်းအောင်မြင် သိသည်။

'နဒီရယ်၊ ရက်စက်လှချေလား ကလေးရဲ့'

ဘုရားရေ။ လျှာလေးအာလေးအသံ ကြီးနဲ့။ ဒီကောင်တွေ သောက်ထားသလား မသိ။

'လာ နဒီ၊ ဘုရားဘက် ပြန်စီးသွားရအောင်၊ တက်'

နဒီဘက်လှည့်၍ တိုးတိုးပြောလိုက်သည်။ မှောင်ထဲတွင် မျက်လုံးကလေး ဝိုင်းနေအောင် ကြောက်နေသည့်နဒီက ခေါင်းညိတ်၍

'ကိုအောင် နင်းတတ်ပါ့မလား' ဟု ပြန်မေးသည်။

'ရတယ်၊ နဒီက ပေါ့ပေါ့လေးဟာ၊ တက်သာတက်'

'ဒါ ဘယ်လဲကွ'

ရဲထွန်းက စက်ဘီးလက်ကိုင်ကို ဖမ်းဆုပ်လိုက်သဖြင့် သူတို့အကြံ မအောင်မြင်တော့ပါ။

'ရဲထွန်း မင်းဖယ်နော်'

လွှမ်းအောင်မြင်ပြောရင်းက ပတ်ဝန်းကျင်ကို လှမ်းကြည့်မိသည်။ လမ်းက လူသူရှင်းနေသည်။ ရဲထွန်းတို့က လေးယောက်။

'မဖယ်ဘူးကွာ၊ မင်း ငါမေးတာ အရင်ဖြေ'


www.burmeseclassic.com

www.burmeseclassic.com


'ဘာလဲ'

'မင်းနဲ့နဒီနဲ့က ချစ်သူတွေ ဖြစ်သွားပြီလား'

နဒီက အိုခနဲ ရှက်ကိုးရှက်ကန်းမြည်တမ်း၍ ခေါင်းကလေးငုံ့သွားသည်။ လွှမ်းအောင်မြင်က ဒေါသထောင်းခနဲ ထွက်သွားသည်။

'ဟေ့ကောင် မမိုက်ရိုင်းနဲ့၊ ဒါ ရှောညီမ၊ ကလေးလေးပဲ ရှိသေးတာ၊ ငါ ငါ့ညီမအရင်းလို ထားတာ'

'မဟုတ်ရင်ပြီးတာပဲ၊ ဘေးဖယ်၊ ငါ နဒီကို ပြောစရာရှိတယ်'

'မဖယ်ဘူး၊ မင်း ကိုယ့်လမ်းကိုယ် အေးအေးဆေးဆေးသွား၊ တို့ ရှောကို စောင့်နေတာ၊ ဒါ လူလိုသိတတ်ရင် သူငယ်ချင်းညီမဆိုပြီး မင်း စောင့်တောင်စောင့်ရှောက်ရမဲ့ကလေး၊ မနှောင့်ယှက်နဲ့'

'ဘာကွ'

ရဲထွန်းမျက်လုံးများ မီးဝင်းဝင်းတောက်သွားသည်။

'လူလိုသိတတ်ရင်တဲ့၊ ကောက်ရိုးပုံစောင့်တဲ့ခွေးကများ၊ လူပါးဝလို့၊ မသိဘူးကွာ၊ ဘာလုပ်ချင်သလဲ မင်း'

ရဲထွန်းက လွှမ်းအောင်မြင်ရင်ဘတ်ကို လက်နှစ်ဖက်နှင့် ဆောင့်တွန်းသည်။ လွှမ်းအောင်မြင်က တစ်ချက်ယိုင်သွားသော်လည်း ချက်ချင်း ရှေ့ပြန်တိုး၍ ရဲထွန်းမျက်နှာကို လက်သီးနှင့် ထိုးချလိုက်သည်။

'ကိုအောင် မလုပ်နဲ့'

နဒီအော်သံကလေးသဲ့သဲ့။

ဘယ်ဘက်ဆီမှ ရိပ်ခနဲ မည်းမည်း အရိပ်တစ်ခု ပြေးဝင်လာသည်။ ခွပ်ခနဲ အသံကြားရပြီး ခေါင်းဘယ်ဘက်တစ်ခြမ်းလုံး ကျင်တက်မတတ် နာကျင်သွားသဖြင့် ဒူးညွတ်ကျသွားသည်။

ပြေးထွက်သွားသော ခြေသံများကိုလည်း ကြားရသည်။

ပြေးဝင်လာသော ခြေသံများကိုလည်း ကြားရသည်။

*

အိမ်မြတ်က စုတ်သပ်သည်။

'အစ်ကို့ ဘယ်ဘက်မျက်ခုံးပေါ်က အမာရွတ်ပေါ့နော်'

လွှမ်းအောင်မြင် ခေါင်းညိတ်ပြသည်။ ဥက္ကာက 'ဘာနဲ့ချလိုက်တာလဲ အစ်ကို' ဟု မေးသည်။

www.burmeseclassic.com

www.burmeseclassic.com


'အုတ်ခဲပိုင်းကွ'

'ဒီကောင်တွေ မိရောလား'

နေလင်းက ဝင်မေးတော့ အားလုံးရယ်ကြသည်။ 'ပြည်သူ့ပိုင်းကတော့ ရဲချင်နေပြီ' ဟု ဆရာချစ်က စသည်။

'လူအုပ်ကြီး ပြေးလာတော့ ဒီကောင်တွေ အကုန်ထွက်ပြေးသွားကြတယ်၊ ဒါပေမဲ့ ကျွန်တော်က ရဲထွန်းကို ဖော်နိုင်တာကိုး၊ ရဲထွန်းက ကျွန်တော်နဲ့ ရန်ဖြစ်တာကို ဝန်ခံပေမဲ့ ကျွန်တော့်ကိုရိုက်တဲ့ကောင်ကို မဖော်ဘူး၊ နောက်ဆုံးတော့လည်း ဖေဖေက ကျေအေးပေးလိုက်တယ်'

'ဘာဖြစ်လို့လဲ'

နေလင်းက မကျေနပ်ဟန်ဖြင့် မေးသည်။

'ရဲစခန်း ရောက်ရတာတင် ရှက်လွန်းလို့တဲ့၊ ကျွန်တော့်ကိုလည်း ဆူလိုက်တာ မိုးကိုမွှန်ရော၊ အမှုလည်း အရှည်မခံနဲ့တဲ့၊ အဲဒါ မင်း ဟို ဆင်းရဲသားမောင်နှမနဲ့ သွားလုံးနေလို့ဖြစ်တာ၊ ကိုယ့်အဆင့်နဲ့ကိုယ်နေရင် မဖြစ်ဘူးတဲ့၊ နောက်ကို အဲဒီအိမ်ကို သွားသွား မနေနဲ့တဲ့'

အိမြတ်က နှုတ်ခမ်းစူ၍

'အစ်ကို့အဖေက တော်တော်အဆင့်အတန်း ခွဲခြားတာပဲ၊ အဲဒါနဲ့ပဲ အစ်ကိုက အဲသည့်အိမ် မသွားတော့ဘူးလား' ဟု မေးသည်။

'ဆေးရုံက ဆင်းတဲ့ညနေပဲ သွားတာပါပဲ'

အားလုံး ဝိုင်းရယ်ကြသည်။

*

'မမ'

ရေဇလုံထဲသို့ နှင်းဆီပန်းများ စိမ်နေသော မမယမုံကို လွှမ်းအောင်မြင်က လှမ်းခေါ်သည်။

'ဘာလဲ မောင်လေး'

မမယမုံက မော့မကြည့်ဘဲ ထူးသည်။ စိမ့်ဝင်းနေသော အသားအရောင်ရှင် မျက်နှာကလေးမှာ ထူထဲလှစွာသော မျက်တောင်တို့ကို ဣန္ဒြေရစွာချထားသည်မှာ ခရေပန်းကလေး တစ်ပွင့်လို သိမ်မွေ့စွာ ကျက်သရေရှိနေသည်။

'ဆူးတွေ ဘာလို့ မချိုးတာလဲဟင်'

မမယမုံက မော့ကြည့်၍ လှပစွာရယ်သည်။


www.burmeseclassic.com

'မောင်လေးကလည်း နှင်းဆီ ရောင်းပါတယ်ဆို၊ ဆူးတွေချိုးထားရင် ဘယ်သူက ဝယ်မှာတဲ့လဲ'

'သူတို့စူးမှာဆိုးလို့ ချိုးပေးတာလေ'

'မရဘူးကွဲ့၊ နှင်းဆီဆိုတာ ဆူးနဲ့မှတင့်တယ်တာတဲ့၊ အဲသလိုပဲ သဘောထားကြ တာလေ၊ တို့မိန်းကလေးတွေကိုတောင် နှင်းဆီလိုလှရင် နှင်းဆီဆူးလို သူများကို တန်ပြန် တိုက်ခိုက်တတ်တဲ့စိတ်ကလေးနဲ့ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ရမယ်လို့ ပြောကြသေးတယ် မဟုတ်လား'

လွှမ်းအောင်မြင်က သက်ပြင်းချသည်။

'မမကရော အဲသလို ထင်လို့လား'

'မထင်ပါဘူးအောင်ရယ်၊ လက်တွေ့မှာတော့ သူများကို နှင်းဆီဆူးနဲ့ ထိုးသလို လိုက်ဒုက္ခပေးရင်းက ကိုယ့်ဘဝပါ မလုံမခြုံဖြစ်သွားတဲ့ မိန်းကလေးတွေပဲ တွေ့နေတာပဲ၊ မမတို့ကတော့ ဗုဒ္ဓဘာသာပီပီ မေတ္တာခြုံရင် လုံတယ်လို့ပဲ သဘောထားတယ်၊ အခု နဒီကလေးကိုစွ ကြည့်ပါလား၊ သူ့ခမျာ သူ့ဘာသာသူ အေးအေးကလေး ဘယ်သူ့မှ မထိခိုက်၊ မနစ်နာစေရဘဲ နေနေတာ၊ ဒီကြားထဲ တို့ကနန်းဆိတ်ကနန်း ထိပါးလာချင်တဲ့ သူနဲ့လည်းတွေ့ရော မောင်အရင်း အနားမှာမရှိတာတောင် မောင်အရင်းလိုချစ်တဲ့ စောင့် ရှောက်ချင်တဲ့ အောင်ကအနားမှာ ရှိနေပြီး ကာကွယ်ပေးလိုက်တာလေ'

လွှမ်းအောင်မြင် ရင်ထဲမှာ သိမ့်ခနဲနေအောင် ကြည်နူးမိသည်။

'မမက 'အောင်'ရန်ဖြစ်တာ မဆူဘူးပေါ့ ဟုတ်လား'

မမယမုံက လွှမ်းအောင်မြင်ကို ပြုံးစစလေး မော့ကြည့်သည်။

'ဆူချင်တာပေါ့၊ အမှန်က အောင်က အတင်းရှောင်ထွက်သွားရမှာ၊ ဒါပေမဲ့ ရန်ဖြစ်ချင်တာကို ဆူချင်တာသပ်သပ်၊ မမ ညီမလေးကို ကိုယ့်ညီမအရင်းကလေးလို စောင့် ရှောက်ချင်တာကို ကျေးဇူးတင်တာကို သပ်သပ်ပဲ၊ ဆူတာကတော့ အောင့်မိဘတွေလည်း တော်တော်ဆူထား ပြီးရောပေါ့'

လွှမ်းအောင်မြင်က ရှက်ရယ်ရယ်၍ ခေါင်းကုတ်သည်။

'ကျွန်တော် ရှောင်ထွက်သွားရင် ဒီကောင်တွေက ကျွန်တော့်ကို သတ္တိမရှိဘူးလို့ ထင်သွားမှာပေါ့'

မမယမုံက ခေါင်းခါသည်။

'ဒီကောင်တွေကတဲ့၊ မောင်လေးစကား မောင်လေး ပြန်စဉ်းစားကြည့်စမ်း ဒီကောင် တွေက မောင်လေးကို ဘယ်လို ထင်မလဲဆိုတာ ဂရုစိုက်တဲ့လေသံ ပေါက်နေတယ်၊ အဲဒါ မှန်လို့လား အောင်ရယ်၊ ဒီလိုကောင်စားမျိုးတွေက ဘာထင်ထင်ပေါ့၊ သိက္ခာအရ၊ အကျင့်



www.burmeseclassic.com

www.burmeseclassic.com


အရ၊ တစ်တန်းတည်း ညှိစကားပြောစရာ မရှိတဲ့ကောင်စားမျိုးတွေက အထင်သေးခံရမှာ စိုးလို့ ခေါင်းအကွဲခံတော့ မောင်လေး မိုက်ရာမကျဘူးလား'

လွှမ်းအောင်မြင် ပါးစပ်အဟောင်းသားဖြစ်သွားသည်။

'ဟာ မမပြောတာ မှန်လိုက်တာ၊ မမသာ အဲသလို ပြောပြထားဖူးရင် အဲဒီနေ့က ကျွန်တော်ရှောင်ခဲ့မှာ'

မမယမုံကရယ်၍ လွှမ်းအောင်မြင် ခေါင်းကို မနာအောင် ဖွဖွထုသည်။

'မောင်လေးက ဘယ်နေ့ လက်သီးစွမ်းတွေ စပြမယ်လို့ မမကို ချိန်းဆိုထားတာမှ မဟုတ်တာ၊ မမက မီအောင် ဘယ်လိုဆုံးမမလဲ'

လွှမ်းအောင်မြင်ကရယ်၍ ဦးတို့ ဒေါ်ဒေါ်တို့က နဒီကို ဆူသေးလားဟု မေးသည်။ မမယမုံက ခေါင်းခါသည်။

'နဒီအမှားမှ မပါတာကွယ်၊ ခါတိုင်းထက်တော့ ပိုဂရုစိုက်ရတာပေါ့၊ ကလေးက အရွယ်တောင် မရောက်ချင်သေးဘူး၊ ရုပ်ကလေးက လှတာသိသာလွန်းတာကိုး၊ အခုလည်း စာအုပ်ဆိုင် သွားချင်တယ်ဆိုတာ ခါတိုင်းလို တစ်ယောက်တည်း မလွှတ်ရဲလို့ ရှေ့ပါ ထည့်ထည့်လိုက်ရတာ ကြည့်'

လွှမ်းအောင်မြင်က ယမုံမျက်နှာကို ငေးကြည့်၍ 'မမလည်း လှတာပဲ'ဟု တီးတိုး ပြောတော့ ယမုံမျက်နှာ အနည်းငယ် သွေးရောင်လျှမ်းသွားသည်။

'မောင်နှမချင်း မြှောက်နေပြန်ပြီ၊ မမ အထက်တန်းကျောင်းသူခေတ်တုန်းက ရဲထွန်းလောက်ဆိုးတဲ့ လူငယ်တွေမှ မရှိခဲ့တာကွယ်၊ အောင့်အစ်ကိုကြီးလောက်ကို အဆိုး ထင်မိတာ'

လွှမ်းမြင့်မြတ်ကို သတိရ၍ နှစ်ယောက်သား ရယ်မိကြသည်။

'ဆုတ်ကပ် မောင်လေးရဲ့၊ တို့ ဘုရားပွင့်တာ နှစ်ပေါင်း ၂၅၀၀ ကျော်သွားပြီ၊ အဲဒီတုန်းက လူ့သက်တမ်းက ၁၀၀ တမ်း၊ နှစ် ၁၀၀ မှာ တစ်နှစ်နှုန်းနဲ့တွက်ရင် အခုက ၇၅ တန်းကွဲ။ အဲသလို လူ့သက်တမ်း ဆုတ်ယုတ်လာတာလည်း လူတွေရဲ့ ကိုယ့်ကျင့်သီလ တရားတွေ တဖြည်းဖြည်း ယိုယွင်းလာကြလို့တဲ့၊ အဲဒါသာမှန်ရင် တဖြည်းဖြည်း လူဆိုးလေး တွေ များလာမှာပဲ၊ အခုပဲ ကြည့်၊ ပန်းကလေးတစ်ပွင့် လှမယ်၊ ပွင့်မယ်မှ မကြံရသေးဘူး၊ ရေလောင်း ပေါင်းသင် ပျိုးထောင်ပေးချင်တဲ့သူက ရှာမှရှား၊ ပန်းခြွေချင်တဲ့သူတွေချည်း ပေါ်လာတာ'

လွှမ်းအောင်မြင်ကပြုံး၍ 'မမက ကဗျာဆရာကြီးတွေမ မပြောရဘူး၊ ကဥပဒေဆန် လိုက်တာ'

ဟု ပြောသည်။


www.burmeseclassic.com

www.burmeseclassic.com


'ကဗျာဆရာကြီး စကားလုံးတွေပါကွယ်၊ မမစကားလုံး မပါပါဘူး၊ ဦး စပ်ထားတဲ့ 'ပန်းခြွေသမားနှင့်စကားဆို ခြင်း' ဆိုတဲ့ ကဗျာလေ၊ မောင်လေး မဖတ်ဖူးဘူးလား'

'ဟင့်အင်း မမ'

'ဒါဖြင့် နားထောင်'

*'ပန်းခြွေသမားနှင့်စကားဆိုခြင်း'* တဲ့။

နှင်းဆီရယ် အသွင်လှပေမင့်
ရုံခလို့ ဆူးခက်ဖြာ။
ခရေနှယ် ရနံ့ဆောင်ပြန်တော့
အရောင်ပလာ။
မျက်မှောင်မှုံသက်ပြင်းခါလို့
ဆိုလာတဲ့ ကိုအတွာ
မေးပါရစေဦး။
ဆင်းမဖြာ မမွေးရုံအပြင်
ဆွတ်ခြွေရုံတစ်သက်မမှန်းပါတဲ့
ဝတ်မှုံဝေလက်သရမ်းကိုရော
ဩော် 'မဆန်းပါ သဘာဝ' တဲ့။
ဖြေချက်ကထူး။

လွှမ်းအောင်မြင် သဘောကျစွာ ပြုံးမိသည်။

'ဦး တွေးတာကလေးတွေက နူးညံ့သလိုလိုနဲ့ သိပ်လက်တွေ့ဆန်တယ်နော် မမ'

မမယမုံကပြုံး၍ ခေါင်းညိတ်သည်။

'အောင်က ဦးရဲ့အတွေးတွေကို ခံစားတတ်တဲ့၊ နှစ်သက်တတ်တဲ့သူကိုး၊ ဒါကြောင့် နဒီကလေးကို ကိုယ့်ညီမအရင်းလေးလို စောင့်ရှောက်တာ၊ မမပြောတဲ့ လူဆိုးကလေးတွေ များများလာတယ်ဆိုတဲ့ အထဲမှာ အောင် မပါဘူးသိလား'

'ဘာလို့ မပါရမှာလဲ၊ ကိုအောင်က လူဆိုးလေးတောင် မဟုတ်ဘူး၊ လူဆိုးကြီး'

ရုတ်တရက်ရောက်လာသော နဒီက လွှမ်းအောင်မြင်ဘေး ကွပ်ပျစ်ပေါ် ... ဝင်ထိုင်လိုက်ပြီး လွှမ်းအောင်မြင်၏ လက်မောင်းတစ်ဖက်ကို တရင်းတနှီး ... ဖက်၍ ကျီစယ်သည်။

www.burmeseclassic.com

www.burmeseclassic.com


'ဘာလဲ၊ နဒီရဲ့ ကိုအောင်က ဘာဆိုးလို့လဲ'

'ဆိုးတာပေါ့၊ ကိုအောင်က စထိုးတာလေ၊ နဒီ အဲဒီတုန်းက ဘယ်လောက် ကြောက်သွားရလဲ သိရဲ့လား၊ နောက်ကို ရန်မဖြစ်ပါနဲ့ ကိုအောင်ရယ် ရှောင်ပါ'

ကြည်နူးစိတ်၊ ကြင်နာစိတ် မွန်းလျှံစွာဖြင့် လွှမ်းအောင်မြင် ခေါင်းညိတ်ပြလေသည်။

*

'သူတို့မောင်နှမတွေ အခု တောင်ငူမှာ ရှိနေတုန်းပဲလား အစ်ကို'

ဥက္ကာကမေးတော့ လွှမ်းအောင် မြင်ကပြုံး၍ ခေါင်းညိတ်ပြသည်။ အိမြတ်က မျက်စောင်းထိုး၍ 'ရှိတော့ နင်က ဘာလုပ်မလို့လဲ' ဟု မေးသည်။

'ဘာမှမလုပ်ပါဘူးဟာ၊ တွေ့ဖူးအောင် သွားကြည့်ချင်လို့၊ မြန်မာမိန်းကလေး သိမ်သိမ်မွေ့မွေ့ ယဉ်ယဉ်ကျေးကျေးကလေးတွေ မြန်မာပြည်မှာ ရှိနေသေးတယ်ဆိုတာ သိရတော့ စိတ်ချမ်းသာတာပေါ့၊ နို့မို့ အားလုံး အိမြတ်လို 'ဖက်ကြမ်းကြီး'တွေ မှတ်နေမှာ'

ဝိုင်းရယ်ကြတော့ အိမြတ်က ရှက်ရှက်နှင့် ဥက္ကာလက်မောင်းကို နာအောင်ရိုက်ပြီး 'ဘာဖက်ကြမ်းလဲ၊ ဘာဖက်ကြမ်းလဲ' ဟု မေးသည်။ ဥက္ကာက

'စကားပုံ ပြောင်းသွားတာလေဟာ၊ ဆူးပေါ်ဖက်ကျလည်း ဆူးကျိုး၊ ဖက်ပေါ်ဆူးကျလည်း ဆူးကျိုး၊ ဒီခေတ်ဖက်တွေက ဖက်ကြမ်းကြီးတွေဆိုတာ'

ဟု မခံချင်အောင်စ၍ နေရာမှ ထပြေးသည်။ အိမြတ်က ထလိုက်ဟန်ပြင်ပြီးမှ ဆရာချစ်က စကားစသဖြင့် ထိုင်နားထောင်နေသည်။

'ငါကတော့ စိတ်မကောင်းဘူးကွ'

နေလင်းက 'ဘာကိုလဲ ဆရာချစ်' ဟု မေးသည်။

'လွှမ်းအောင်မြင်က သွေးမတော် သားမစပ်ပေမဲ့ သူခင်နေ၊ ချစ်နေတဲ့အိမ်က မိန်းကလေးကို ညီမအရင်းကလေးလို စောင့်ရှောက်တဲ့နေရာမှာ ရုံးရှောက်၊ ဂတ်ရှောက်၊ ဆေးရုံရှောက်ဖြစ်လောက်အောင် စောင့်ရှောက်တယ်၊ ညီအရင်းလွှမ်းချစ်ခင်ကိုတော့ မိဘနဲ့ ထိပ်တိုက်တွေ့တာနဲ့ နောက်ဆုတ်လိုက်တော့ လွှမ်းချစ်ခင်က အရွယ်မရောက်တရောက်မှာပဲ သေရရှာတယ်၊ အဲဒါလေးတော့ ဆရာဘဝင်မကျဘူး၊ လွှမ်းအောင်မြင် ဆရာပြောတာမင်း စိတ်ဆိုးလား'

လွှမ်းအောင်မြင်က ဆွေးမြေ့စွာပြုံး၍ ခေါင်းခါပြသည်။

www.burmeseclassic.com

www.burmeseclassic.com

'ဆရာမှန်ပါတယ်၊ ကျွန်တော်လည်း အဲသလို တွေးနေမိတာ၊ ဖေဖေက သားသမီး ဆုံးမတာ မမှန်ကန်တာမှန်ပေမဲ့ ဖေဖေ ဘာပြောပြော၊ ကျွန်တော် ဒီထက်ကြမ်းခဲ့ဖို့ ကောင်းတာ၊ အစ်ကိုကြီး လွှမ်းမြင့်မြတ်က နည်းနည်းအူကြောင်ကြောင်နိုင်ပေမဲ့ မိသားစုအပေါ် မှာတော့ ကျွန်တော့်ထက် သံယောဇဉ်ကြီးတယ်၊ အဲဒီတုန်းက ကိုမြတ်သာ ရန်ကုန်မှာမဟုတ် ဘဲ တောင်ငူမှာရှိနေခဲ့ရင် ညီလေး သေချင်မှသေမှာ'

'ညီမကတော့ ကိုလွှမ်းဆီမှာ ညီမအရင်းရှိနေပြီး ကိုရော့ဆီမှာ ညီရှိနေတာဆိုရင် တစ်မျိုးဖြစ်နိုင်တယ်လို့ ထင်တယ်'

အိမြတ်က ဝင်ပြောတော့ ဆရာချစ်က 'ဘယ်လိုတစ်မျိုးလဲ' ဟု မေး သည်။

'ဝီကားဆက်က်စ် (Weaker Sex) အယူအဆလေ၊ မိန်းကလေးဆိုတာ အားနွဲ့ တယ်ပေါ့၊ ကမ္ဘာပေါ်မှာ ဘယ်လိုပဲ တန်းတူထားကြ၊ ထားကြ၊ မြန်မာတွေကတော့ မိန်းကလေးတွေကို အားနွဲ့တယ်လို့ ယူဆနေကြတုန်းပဲ၊ ချစ်စရာကောင်းတာက မြန်မာလူမျိုး ယောကျ်ားကလေးတွေက သူတို့အားနွဲ့တယ်လို့ ယူဆထားတဲ့ မိန်းကလေးတွေကို နှမသား ချင်းလို စောင့်ရှောက်ပေးတတ်ပြီး အဲသလိုစောင့်ရှောက်စရာ နှမသားချင်းရှိတာကိုလည်း ဂုဏ်ယူတတ်ကြတာပဲ'

ဥက္ကာက မျက်ခုံးပင့်ပြတော့ အိမြတ်က မျက်စောင်းလှမ်းထိုးပြီး

'နင်မပါဘူး၊ နင်က ဆူးကျိုးကြီး' ဟု ပြောသည်။

ဆရာချစ်က ရယ်၍ 'သမီးပြောမှပဲ သားချည်းပဲရှိတဲ့ လင်မယားတွေ သမီးတစ် ယောက် မရမချင်း စောင့်မွေးရမလို ဖြစ်နေပြီ' ဟု ပြောသည်။ ပြီးတော့ လွှမ်းအောင်မြင်ကို လှည့်မေးသည်။

'တစ်ခုတော့ ရှိတယ်ကွ၊ မင်းက သူတို့ညီအစ်မကို ဘယ်လိုပဲ နှမသားချင်းလို သဘောထားထား၊ သွေးသားက မတော်စပ်ဘူးဖြစ်နေတယ်၊ အခု မင်းပြော နေတဲ့နေရာ အရောက်မှာ လူပျို၊ အပျိုတွေကလည်း ဖြစ်လာကြပြီ၊ ကလေးမလေးတွေကလည်း လှလို့ထင်ရှားကြတယ်၊ ရန်ဖြစ်တဲ့ကောင်တွေဆိုရင် မင်းကို ကောက်ရိုးပုံစောင့်သလေး၊ ဘာလေး လုပ်လာကြပြီ၊ တဖြည်းဖြည်းနဲ့ အဲဒီပြဿနာ ရှုပ်ထွေးလာနိုင်တယ်နော်၊ ဆရာ ပြောတာ ဟုတ်လား'

လွှမ်းအောင်မြင်က ခေါင်းညိတ်သည်။

'ကွက်တိပါပဲ ဆရာချစ်ရယ်'

'ဟာ လုပ်လေဗျာ၊ အဲဒါ ဆက်ပြောဦး' ဟု ဥက္ကာက ပွဲတောင်းသည်။ လွှမ်း အောင်မြင်က

'မှောင်စတောင်ပျိုးနေပြီ၊ မင်းတို့နေနိုင်လို့လား' ဟု မေးသည်။

www.burmeseclassic.com

www.burmeseclassic.com


နေလင်းက

'ငါတော့ ဂျူတီရှိတယ်၊ ဥက္ကာပြီးရင် ငါ့ ပြန်ပြော' ဟု နှုတ်ဆက်၍ ထွက်ခွာသွားသည်။

မှန်ပါသည်။

နေရောင်ကစ၍ ညှိုးနေလေပြီ။

*


www.burmeseclassic.com




www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com


# A Happy Family is but an Earlier Heaven.

## ၇

လွှမ်းအောင်မြင်ရော၊ ရောပါ ၁၀ တန်းကို နှစ်ချင်းပေါက် အောင်မြင်သွားကြပါသည်။ လွှမ်းအောင်မြင်က မြန်မာစာ တစ်ဘာသာဂုဏ်ထူးပါပြီး ရောက ဂုဏ်ထူးနှစ်ခုပါသည်။ ရောက 'ရေဆင်း' ရှိ စိုက်ပျိုးရေးတက္ကသိုလ်သို့ တက်ရောက်ခွင့်ရခဲ့ပြီး လွှမ်းအောင်မြင်ကတော့ တောင်ငူတက္ကသိုလ်တွင်ပင် မြန်မာစာအဓိကတက်နေသည်။

လွှမ်းအောင်မြင်၏ဖေဖေက တော်တော်မကျေနပ်။

'သူ့ခေတ်နဲ့သူ အသုံးတည့်မဲ့ ကွန်ပျူတာလေးဘာလေးတော့ တက်တာမဟုတ်ဘူး၊ ဟိုကဗျာဆရာအိမ် သွားသွားနေပြီး စိတ်ကူးယဉ်လွန်းလို့ အဲဒါယူတာ'

ဒါနှင့်ပဲ လွှမ်းအောင်မြင် ဖေဖေကျေနပ်အောင် အချိန်ပိုင်း ကွန်ပျူတာသင်တန်းများ တက်ပြီး ကွန်ပျူတာစာမေးပွဲအချို့လည်းဖြေရန် တာစူရသည်။

ယမုံကတော့ လွှမ်းအောင်မြင်ကို ကျောင်းမှာ လိုတာတွေအားလုံးကို အသေးစိတ်လိုက်လုပ်ပေးသည့်အပြင် ဆရာတွေနှင့်ပါ မိတ်ဆက်ပေးသည်။

'ကိုယ့်မောင်လေးအရင်းကိုတော့ တခြားမြို့ ပို့ထားပြီး ဘဂ်လားမောင်လေးကိုပဲ ဂရုစိုက်နေတာလား ယမုံ'

ယမုံသူငယ်ချင်း အတန်းကြီးအစ်မကြီးများက လွှမ်းအောင်မြင်ကို ရှေ့ထားပြီး စကြတော့ လွှမ်းအောင်မြင် မျက်နှာရဲခနဲ ဖြစ်သွားသော်လည်း ယမုံက အပြုံးမပျက် ပြန်ဖြေသည်။

'ဘဂ်လားလည်း မရှိဘူး၊ အိန္ဒိယလည်း မရှိဘူး၊ ဒါလည်း မောင်လေးအရင်းပဲနင်တို့ ယောင်းမတော်ချင်တဲ့လူရှိရင် ပြော'

'တကယ်ပြောတာလား၊ မဆိုးဘူးနော်၊ သူ့မောင်ကလေးက ဟီး ဟီး'

'ဟုတ်တယ်၊ ယုန်ကလေးနဲ့ တူတယ်'


www.burmeseclassic.com

www.burmeseclassic.com



လွှမ်းအောင်မြင်စကားပြောလျှင် ရှေ့သွားနှစ်ချောင်း ပေါ်ပေါ်လာတတ်သည်ကို မနေတတ်အောင် ဝိုင်းစကြပြန်သည်။

ကြာတော့လည်း ရိုးသွားသည်။ ရိုးသွားရုံသာမက ယမုံသူငယ်ချင်း အစ်မကြီးများနှင့်ပါ လွှမ်းအောင်မြင် ခင်သွားသည်။ သူတို့ပါ လွှမ်းအောင်မြင်ကို 'အောင်' ဟု ခေါ်တတ်လာကြသည်။ မောင်လေးအရင်းလို ဟိုခိုင်းသည်ခိုင်း လည်း လုပ်သည်။ လိုတာလည်း ကူညီ ကြသည်။

ခြောက်လလောက်ကြာတော့ လွှမ်းအောင်မြင်ကိုခင်ချင်သော အစ်ကိုကြီးတွေပါ ပေါ်လာသည်။

'မမယမုံရေ၊ ဟိုအာခေါင်နီနီနဲ့ မမနောက်က လိုက်လိုက်နေတဲ့ ကိုစိုးမင်းဆိုတဲ့ အစ်ကိုကြီး သိလား၊ ပထဝီကလေ'

မမယမုံက မျက်လုံးကလေး နှစ်ဖက်ပိတ်အောင် ရယ်သည်။

'ကိုစိုးမင်းကို မမသိပါတယ် အောင်ရဲ့၊ အာခေါင်နီနီဆိုတာတော့ အောင် ပြောမှ သတိထားမိတာ၊ ဟုတ်သားပဲ၊ သူက ကွမ်းတွေဝါးဝါးနေတာ'

'အဲဒါ ကျွန်တော့်ကို လက်ဖက်ရည် အတင်းတိုက်ပြီး မမအကြောင်းတွေ လာမေးနေတယ်၊ မမ ပြန်မကြိုက်နဲ့နော်'

'ဟဲ့ ကြိုက်စရာလား၊ အင်း သနားပါတယ်၊ ပြောပေးတဲ့လူကလည်း မကြိုက်နဲ့နော်တဲ့၊ လက်ဖက်ရည်ဖိုးတော့ ရှုံးပြီ'

'ဟာ သူ့လက်ဖက်ရည် မသောက်ချင်ပါဘူး၊ အတင်းဆွဲခေါ်တိုက်လို့ ရှိုင်းမှာစိုးလို့ သောက်ရတာ၊ အရက်သောက်ထားတာ အနံ့ရရင် လူရိပ်မိမှာစိုးလို့ အမြဲ ကွမ်းဝါးနေရတဲ့ လူလိုပုံစံကြီးနဲ့ မမအနားမှာ မမြင်ချင်ပါဘူး'

'သူက သောက်လို့လား'

'မသိဘူးလေ၊ ဒါပေမဲ့ သောက်လို့ ကွမ်းဝါးတဲ့လူနဲ့တစ်ပုံစံတည်းဥစ္စာ၊ ကျက်သရေ မရှိပါဘူး၊ အဲဒီပုံစံမျိုးနဲ့ မမကိုလိုက်တာ၊ သူမို့အားမနာ'

'အင်း တော်တော်အားကိုးရတဲ့ အောင်သွယ်ပဲ'

လွှမ်းအောင်မြင်နှင့် ယမုံ အဲသလိုတွေ ပြောကြသည်ဆိုတာ လွှမ်းအောင်မြင်ကို ခင်ချင်သော အစ်ကိုကြီးများ မရိပ်မိကြရှာပါ။

'မမရေ၊ ဒီတစ်ခါက ဟိုကွမ်းသီးပွဲရုံပိုင်ရှင်သား ကိုဇော်လင်းတဲ့'

'ကိုဇော်လင်းက ဘာဖြစ်လို့လဲ'

'ဘာမှမဖြစ်ပါဘူး၊ မမကို စိတ်ဝင်စားလို့တဲ့၊ အဲဒါ ပြန်မကြိုက်နဲ့'

မမယမုံက ရယ်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

'မကြိုက်ပါဘူးဟယ်၊ ဒါပေမဲ့ ငါ့မောင် သဘောမတူရတဲ့အကြောင်း ဒီတစ်ခါ ပြောမပြတော့ဘူးလား'

လွှမ်းအောင်မြင် စဉ်းစားရကျပ်သွားသည်။ ကိုဖော်လင်းက ဘာမှားသလဲ စဉ်းစား ကြည့်တော့လည်း ဘာမှ အပြစ်ရှာမတွေ့။ ရုပ်ကလည်း ခပ်ဖြောင့်ဖြောင့်ပါပဲ။

'မှားတာကတော့ မမကိုကြိုက်တာပဲ'

'ဟောတော့'

'ဟုတ်တယ်၊ မမလောက်လှပြီး မမလောက် အတွေးအခေါ်ရှိတဲ့မိန်းကလေးနဲ့ ထိုက်တန်တဲ့လူ ဒီမြို့မှာ မရှိနိုင်ပါဘူး မမရယ်'

မမယမုံက ရယ်ပြန်သည်။

'ကဲ ပြောစမ်းပါဦး၊ ဒါဆို ဘယ်မြို့သွားရှာရမှာတဲ့လဲ'

'မရှာနဲ့၊ ဘယ်မြို့မှာမှလည်း ရှိမှာမဟုတ်ဘူး၊ ကျွန်တော်တို့၊ ဧရာတို့၊ နဒီတို့ရဲ့ မမပဲ တစ်သက်လုံးလုပ်တော့'

ယမုံကရယ်၍ သူ့ထမင်းဘူးထဲမှ ဟင်းတစ်တုံးကို လွှမ်းအောင်မြင်၏ ထမင်းဘူးထဲမှ ထမင်းပုံပေါ် လှမ်းတင်ပေးရင်း ပြောသည်။

'လုပ်နိုင်ပါတယ် မောင်လေးရယ်၊ မမက အခုလည်း ဘယ်သူ့မှ စိတ်ဝင်စားတာမှ မဟုတ်တာ၊ ဒါပေမဲ့ မင်းက တစ်သက်လုံး မမရဲ့မောင်လေး လုပ်မှာမို့လို့လား၊ အခုတောင် ကောင်မလေးချောချောလေးတွေ ဖြတ်လျှောက်သွားရင် ဖော်က လည်လည်သွားတတ် နေပြီ'

လွှမ်းအောင်မြင်က ရှက်ကိုးရှက်ကန်းနှင့် 'ယောင်တာပါ၊ မမရဲ့' ဟု ပြော လိုက်သည်။

'ယောင်ပါ ယောက်ျားလေးပဲ၊ မိန်းကလေးတွေ စိတ်ဝင်စားတာ မမ အဆိုးမဆိုပါဘူး၊ အခုက မင်း တကယ်စိတ်ဝင်စားလောက်တဲ့ မိန်းကလေး မတွေ့သေးလို့ မင်းက မမ မောင်လေး လာလုပ်နေတာ၊ တွေ့ပြီးရင် မမကို ဘီလူးသရဲလောက် ရုပ်ဆိုးတဲ့လူကြီး လိုက် လည်း သိမှာ မဟုတ်တော့ဘူး'

'မဟုတ်တာ မမရယ်'

သည်လိုနှင့်ပင် မန္တလေးဆေး တက္ကသိုလ်သွားတက်နေသော မမယမုံ၏သူငယ်ချင်း 'မလေး' တစ်ယောက် ကျောင်းပိတ်၍ တောင်ငူပြန်လာချိန် ရောက်ခဲ့ပါတော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com

လွှမ်းအောင်မြင်နှင့်ယမုံက နေ့လယ်ထမင်းစားချိန်တွေမှာ အမြဲချိန်း၍ အတူတူ စားတာမျိုးမဟုတ်သော်လည်း တစ်ခါတလေ တစ်ယောက်ကိုတစ်ယောက်ရှာ၍ တွေ့လျှင် လည်း အတူတူ စားတတ်သည်။ ယမုံနှင့်အတူစားနေသည်မှာ လွှမ်းအောင်မြင်နှင့်ပါ ခင် နေသော အစ်မကြီးများ ဖြစ်နေလျှင် လွှမ်းအောင်မြင်လည်း အဲသည်အထဲမှာ အတူဝင်စား တတ်သည်။

အဲသည့်နေ့က မမယမုံကို ကန်တင်းမှာတွေ့တော့ လွှမ်းအောင်မြင် တစ်ခါမှ မမြင်ဖူးသော အစ်မတစ်ယောက်နှင့် အတူတူပါ။

ဆံပင်ကတိုသဖြင့် ယောက်ျားလေးဆန်သလို ရှိသော်လည်း အုပ်လုံးကောင်းကောင်း ဖြစ်သည်။ အဲသည်ခေတ်ကတော့ ဗြိတိသျှတော်ဝင် ဝေလမင်းသမီးဒိုင်ယာနာ၏ဆံပင်ပုံစံ နှင့် ခပ်ဆင်ဆင်မို့ 'ဒိုင်ယာ နာဆံပင်'ဟု ခေါ်ကြသည့်ပုံစံမျိုး။ သို့သော် အသားက ဒိုင်ယာနာလို မဖြူပါ။ အသားလတ်သော မမယမုံထက် အနည်းငယ် ပို၍ညိုသည်။ အရပ် က တော်တော်ရှည်ပါသည်။

'ဟယ် အောင် လာ လာ၊ မလေး ဒါ ငါပြောပြောနေတဲ့ ငါ့မောင်လေးရဲ့ သူငယ်ချင်း၊ အခု ငါ့မောင်လေးပဲ ဖြစ်နေပြီဆိုတဲ့ လွှမ်းအောင်မြင်ပေါ့၊ အောင် ထမင်းမစားရသေးဘူး မဟုတ်လား၊ လာ မမတို့လည်း အခုမှ စားမလို့'

လှည့်ကြည့်သော မလေးမျက်နှာကလေးက ညိုစိမ့်စိမ့်ကလေးနှင့် ကြည့်ကောင်း သည်။ တော်တော်ရှည်သော မျက်တောင်များအောက်မှာ ကြည်လင်၍ ကရုဏာရိပ်သန်း နေသော မျက်ဝန်းညိုများရှိသည်။

ထိုမျက်ဝန်းညိုများက လွှမ်းအောင်မြင်ကို မင်သက်သွားစေခဲ့သည်။

တစ်ကမ္ဘာလုံးမှာ သူ့မမယမုံတစ်ဦးတည်းမှာသာ ရှိသည်ဟု သူအမြဲ ထင်ထားခဲ့ သော မျက်ဝန်းမျိုးပါလား။

'မောင်လေး၊ လာထိုင်လေ'

မလေးက ရင်းရင်းနှီးနှီး လှမ်းခေါ်လိုက်သဖြင့် ရုတ်တရက် မင်သက်နေရာမှ သတိပြန်ဝင်လာပြီး လွှမ်းအောင်မြင် ဝင်ထိုင်လိုက်သည်။

'အောင် ဒါ မလေးတဲ့၊ မမ သူငယ်ချင်း စာသိပ်တော်တယ်၊ မန္တလေး ဆေးမှာ တက်နေတာ၊ ဆရာဝန်လောင်းပေါ့၊ ကျောင်းရက်တိုကလေးပိတ်လို့ ခဏပြန်လာရင်း မမ ဆီ လာလည်တာလေ၊ မလေးကတော့ အောင့်ကို ကြားဖူးပြီးသားပါ'

မလေးကပြုံး၍ ခေါင်းညိတ်ပြသည်။

'ကြားဖူးလို့ လာလည်တာပေါ့၊ ယမုံမှာ မောင်လေးချောချောလေးတစ်ယောက် ရထားတယ်ဆိုလို့လေ'



www.burmeseclassic.com

www.burmeseclassic.com


လွှမ်းအောင်မြင်မျက်နှာ ရဲခနဲ ဖြစ်သွားသည်။ ယမုံက ရယ်သည်။

'ဟုတ်လား၊ ဟိုအဖွဲ့ကတော့ ငါ့မောင်ကို ယုန်ကလေးနဲ့ တူလို့တဲ့'

'မတူပါဘူးဟယ်၊ ရှင့်မောင်က ချောပါတယ်၊ အင်း'

မလေးက စဉ်းစားယောင်ပြုသည်။ အဲသည့်ခေတ်က မိန်းကလေး သူငယ်ချင်း အချင်းချင်း ရှင်နှင့်ကျွန်မ ပြောကြတာ ခေတ်စားနေသည့်အချိန်ပေါ့။ မလေးက ယမုံ မျက်နှာကို လှမ်းကြည့်သည်။

'အမှန်က ယမုံနဲ့တူတာ သိလား၊ ရှင်တို့မောင်နှမအရင်းဆို ယုံလောက်တယ်'

လွှမ်းအောင်မြင်ရင်ထဲ နွေးခနဲ။

*

အံ့သြဖို့တော့ ကောင်းသည်။

မလေး၏ရှေ့ပိုင်း လွှမ်းအောင်မြင်ကို ရုပ်ချောသည်ဟု ဘယ်သူမှ မပြောစဖူး။ လွှမ်းအောင်မြင်က တော်တော်ရုပ်ဆိုးသည်ဟု ထင်ပြီး၊ ရောက 'လိမ္မော်သီး မီးဖုတ်'ဟု နောက်ပြောင်ဖူးသည့် အစ်ကိုကြီး လွှမ်းမြင့်မြတ်ကဆိုလျှင် လွှမ်းအောင်မြင်ကို ရုပ်ဆိုး သည်ဟုပင် မကြာခဏ ပြောတတ်သည်။ ညီလေးလွှမ်းချစ်ခင်ကိုတော့ အိမ်လာသမျှ ဧည့်သည်အားလုံးက ရုပ်ချောကြောင်း ခဏခဏ ပြောကြသည်။

သည်တော့ လွှမ်းအောင်မြင်က သူ့ကိုယ်သူ ရုပ်ဆိုးသည်ဟု သတ်မှတ်ထားခဲ့ မိသည်။ မလေးနှင့် တွေ့သည့်အချိန်အထိပေါ့။

ယခုတော့ မလေးက လွှမ်းအောင်မြင်ကို မောင်လေးချောချောလေးဟု ပြောရုံ သာမက သီပိလှသည့် မမယမုံနှင့် တော်တော်တူသည်ဟု ပြောလာသဖြင့် လွှမ်းအောင်မြင် မလေးကို တော်တော်လေး ခင်သွားသည်။

ယောကျ်ားလေးမို့ ကိုယ့်ရုပ်ချောသည်၊ မချောသည်ကို လွှမ်းအောင်မြင်စိတ်ထဲတွင် တခုတ်တရ မရှိလှပါ။ သို့ သော် ယမုံတို့မိသားစုဝင် ငါးဦးကလွဲလျှင် လွှမ်းအောင်မြင်၏ ဘဝတွင် သူ့ကို လိုက်လိုက်လှဲလှဲ နွေးနွေးထွေးထွေး စကားပြောဖူးသူ မရှိသလောက်ဖြစ်နေ၍ တွေ့တွေ့ချင်း အဲသလိုဆက်ဆံသည့် မလေးက သူ့အတွက် ထူးခြားနေတာကတော့ အမှန် ပါပေ။

မလေး မန္တလေးမပြန်မီအတွင်း ယမုံတို့ခြံတွင် မလေးနှင့်နှစ်ခါလောက် ထပ်ဆုံ တော့လည်း မလေးက တရင်းတနှီး။ ပေါ်တော်မူဘုရား လိုက်ပို့ပေးပါ ပြော၍ပင် မမယမုံ၊ နဒီတို့နှင့်အတူ လိုက်ပို့ပေးလိုက်ရသေးသည်။ နောက်တော့ မလေးက ကျောင်းမှာ လွှမ်း အောင်မြင်ကို တစ်ယောက်တည်း လာရှာသည်။ ပြန်တော့မလို့ လာနှုတ်ဆက်တာတဲ့။

www.burmeseclassic.com

www.burmeseclassic.com



'စာမှန်မှန်ရေးနော် မမ'

လွှမ်းအောင်မြင်က ဘာရယ်မဟုတ်။ ရယ်စရာလုပ် ပြောလိုက်ခြင်း ဖြစ်သည်။ ယခုမှ သုံးလေးခါ တွေ့ဖူးသည့်လူချင်း စာရေးစရာအကြောင်းမှ မရှိပဲ။ သို့သော် မလေးက မရယ်ပါ။

'မန္တလေးမှာ တစ်ယောက်တည်း သွားနေရတော့ စာလာရင် သိပ်ပျော်တာ၊ မမက စာရေးရင် အောင်က ပြန်မှာလား'

လွှမ်းအောင်မြင် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ယောကျ်ားကလေး တစ်ယောက်၊ အထူးသဖြင့် သူ့လို ဘယ်မိန်းကလေးကမှ စိတ်မဝင်စားသည့် ယောကျ်ားလေးတစ်ဦးကို မိန်းကလေး တစ်ဦး၊ အထူးသဖြင့် ဆေးကျောင်းသူ လှလှကလေးတစ်ဦးက စာစရေးဖို့ဆိုတာ အိပ်မက်တောင်မမက်ဖူးခဲ့ပါ။ ၁၇ နှစ် ကျော်ကာစ ရင်ကို တဒိန်းဒိန်း ခုန်စေပါသည်။

'ပြန်မှာပေါ့၊ မဟုတ်ဘူးလေ၊ ရေးမှာပေါ့ မလေးရဲ့'

မလေးက မထိတထိ ပြုံးသည်။

'ကြည့်သေးတာပေါ့၊ ဘယ်သူ့စာက အရင်ရောက်မလဲလို့'

*

လွှမ်းအောင်မြင် အံ့အားသင့်ရပြန်ပါသည်။

မလေး မန္တလေးပြန်သွားပြီး လွှမ်းအောင်မြင် မလေးဆီ စာရေးဖို့ စိတ်ပင် မကူးရသေးခင်အချိန်မှာ မလေးဆီကစာ ရောက်လာပါသည်။

ရိုးရိုးစာမဟုတ်။ စာမျက်နှာ ၁၀ မျက်နှာကျော်သော စာအထူကြီးပါ။

ထွေထွေထူးထူးတော့လည်း ဘာမှ မပါ။ မန္တလေးဆေးတက္ကသိုလ်မှာ ကျောင်းတက်ရင်း နေ့စဉ် သူကြုံတွေ့ရသမျှကိစ္စတွေကို ဒိုင်ယာရီရေးသလို လွှမ်းအောင်မြင်ကို တိုင်တည်၍ ဖွဲ့ဖွဲ့နွဲ့နွဲ့ ရေးထားတာပါ။

ဘာမှ မယ်မယ်ရရ မဟုတ်သော်လည်း မိမိထက် အနည်းငယ်သာကြီးသည့် ဆေးကျောင်းသူ လှလှကလေးတစ်ဦးက မိမိကို သည်မျှတရင်းတနှီး အချိန်ကုန်ခံ ရေးထားသဖြင့် သူ ငါ့ကိုတစ်ချိန်လုံး သတိရနေတာပါလားဆိုသည့်အတွေးက လူပျိုပေါက်ကလေး ၏ရင်ကို တလှပ်လှပ်ခုန်စေသည်။

ချက်ချင်းပင် စာရှည်ရှည် ပြန်ရေးမိသည်။ သူ့လိုပင် သည်ကတစ်နေ့ နိစ္စဓူဝ ကြုံသောကိစ္စတွေချည်းပါပဲ။ ဒါနှင့်ပဲ အပြန်အလှန် စာအစောင် ရေတော်များများ ရေးနေဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ယမုံ မသိ။ လွှမ်းအောင်မြင် ယမုံကိုလည်း ပြောမပြရဲ။ စနေ၊ တနင်္ဂနွေတွေမှာ ပြန်ပြန်လာတတ်သော ရောကိုတော့ စာထုပ်ကြီးတစ်ခါ ပြမိသည်။ ရောက ရယ်သည်။

'မန္တလေးမှာ ဘောပင်နဲ့ စာရေးစက္ကူ သွားရောင်းစားဦးမှပဲ'

လှလားဟုလည်း မေးသည်။ လှတယ်ဟု ဖြေတော့ 'ဆေးကျောင်းသူက မင်းကို ကျောရရုံတော့ ကြံမှာမဟုတ်ပါဘူး'ဟု စ၍ ရယ်ပြန်သည်။

'ဟကောင်၊ နောက်မနေနဲ့၊ ငါက မင်းကို အကြံတောင်းနေတာ'

ရောက ပခုံးတွန့်ပြသည်။

'ပေးတတ်ဘူးလေကွာ၊ ဘယ် ဆေးကျောင်းသူလှလှကလေးကမှ ငါ့ လာမကြိုက်ဖူးတာ'

'မင်းက မလေးက ငါ့ကြိုက်နေပြီလို့ တွက်တာလား'

ရောက သူ့နဖူးကိုသူ လက်ဖဝါးနှင့်ရိုက်သည်။

'တစ်မြို့စီနေရရင် မင်းကိုမကြိုက်ဘဲ အဲသလို စာအရှည်ကြီး ရေးနိုင်လောက်တဲ့ သူဆိုလို့ ငါ့အစ်မနဲ့ ငါ့နှမပဲရှိတယ် ဟေ့ကောင်၊ ကျန်တဲ့မိန်းကလေး ဘယ်သူရေးရေး အဲဒါကြိုက်လို့ပေါ့ကွ'

လွှမ်းအောင်မြင် တွေဝေစဉ်းစားသည်။

'ငါ ဘာလုပ်ရမှာလဲ'

'ဘာလုပ်ရမှာလဲဟ၊ မင်း သူ့ကို တကယ်ချစ်ရင် ဆက်လုပ်၊ မချစ်ရင် စောစော စီးစီးဖြတ်၊ လှလှကလေးမို့ ဆေးကျောင်းသူကလေးမို့ ကိုယ့်ကို ပထမဦးဆုံး စိတ်ဝင်စားတဲ့ မိန်းကလေးမို့လို့တော့ သာယာပြီး မျောမနေနဲ့နော်၊ မင်းမှာ အစ်မရင်း၊ နှမရင်း မရှိပေမဲ့ မမယမုံနဲ့နဒီကို မင်းအစ်မရင်း၊ နှမရင်းလို ချစ်တာ ငါသိပြီးသားပဲ၊ မလေးကို မမယမုံ နေရာထားပြီး ကိုယ်ချင်းစာတတ်အောင်လုပ်၊ အားနာလို့လည်း မချစ်နဲ့၊ အားနာပြီး မချစ်ရင် ဒုက္ခမပေးဘဲ နေတတ်ရတယ်၊ ဟေ့ကောင်'

လွှမ်းအောင်မြင် ပို၍တွေဝေသွားသည်။ များမကြာမီ အဲသည့်ကိစ္စ ယမုံ သိသွားပါသည်။

*

ရောက ယမုံကို ပြောမပြပါ။ နှုတ်လုံ့ရှာပါသည်။ ပြဿနာရှာတာက စာပို့ သမား။

မလေးပို့သော စာအိတ်အထူကြီးကို အိမ်မှား၍ နောက်ဖေးအိမ်ကို သွားပို့သည်။ ဒေါ်လေးက လွှမ်းအောင်မြင်နာမည်တွေ့တော့ ပေးပေးရန် ယမုံကိုအပ်သည်။


www.burmeseclassic.com

ပေးပို့သူအမည်ရယ်၊ စာအိတ်အထူရယ်၊ စောင်ရေကို နံပါတ်တပ်ထားသော ဂဏန်းရယ်ကို ပေါင်းစပ်စဉ်းစားကြည့်လျှင် ဘာတွေဖြစ်နေသည်ဆိုတာကို ယမုံနားလည်သွားဖို့က တစ်နှင့်တစ်ပေါင်းရသလောက် မခက်ခဲပါ။

'မောင်လေးတို့က ချစ်သူတွေ ဖြစ်နေကြတာလား'

ယမုံက အေးအေးလေးပင် မေးပါသည်။ လွှမ်းအောင်မြင်က အနေရခက်စွာ ခေါင်းခါပြရပါသည်။

'သူကတော့ အောင့်ကိုချစ်နေတာ သေချာတယ်၊ အောင့်ပြဿနာက သူ့ကို ခင်တော့ ခင်တယ်၊ ချစ်တာ ဟုတ်လား၊ မဟုတ်လား မသေချာတာ ဟုတ်တယ် မဟုတ်လား'

လွှမ်းအောင်မြင် ယမုံ့ကို အံ့သြစွာ မော့ကြည့်မိသည်။

'ဟုတ်တယ် မမ'

'သူ့စာတွေရောက်ရင်တော့ ပျော်တယ်၊ သူ့စာတွေဖတ်ရတာ ပျော်တယ်၊ သူ့အကြောင်း စဉ်းစားရတာ ပျော်တယ်၊ အဲဒါ သူ့ကိုချစ်နေမိတာလား၊ အဲသလို တွေးနေတာ မဟုတ်လား'

လွှမ်းအောင်မြင် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

'မမ ဘယ်လိုလုပ်'

ယမုံက ပြုံး၍ ခေါင်းခါသည်။

'သာယာတာပါကွယ်၊ မလေးက လှလည်း လှတယ်၊ ထက်လည်း ထက်မြက်တယ်၊ အောင့်ကိုလည်း သိပ်အရေးတယူရှိတယ်၊ အောင့်ဘဝမှာ အဲသလို ခင်စရာကောင်းတဲ့ သူစိမ်းမိန်းကလေးက မမနဲ့နဒီပဲ ရှိဖူးတာ၊ မမနဲ့နဒီက အောင့်အစ်မအရင်း၊ နှမအရင်းလို ဖြစ်နေခဲ့တော့ သူစိမ်းထဲမှာ ဒါပထမဆုံးဆိုတော့ အောင် သာယာတာမိပေါ့၊ ချစ်မိသွားရ အောင်က အောင်က အခုမှ ၁၇ နှစ်ပြည့်ပြီးရုံပဲ ရှိသေးတယ်၊ တစ်သက်လုံး ချစ်ရမဲ့အချစ်ဆိုတာ ဘယ်လိုဟာမျိုးဆိုတာဆုံးဖြတ်ဖို့ အောင် ကိုယ့်ကိုယ်ကို ယုံကြည်မှု ဘယ်လောက်ရှိနေပြီမို့လို့လဲ'

လွှမ်းအောင်မြင် အကြာကြီး ငိုင်သွားပါသည်။ယမုံက အေးအေးဆေးဆေးပင် ထမင်းဘူးထဲမှ ထမင်းကို ဆက်စားနေပါသည်။

'မမ၊ ကျွန်တော် အခု ဘာလုပ်ရမလဲဟင်'

ယမုံက ရယ်သည်။

'ဟဲ့ အဲဒါ မမပြောရမှာ မဟုတ်ဘူးလေ၊ ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်ရမှာ မဟုတ်ဘူးလား၊ မမ ဝင်ပြောလို့ အောင်တို့အဆင်မပြေဖြစ်ရင် မမတရားခံ ဖြစ်မှာပေါ့၊ ပြီးတော့ မလေးက မမကို ဘယ်လို ထင်မလဲ'



www.burmeseclassic.com

www.burmeseclassic.com


လွှမ်းအောင်မြင် ခေါင်းကုတ်သည်။

'မမပြောတာတွေက စဉ်းစားကြည့်တော့ အားလုံးဟုတ်နေတယ်၊ ခက်တာက အခု ကျွန်တော်က ဘယ်လိုလုပ်ပြီး'

ယမုံ သက်ပြင်းချသည်။

'မလွယ်တော့ဘူးဆိုတာ မမသိပါတယ်၊ ဒါကြောင့် ဝင်မပြောချင်တာပေါ့၊ ဒီအဆင့်ထိ ရောက်ခဲ့ရလားလို့လည်း အောင့်ကို အပြစ်မတင်ချင်ပါဘူး၊ မလေးက အသက် ၂၀၊ အတွေးအခေါ်ကလည်း ရင့်ကျက်နေပြီးသား၊ သူ့ အောင့်ကို စိတ်ကစားတာမဟုတ်ဘူး၊ တကယ်ချစ်သွားတာ ဖြစ်မှာ၊ မိန်းကလေးတစ်ယောက်အတွက်က ကိုယ့်ကို ယောကျ်ားလေးတစ်ယောက်က လာချစ်တာ ဘာမှထူးခြားတဲ့ကိစ္စ မဟုတ်ဘူး၊ မိန်းကလေး ဖြစ်လာရင် ကြုံမှာပဲဆိုတာ အရွယ်မရောက်ခင်ကတည်းကကို တွေးထားမိပြီးသား၊ ယောကျ်ားလေးတစ်ယောက်အတွက်ကတော့ မိန်းကလေးတစ်ယောက်က ကိုယ့်ကိုချစ်တယ်ဆိုတာ တုန်လှုပ်တတ်ကြတဲ့ အမျိုးပဲ၊ ဒါပေမဲ့ အောင် သိထားရမှာက အောင့်တစ်သက်မှာ ကိုယ့်ကိုချစ်တဲ့ မိန်းကလေး တစ်ယောက်မကတော့ တွေ့မှာပဲ၊ ကိုယ်ကလည်း မိန်းကလေးတစ်ယောက်ကို ချစ်သွားနိုင်သေးတာပဲ၊ အောင် ချစ်မိသွားတဲ့မိန်းကလေးက မလေးလည်း ဖြစ်ချင်ဖြစ်သွားနိုင်သေးတယ်၊ အင်းလေ အဲသလိုဆိုရင်တော့ ကောင်းတာပေါ့'

လွှမ်းအောင်မြင် စကားမပြန်နိုင်သေးပါ။

*

'နောက်တော့ ဘာဖြစ်သွားလဲဟင် အစ်ကို'

ဥက္ကာက စိတ်လောကြီး၍ ဖြတ်မေးလိုက်သည်ကို အိမြတ်က သည်တစ်ခါမဟန့်ပါ။ သူလည်း သိချင်စိတ်စောနေပုံ ပေါက်နေပါသည်။

လွှမ်းအောင်မြင်က ပြုံးသည်။

'မိန်းကလေးဆိုတော့ မာနတော့ ရှိတာပေါ့ကွာ၊ တစ်စောင်နှစ်စောင် စာမပြန်ဘဲနေတော့ သုံးလေးစောင်မှာ ဘာဖြစ်လို့လဲမေး၊ မဖြေတော့ လေးငါးစောင်အထိ ဘယ်သူရေးတော့မှာလဲ၊ အဲဒီထဲက မတွေ့တော့တာပါပဲ'

ဆရာချစ်က ခေါင်းတညိတ်ညိတ်နှင့် ဝင်မေးသည်။

'မင်း အဲဒီလိုလုပ်ခဲ့မိတာ မင်း အခု နောင်တရသေးလား'

လွှမ်းအောင်မြင်က ခေါင်းခါပြသည်။

'အားနာတာပဲ ရှိပါတယ်၊ ကျွန်တော့်လိုကောင်ကများ ဒီလိုအဖိုးတန်မိန်းကလေးကို အင်တင်တင်လုပ်ရတယ်ပေါ့လေ၊ ဒါပေမဲ့ ခုနေ ပြန်စဉ်းစားကြည့်လိုက်တော့လည်း သူက


www.burmeseclassic.com

 www.burmeseclassic.com 

သူ့ဟာသူရှိနေတဲ့ အဖိုးတန်မိန်းကလေးတစ်ယောက်ပါပဲ၊ ကျွန်တော့်ဘဝအတွက် တစ်ခုခု အရေးပါ အရာရောက်တဲ့လူလို့တော့ မခံစားမိတာ အမှန်ပဲ'

'အစ်ကို အခုလည်း ချစ်သူမှ မရှိတာမဟုတ်လား၊ အဲဒီမမ မလေးကို တကယ် ချစ်ခဲ့မိတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့'

အိမြတ်က ဝင်ပြောတော့ လွှမ်းအောင်မြင်ကပြုံး၍ တကယ်က လူတွေ အများကြီးကို ချစ်လို့ရလားဟု ပြန်မေးသည်။ အိမြတ်က နှုတ်ခမ်းစူသည်။

'အစ်ကိုက မိန်းကလေးတွေအများကြီးကို ချစ်နေပြီလား'

လွှမ်းအောင်မြင်က ရယ်၍ ခေါင်းခါသည်။

'ဘယ်သူမှ မချစ်ရသေးပါဘူး၊ ဒါပေမဲ့ တွေးကြည့်တာလေ၊ ယောက်ျားလေး နဲ့မိန်းကလေး ချစ်ကြတယ်ဆိုတာ နှစ်မျိုးတော့ ရှိမှာပဲပေါ့၊ တစ်မျိုးက ဆန့်ကျင်ဘက်လိင် တို့ရဲ့သဘာဝ ဆွဲငင်ကြတာ၊ လှတာကို မက်တာလား၊ အမူအယာကလေးကို မက်တာလား၊ ဂရုစိုက်တတ်တာကို မက်တာလား၊ မက်လုံးတစ်ခုခုကတော့ ရှိရမှာပေါ့၊ ပြဿနာက အဲဒီ မက်စရာရှိနေတုန်းတော့ အရှူးအမူးချစ်ကြတာပေါ့၊ အဲဒီမက်စရာလေးလည်း မရှိတော့ရော သွေးအေးသွားပြန်ရော၊ နောက်တစ်မျိုးက အဖော်မွန်ဆိုတာမျိုးပေါ့၊ ဘဝကို သူနဲ့အတူတူသာ ကျော်ဖြတ်ခွင့်ရရင် ရင်ထဲမှာ နွေးထွေးလုံခြုံနေမှာပဲဆိုတာမျိုး၊ မက်လုံးမပါဘဲ သံယောဇဉ် ဖြစ်တာ၊ မြတ်နိုးတာ၊ ဂရုစိုက်ချင်တာ၊ ဂရုစိုက်ခံချင်တာ'

'အဲဒါ အချစ်စစ်ပေါ့ အစ်ကိုရဲ့'

လွှမ်းအောင်မြင်က ခေါင်းခါသည်။

'အချစ်စစ်ဆိုတာ လောကကြီးမှာ တကယ်ရှိသလား၊ မရှိသလား အစ်ကိုတော့ မသိဘူး၊ အဲသလိုစိတ်မျိုးကတော့ လူတွေအများကြီးအပေါ် ဖြစ်နိုင်တာတော့ သေချာတယ်၊ အနီးစပ်ဆုံး ဥပမာပေးရရင် မိဘအပေါ်လည်း ရှိနိုင်တာပဲ၊ သားသမီးအပေါ်လည်း ရှိလာနိုင်တာပဲ၊ သူငယ်ချင်းတောင် သိပ်ရင်းနှီးရင် ရှိတတ်တာပဲ'

'ကျွန်တော်နဲ့ အိမြတ်လို့ပေါ့'

ဥက္ကာက ဝင်စသဖြင့် အိမြတ်ကလှည့်၍ ပခုံးကို ထုသည်။

'ခက်တာက စာအုပ်တွေထဲမှာ ပြောတဲ့အချစ်စစ်ဆိုတာမျိုးသာ အပြင်မှာ တကယ် ရှိရင် တစ်သက်မှာသည် တစ်ချစ်၊ တစ်ချစ်မှာ တစ်ယောက်တည်းတို့ ဘာတို့ဖြစ်ရမှာ မဟုတ်လား၊ အစ်ကို့မှာ အဲသည့်စိတ်မျိုးတော့ မပေါ်ဖူးဘူး'

'နှစ်ယောက်တော့ ပေါ်တယ် မဟုတ်လား'

ဆရာချစ်က ဝင်ထောက်လိုက်သဖြင့် လွှမ်းအောင်မြင် ပါးစပ်ဟောင်းသား ဖြစ်သွားသည်။ အတော်ကြာငိုင်၍ စဉ်းစားနေပြီးမှ ခေါင်းညိတ်သည်။


www.burmeseclassic.com

www.burmeseclassic.com


'ဟုတ်တယ်၊ နှစ်ယောက်၊ မမယမုံနဲ့နဒီ၊ ဒါကြောင့်လည်း အဲဒီအချစ်ကို လူတွေ ပြောပြောနေကြတဲ့အချစ်လို့ ကျွန်တော် လုံးဝ မထင်ဘူး၊ ဖြူဖြူစင်စင်မောင်နှမအရင်း တွေကြားထဲမှာ ရှိတတ်တဲ့သံယောဇဉ်ပဲလို့ ကျွန်တော် သတ်မှတ်တယ်'

အိမ်မြတ်က သီချင်းစိတ်စောဟန်ဖြင့် ဝင်မေးသည်။

'မမယမုံနဲ့အစ်ကို အဲဒီကိစ္စ ပြောဖြစ်ကြတယ်ဆိုတာ မလေး သိသွားသေးလား'

လွှမ်းအောင်မြင် မျက်နှာအိုသွားသည်။

'ရိပ်မိတယ် ထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့အတန်းက အ·ထ·က ကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲမှာ ပြန်ဆုံတော့ မမယမုံကို စကားမပြောဘူးတဲ့'

ဥက္ကာက 'အခုရော အစ်ကိုရင်ထဲမှာ ဘယ်လိုမှ မနေတော့ဘူးလား' ဟု မေးသည်။ လွှမ်းအောင်မြင်က ရေပြန်ကြည်သွားပါပြီကွာဟု ရယ်၍ ပြန်ဖြေသည်။

'ဘာလဲ အစ်ကိုရ'

'ဦးရေးတဲ့ ကဗျာပဲလေ၊ တိုတိုလေး၊ နာမည်က ဘဝဧည့်သည်တဲ့'

ဘဝဧည့်သည်

*ခြေရာမထင်*
*ကန်ရေပြင်တွင်*
*ရေလှုပ်ခေတ္တနောက်ရစ်သည်။*

တဲ့။ ခြေရာကတော့ အစကတည်းက မထင်ပါဘူး။ ရေလေးတော့ ခဏ နောက် သွားတာပေါ့၊ အခုတော့ ပြန်ကြည်သွားပါပြီ'

အိမ်မြတ်က နှုတ်ခမ်းစူ၍ 'ယောကျ်ားတွေများ' ဟု ရေရွတ်သည်။

*

'ဆရာ ချမ်းလား'

လွှမ်းအောင်မြင်က ဆရာချစ်ကို လှည့်မေးတော့ ဆရာချစ်က ရေနွေးကြမ်း သောက် နေရင်းက ခေါင်းခါပြသည်။

'ကျွန်တော် ချမ်းလာသလိုပဲ၊ ဖျားများဖျားချင်လား မသိဘူး'

အိမ်မြတ်က ကဲ ကဲ မနက်ဖြန် ကျောင်းဖွင့်ရက်ဆိုတော့ ညနေကျမှ ဆုံရအောင်၊ ဒီနေ့ ချမ်းနေရင် ဆေးသောက်နားလိုက်၊ ဒီနားမှာ ဆရာဝန်မလေး 'မလေး' လည်း ရှိတာ မဟုတ်ဘူးဟု ပြောသည်။

www.burmeseclassic.com


ဥက္ကာက မျက်မှောင်ကြုတ်သည်။

'အစ်ကို့မလေးနာမည် အရှည် ပြောပြလို့ရမလား'

လွှမ်းအောင်မြင်က ပြုံးသည်။

'ရပါတယ်၊ ဆုံရင်သာ သွားမပြောနဲ့ပေါ့၊ လှိုင်လှိုင်လေးတဲ့'

ဥက္ကာရော၊ အိမ်မြတ်ပါ မျက်လုံးပြူး၍ တစ်ယောက်မျက်နှာတစ်ယောက် လှည့်ကြည့်ကြသည်။

'ဘာလဲ မင်းတို့က'

ဥက္ကာက စုပ်သပ်သည်။

'ဟိုတစ်ခါ အိမ်မြတ်ဆိုင်ကယ် လဲတုန်းက ကျွန်တော် မကွေးဆေးရုံကြီး လိုက်ပို့ရတယ်လေ၊ အဲဒီနေ့က ကြည့်ပေးတဲ့ မမနာမည်က ဒေါက်တာလှိုင်လှိုင်လေး တဲ့၊ အစ်ကို့အရွယ်သာသာပဲ၊ ဒီနာမည်မျိုးတော့ နာမည်တူမရှိလောက်ဘူး ထင်တယ်'

စကားဝိုင်းတစ်ခုလုံး တိတ်ဆိတ်သွားပါသည်။

*


www.burmeseclassic.com

www.burmeseclassic.com



# ချစ်ဖရာ့ဒိပ်ကလေး
(၁)

**လက်ကာရည်ကျော်**

www.burmeseclassic.com

www.burmeseclassic.com



# A Happy Family is but an Earlier Heaven.

## ၈

ဘုရား ဘုရား။

မီးခဲတွေ ဘယ်လိုလုပ်ပြီး ငါ့ပါးစပ်ထဲ ရောက်နေရတာလဲ။

မျိုချလိုက်တိုင်း ခိုးလို့ခုလု။ ကျွက်ကျွက်ဆူသော ရေနွေးအိုးကဲ့သို့လည်း ပူလောင်လှသေးသည်။ လည်ပင်းတစ်ခုလုံး ကွဲထွက်တော့မလို။

လည်ပင်းချည်းသာ မဟုတ်။ ခေါင်းကလည်း တဒိန်းဒိန်းထိုးကိုက်နေသည်။ ထိုခေါင်းကိုက်လွန်းသော ဝေဒနာကြောင့်ပင် အိပ်ရာမှ လန့်နိုးလာခဲ့ခြင်းဖြစ်သည်။ ထ၍ ရေတစ်ခွက် ခပ်သောက်မည်ဟု ကြံစည်မိသည်။ သို့သော် ဘယ်လိုမှ မရ။ လက်တွေ၊ ခြေတွေက ခဲဆွဲထားသလို လေးလံနေသည်။

ပြန်အိပ်တော့လည်း အိပ်မပျော်။ လည်ချောင်းက ပူလောင်စပ်ရှလွန်းသည်။

မဟုတ်သေးဘူးလေ။

တစ်ကိုယ်လုံးကလည်း ပူလောင်နေသည်မဟုတ်ဘူးလား။ ရေနွေးကန်ထဲမှာ စိမ်ထားရသလို။ သေချာပါပြီ။ ငါ ဖျားနေပြီ။ ဒုက္ခပဲ။ ဖျတ်ခနဲ မမယမုံကို သတိရသည်။

တောင်ငူမှာတုန်းက သည်လိုပဲ သူ အပြင်းဖျားပြီး ဆေးရုံတက်ရတုန်းက မမယမုံ ဆေးရုံလိုက်လာဖူးသည်။ အဲသည်တုန်းက မမယမုံတို့အိမ်နှင့် သူတို့အိမ် အကြီးအကျယ် ပြဿနာတွေ တက်နေကြချိန်။

'ဒီမဟုတ်ကဟုတ်ကတွေကြောင့် ငါ့သားဘဝ နစ်မွန်းတော့မှာပဲ'

ဖေဖေက ဒေါသတကြီးနှင့် အော်ဟစ်ခဲ့သည်။ အနားမှာ မမယမုံတို့ မရှိပေမဲ့ ဖေဖေက အသံကုန်အော်နေတာမို့ အနောက်ခြံက ကြားနိုင်သည်။ သူတို့ကို ဆိုဆိုမှန်း သိသာသည်။ စကားလုံး ကလည်း ရင့်သီးသည်။

လွှမ်းအောင်မြင် နှုတ်ခမ်းတို့ တဆတ်ဆတ်တုန်နေခဲ့သည်။ ပထမတော့ ဘာစကားမှ ထွက်မလာ။ ထွက်လာတော့လည်း စကားလုံးတို့က မိုးသီးမိုးပေါက်လို ပြင်းထန်သည်။



www.burmeseclassic.com

www.burmeseclassic.com


သားတစ်ယောက်က အဖေတစ်ယောက်ကို ဘယ်လိုမှ မပြောသင့်သောစကားများ။ ဘာတွေပါလိမ့်။ ပြန်စဉ်းစားလိုက်တော့ ဘာမှ မမှတ်မိတော့။

မှတ်မိတာက ဖေဖေ့မျက်နှာကြီး နီလာသည်။ လွှမ်းအောင်မြင်ကို ခြေထောက်နှင့် လှမ်းကန်သည်။ လွှမ်းအောင်မြင် လွင့်စင်လဲကျသွားသည်။

တစ်စုံတစ်ဦးက လာပွေ့သည်။ နူးညံ့နွေးထွေးသော အထိအတွေ့ကြောင့် ပထမ မမယမုံဟု ထင်မိသည်။ သို့သော် မော့ကြည့်လိုက်တော့ မေမေ ဖြစ်နေသည်။ မေမေ့မျက်နှာတစ်ခုလုံး မျက်ရည်တို့ ဒရဟောစီးကျနေသည်။

'ဒါ ဘာလုပ်တာလဲ၊ ဘာဖြစ်လို့ လုပ်ရတာလဲ၊ ရှင့်သားမဟုတ်ဘူးလား၊ ရှင့်သွေးသားအစစ်၊ ကလေးက နေလည်းကောင်းတာမဟုတ်ဘူး'

ဘုရားရေ။ မေမေ ဘယ်တုန်းက ငါ့ကို အဲ့သလောက်ချစ်သွားခဲ့ရတာလဲ။ ဖေဖေရော။ ဖေဖေလည်း ဇက်ကျိုးသွားခဲ့သည်။ သူ့ရှေ့မှာဒူးထောက်ထိုင်ချသည်။

'သားရယ် ဆောရီးကွာ၊ နာသွားလားဟင်'

ဖေဖေက သူ့ခေါင်းကို ကြင်နာစွာ ပွေ့ဖက်မည်လုပ်တော့ သူ အလန့်တကြား ရုန်းထွက်သည်။ ဖေဖေက နောက်တစ်ကြိမ် ပွေ့ဖက်ရန်ပြင်သည်။ သူက ထိုင်ရက်က နောက်ကိုရုန်းတော့ မေမေက ဖေဖေ့ကို လက်ကာပြသည်။

ဘာတွေလဲ။ အဲဒီတုန်းက ဘာတွေ ဖြစ်ကုန်တာတဲ့လဲ။

ခေါင်းကတစ်စစ်စစ် ကိုက်လာသည်။ ဘုရားရေ၊ ဘယ်လိုမှလည်း စဉ်းစားလို့ မရတော့ပါလား။ မှတ်မိတာ နှစ်ခုသာရှိသည်။ တစ်ခုက အဲသည်တုန်းက သူ အခုလိုပဲ ကိုယ်ခြစ်ခြစ်တောက် ပူနေခဲ့သည်။ နောက်တစ်ခုက ဖေဖေနှင့် မေမေ အဲသည့်ညက သူ့ကို သိပ်ဂရုစိုက်ခဲ့ကြသည်။ ညဦးနက်ပိုင်းကျတော့ သူကတော့ သူ့ကိုယ်သူ အိပ်ပျော်သွားသည်ဟု ထင်သည်။ ဖေဖေနှင့်မေမေ ပြောပြတာတော့ သူအဖျားကြီးပြီး သတိလစ်သွားသည်တဲ့။

နောက်တစ်နေ့မနက် သူ ဆေးရုံမှာ နိုးလာသည်။ ညပိုင်းကျတော့ မမယမုံ သတင်းလာမေးသည်။ မနေ့ကပဲ မမယမုံတို့မိသားစုကို အကြီးအကျယ် ရန်လိုခဲ့သော ဖေဖေ မမယမုံလာတာကို အဲသည်ညက ရန်မလုပ်။ ငြိမ်သက်စွာ ထထွက်သွားပေးခဲ့သည်။

နေပါဦး။ အဲဒါတွေ မှတ်မိပါတယ်။ မမှတ်မိတာက အဲဒီရှေ့က ဘာတွေဖြစ်ကြတာလဲ။ စဉ်းစားရင်း ခေါင်းကတစစ်စစ် ကိုက်လာပြန်သည်။

အဲသည်အချိန်မှာ အိပ်ရာဘေး စားပွဲပေါ်က လက်ကိုင်ဖုန်းက မြည်လာသည်။ အချိန်ကိုကြည့်တော့ ည ၁၀ နာရီ။ ဆရာချစ်တို့နှင့် လမ်းခွဲခဲ့တာက ၉ နာရီ။ ဟုတ်ပါရဲ့။


www.burmeseclassic.com

www.burmeseclassic.com


ငါ အိပ်ပျော်သွားတာ တစ်နာရီပဲ ရှိသေးတာပဲ။ အားတင်း၍ ရုန်းထပြီး ဖုန်းကိုကောက်ကိုင်၍ အစိမ်းခလုတ်ကလေးကို နှိပ်လိုက်သည်။

'လွှမ်းအောင်မြင်ပါ'

'ကိုအောင်'

ယောက်ျားတစ်ဦးအသံ ထွက်လာသည်။

မြတ်စွာဘုရား လွှမ်းချစ်ခင်ပါလား။

*

'လွှမ်း လွှမ်းချစ်ခင်၊ ဖိုးချစ်'

'ဟုတ်ပါတယ် ကိုအောင်ရဲ့၊ ဖိုးချစ်ပါ၊ ကိုအောင် နေကောင်းရဲ့လားလို့ ဆက်တာ'

လွှမ်းအောင်မြင် သတိပြန်ဝင်လာသည်။

'ဖိုးချစ် မဟုတ်ဘူး၊ ဖိုးချစ်မှ မရှိတော့တာ၊ မင်း ဘယ်သူလဲ၊ ဘာလို့ ငါ့ဖုန်းကို ဆက်ပြီး နှောင့်ယှက်တာလဲ'

စုတ်သတ်သံ ပေါ်လာသည်။

'ဟုတ်ပါတယ်၊ ကိုအောင်ရဲ့၊ ဖိုးချစ်ပါ၊ ကိုအောင် နေကောင်းရဲ့လား'

'တော်'

ဖုန်းကို ပိတ်ပစ်လိုက်သည်။ အိပ်ရာပေါ်သို့ ခြေပစ်လက်ပစ် လှဲချလိုက်သည်။ မဖြစ်ဘူး။ တစ်ယောက်ယောက်ကို လှမ်းခေါ်တော့မှ။ ငါ အဖျားကြီးပြီး အိပ်မက်ဆိုးတွေ မက်နေတာလား။ ကယောင်ချောက်ချား ဖြစ်နေတာလား။ တစ်ခုခုပဲ။

ကိုနေလင်းက ဖုန်းဆက်လို့ မရဘူး။ ဥက္ကာလည်း မရဘူး။ ဆရာချစ်ကတော့ ဖုန်းရှိတယ်။ ဒါပေမဲ့ လူကြီး။ အိမ်ထောင်သည်။ ညကြီးဆက်ရမှာ အားနာစရာ။ ဟိုဘက် ခန်းက ဆေးကျောင်းသားကလေးတွေကို နှိုးရကောင်းမလား။

တွေးနေရင်း အမှောင်တိုက်က ပိတ်ဖုံးသွားသည်။

*

'နဒီက ဘာတက်မှာလဲ'

လွှမ်းအောင်မြင်က ကွပ်ပျစ်ပေါ် ထိုင်နေရင်းက လှမ်းမေးသည်။ နဒီက ကွပ်ပျစ် ဘေးတွင် ဆောင့်ကြောင့်ထိုင်ပြီး ရေပုံးကလေးနှင့် နှင်းဆီပန်းများ ရေဆေးနေရာက ဆေးအေးပင် ဖြေသည်။

www.burmeseclassic.com


'ရရာပေ့ါ၊ ကိုအောင်ရယ်၊ တောင်ငူမှာပဲ တက်မှာပါ'

ရှစ်တန်းကျောင်းသူ ဘဝကတည်းက ဖြူဝင်းသော အသားအရေ၊ ထင်ရှားသော မျက်နှာအလှတို့ကြောင့် ယောက်ျားကလေးများ အချင်းချင်းရန်ဖြစ်ရလောက်အောင် ကျော်ကြားခဲ့သော်လည်း ဣန္ဒြေ၊ ဆင်ခြင်တုံတရားတို့ကြောင့် လူရော၊ နာမည်ပါ မှည့်တစ်ပေါက် မစွန်းအောင် ထိန်းသိမ်းနိုင်ခဲ့သည့် မိန်းကလေး။

ယခုတော့ အသက် ၁၇ နှစ်ထဲ ဝင်လာပြီမို့ အရွယ်ရောက်ပြီး မိန်းကလေးတစ်ဦးတွင် ရှိနိုင်သမျှ အလှတရားတို့အားလုံး ဖူးပွင့်လျက်ရှိနေလေပြီ။

နဒီက သူ့ကိုလွှမ်းအောင်မြင် စိုက်ကြည့်နေသည်ကို ရိပ်မိဟန်ဖြင့် ဖျတ်ခနဲ လှည့်ကြည့်သည်။

'ဘာလဲ ကိုအောင်ရ'

လွှမ်းအောင်မြင်က ရှက်ရယ်ရယ်သည်။

'တောင်ငူတက္ကသိုလ်က ယောက်ျားကလေးတွေအားလုံး ရူးကြဦးတော့မှာလို့ တွေးနေတာ'

လှသောမျက်နှာကလေး ရှက်သွေး ဖြန်းသွားသည်။

'မကြောက်ပါဘူး၊ စောင့်ရှောက်မဲ့ကိုယ့်အစ်ကို ကိုအောင်တစ်ယောက်လုံး ရှိနေတာပဲဟာ၊ မမယမုံတုန်းကလည်း ကိုအောင်စောင့်ရှောက်ခဲ့တာပဲ မဟုတ်လား၊ ဘယ်ယောက်ျားကလေးမှ အနားမကပ်နိုင်ဘဲ အခု ကျောင်းတောင် ပြီးသွားပြီ'

'အမလေး ညည်းအစ်ကိုကို မမက စောင့်ရှောက်ရတာပါကွယ်'

မမယမုံက လင်ဗန်းအလွတ်ကလေးကို ကွပ်ပျစ်ပေါ်ချ၍ ဝင်ထိုင်ရင်းက ပြောသည်။ ထွန်းသစ်စ နေခြည်၊ ညီညာသော ပါးပြင်ကိုဟပ်နေသဖြင့် နားသယ်ဆံစတို့ လှဲ့လှဲ့ပြေးနေသည့် မမယမုံ၏ အနီးကပ်မျက်နှာလေးကို မော့ကြည့်ပြီးမှ လွှမ်းအောင်မြင် မျက်နှာလွှဲလိုက်သည်။

'ဟုတ်လား၊ ကိုအောင်က ကဲလို့လား'

နဒီက ရယ်၍မေးသည်။

'သူက ကဲလာတာ မဟုတ်ဘူး၊ နဒီရေ၊ ဖွဲ့လာတာ'

နဒီကရယ်၍ လက်ထဲကပန်းများ ကို မမယမုံထံ လှမ်းပေးသည်။

'ဟုတ်မှာ၊ တို့ကိုအောင်က တက္ကသိုလ်ရောက်ပြီးကတည်းက ချော ချော လာတာ'

ဘာပြန်ဖြေရမှန်းမသိသဖြင့် ရယ်၍သာ နေရသည်။

'လွှမ်းချစ်ခင် ကျောင်းပြန်တက်နေပြီလား'


www.burmeseclassic.com

www.burmeseclassic.com


ယမုံက လှမ်းမေးတော့ လွှမ်းအောင်မြင် သက်ပြင်းချရသည်။

'စာမေးပွဲကျထားတာလည်း စိတ်ညစ်ပုံမရပါဘူး မမရယ်၊ လည်ပတ်ပျော် ပါးနေတာပါပဲ၊ အခုလည်း မနက်ကတည်းက ဆေးအောင်မိုးတို့နဲ့ ထွက်သွားတာပဲ'

'ဆေးအောင်မိုး ဟုတ်လား'

'ဟုတ်တယ်၊ ဆေးအောင်မိုးဆိုတာက ဖိုးချစ်သူငယ်ချင်း အကောင်းစားကလေးတွေထဲက တစ်ယောက်ပေါ့၊ မိဘချမ်းသာပြီး စာလည်းတော်တော့ သူနဲ့ ပေါင်းတာကို ဖေဖေ တို့ကလည်း ဘာမှမပြောဘူး၊ ဒါပေမဲ့ အကျင့်စာရိတ္တတော့ သိပ်မကောင်းဘူး၊ ဆေးစွဲနေ သလိုလို နာမည်ကြီးနေလို့ ဆေးအောင်မိုးလို့ ခေါ်ကြတာ၊ အခုကျတော့ ၁၀ တန်း သုံးဘာသာ ဂုဏ်ထူးနဲ့အောင်လို့ ဆေးကျောင်းတက်မလို့တဲ့လေ၊ တကယ် ဆေးအောင်မိုးဖြစ်ပြီပေါ့'

နဒီက မျက်လုံးကလေးပိတ်အောင် ရယ်ပါသည်။

*

မှောင်သည်အထိ လွှမ်းချစ်ခင် ပြန်မလာ။

ညီငယ်ကို စိတ်ပူစိတ် မသိမသာ ဖြစ်လာ၍ လွှမ်းအောင်မြင် အပေါ်ထပ်ဝရံတာမှ ထွက်ထွက်ကြည့်မိသည်။ ဖေဖေနှင့်မေမေကတော့ ဘာမှမမေး။ ခါတိုင်းလည်း လွှမ်းချစ်ခင် နောက်ကျနေကျပဲမို့ ထူး၍ သတိမထားမိ။

တစ်ခါထွက်အကြည့်မှာ ဓာတ်မီးတိုင်အောက်တွင် ယောင်ချာချာရပ်နေသော 'ဆေးအောင်မိုး' ကို တွေ့ရသည်။ အထဲလည်း ဝင်မလာ၊ ကျီးကန်းတောင်မှောက် အမူအရာနှင့် ခြံဝတွင် ရစ်သီရစ်သီလုပ်နေသည်။

နေပါဦး။ ဒီကောင် လွှမ်းချစ်ခင်နဲ့ အတူထွက်သွားတာ မဟုတ်လား။

စိတ်ပူစိတ်ဖြင့် လွှမ်းအောင်မြင် အပေါ်ထပ်မှ ပြေးဆင်းခဲ့သည်။ ခြံဝတံခါး အပြင် ထွက်လိုက်တော့ တစ္ဆေတစ်ကောင်လို တစ်မျက်နှာလုံး သွေးဆုတ်နေသော အနေအထားနှင့် 'ဆေးအောင်မိုး' က အထိတ်တလန့်ဖြစ်နေသည်။

'ဟေ့ကောင် အောင်မိုး၊ ဘာဖြစ်တာလဲ၊ ငါ့ညီရော'

'ဟို ဟို'

'ပြောစမ်းပါကွာ၊ မြန်မြန်၊ ငါ့ညီ ဘယ်မှာလဲ'

ဆေးအောင်မိုးက အထစ် အထစ်နှင့် ပြောသည်။

'ကျွန် ကျွန်တော်တို့ ပသီချောင်းကို ပျော်ပွဲစားထွက်ကြတာ အစ်ကို'

'ဘာကွ၊ ပသီချောင်း၊ အဝေးကြီးဟာ'


www.burmeseclassic.com

'ဟုတ် ဟုတ်ပါတယ်၊ ကျွန်တော်က ဖေဖေ့ကားကို မောင်းယူသွားတာ၊ ဟိုမှာ စမ်းချောင်းမှာ ရေကူးကြတာ'

လွှမ်းအောင်မြင် မျက်လုံးများ ပြာဝေလာသည်။

'ဘာပြောတယ်၊ ငါ့ညီ ရေနစ်သလား၊ ဟုတ်လား အောင်မိုး'

ဆေးအောင်မိုး အရှုံးတစ်ယောက်လို ခေါင်းခါသည်။

'ကျွန်တော် မသိဘူး အစ်ကို၊ ရေထဲ ဆင်းကြတုန်းက အတူတူပဲ၊ နောက်တော့ ပျောက်သွားတာ၊ ဘယ်လိုမှ ရှာမတွေ့တော့ဘူး'

လွှမ်းအောင်မြင် ဒူးများညွတ်ခွေကျသွားသည်။

အမှောင်တိုက်က လွှမ်းမိုးလို့ လာပြန်သည်။

*

ဘေးက စကားပြောသံသဲ့သဲ့ကြောင့် လွှမ်းအောင်မြင်၏အာရုံများ ပြန်လည်နိုးကြားစ ပြုလာသည်။

ဖိုးချစ်လား၊ ဖိုးချစ် ပြန်လာတာလား။

မဟုတ်သေးဘူးလေ၊ ဖိုးချစ်က ပြန်မလာဘူးလေ၊ ဘယ်လိုမှ ရှာမတွေ့တော့လို့ နောက်ဆုံး သေပြီဆိုပြီး ဆွမ်းတောင်သွပ်ခဲ့ကြပြီးပြီလေ။ ဖေဖေလည်း စိတ်ထိခိုက်လွန်းလို့ သွေးပျက်သလိုတောင် ဖြစ်သွားခဲ့ကြသေးတာပဲ။

ကြာလှပြီပဲ။

အဲဒီတုန်းက ငါလည်း စိတ်ထိခိုက်လွန်းလို့ နောက်ဖေးအိမ်မှာ သွားသွားငို။ တစ်ညတော့ ဖေဖေလိုက်လာ၊ ဦးနဲ့ ပြဿနာတက်။

ငါနဲ့ဖေဖေနဲ့ ထပ်ပြဿနာတက်။ ငါ အိမ်ကဆင်းလာ။

ဟာ မဟုတ်သေးဘူး။ ပထမ ငါ အပြင်းဖျားပြီး ဆေးရုံတက်ရသေးတာပဲ။ မမယမုံ သတင်းလာမေးတယ်။ ငါ့ကို မိဘနဲ့ အဆင်ပြေပြေနေဖို့ ဖျောင်းဖျတယ်။ နောက် ငါ ကျောင်းဆက်တက် သေးတယ်။ ကျောင်းပြီးမှ ထွက်လာတာ။ မကွေးမှာ အင်တာနက်ဆိုင် လာဖွင့်တာ။

ဘုရား ဘုရား ကြာလှပါပကောလား။

လွှမ်းချစ်ခင် ပျောက်သွားတာ မနေ့တစ်နေ့ကမှ မဟုတ်တာ။ ငါ မကွေးမှာ နေခဲ့ တာပဲ ကြာလှပေါ့။ ဒါဆို မနေ့ ညက သူ ဘယ်လိုလုပ် ငါ့ကို ဖုန်းဆက်တာတဲ့လဲ မဖြစ် နိုင်ဘူး။ ငါ အဖျားကြီးပြီး ကယောင်ကတမ်း ဖြစ်နေတာနေမှာ။

ဘေးကအသံတွေက တဖြည်းဖြည်းချင်း ကျယ်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com


မျက်လုံးကို အားစိုက်တွန်းဖွင့်ပြီး ဘေးကိုလှည့်ကြည့်တော့ သူ့ခုတင်ဘေးတွင် ကုလားထိုင်ကလေးတစ်လုံးစီနှင့် ထိုင်နေကြသော ဥက္ကာနှင့်အိမြတ်ကို တွေ့ရသည်။

'ဟာ ဥက္ကာ၊ ဟိုမှာ အစ်ကို သတိရလာပြီ၊ သွား သွား မလေးကို သွားခေါ်ချေ'

မလေး ဘုရားရေ မလေးက ရှိနေသတဲ့။

'အိမြတ် အစ်ကို ဘယ်ရောက်နေတာလဲ'

ကိုယ့်အသံပင် ကိုယ်မမှတ်မိ။ အသံက ခြောက်ကပ်ကွဲအက်နေသည်။ လူနာ အိပ်ရာပေါ်တွင် ပက်လက်။ ရင်ဘတ်အထိ စောင်ခြုံထားသည်။ လက်တစ်ဖက်မှာလည်း အကြောဆေးသွင်းလျက် တန်းလန်း။

'အစ်ကို ညက အဖျားကြီးပြီး ကယောင်ကတမ်းတွေ အော်ဟစ်ရုန်းကန်နေတာ အစ်ကို့ဟိုဘက်ခန်းက ဆေးကျောင်းသားလေးတွေ ကြားလို့တဲ့၊ အဲဒါ အိမ်သာဘက်ထွက်တဲ့ အပေါက်ကနေဝင်ပြီး အစ်ကို့ကို ဆေးရုံသယ်လာကြတာ'

*

တာဝန်ကျလက်ထောက်ဆရာဝန်မလေး ဒေါက်တာလှိုင်လှိုင်လေးမှာ မျက်နှာချင်း တန်းမိနေသော ဆေးကျောင်းသားအုပ်ကြီး ဝင်လာသဖြင့် ဆေးကျောင်းသားတစ်ယောက် ယောက် တစ်ခုခုဖြစ်ပြီဟု ထင်လိုက်မိသည်။

'ဟဲ့ ဆိုင်ကယ်မှောက်ကြပြန်ပြီလား'

'မဟုတ်ဘူး မမ၊ အင်တာနက်ဆိုင်ပိုင်ရှင်အစ်ကို အဖျားကြီးပြီး ကယောင် ကတမ်း ဖြစ်နေတာ၊ သူက တစ်ယောက်တည်းနေတာ၊ ကျွန်တော်တို့က လိုက်ပို့တာ'

အင်း အနည်းဆုံးတော့ ပါမောက္ခချုပ် သတင်းပို့ရတော့ သက်သာတာပေါ့ဟု တွေး မိပြီး ဆရာမကို လှမ်းခေါ်သည်။

'ကဲ အဖျားတိုင်း၊ ပရက်ရှာတိုင်းကြ၊ မောင်လေးတစ်ယောက် လာပြောပြ၊ လူနာ နာမည် သိသလား'

'သိတယ် မမ၊ ကိုလွှမ်းအောင်မြင်တဲ့'

မလေးတစ်ကိုယ်လုံး သွေးများ ရုတ်တရက် အေးခဲသွားသည်။ လက်ထဲက ဘောလ်ပင် ဒေါက်ခနဲ ပြုတ်ကျသွားမိသည်။

ခုတင်ပေါ် နေရာချခံနေရသော လူနာရှိရာသို့ လူအုပ်ကြီးကို တိုးဝှေ့၍ ကမူးရှူးထိုး ဝင်သွားမိသည်။ လူနာကို မြင်တော့ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

'အောင်'


www.burmeseclassic.com

ဆေးကျောင်းသားများက ဒေါက်တာလှိုင်လှိုင်လေးကို နားမလည်သလို လှည့်ကြည့်ကြပါသည်။

*

'သူက ဆေးကျောင်းသားတွေကို သူနဲ့အစ်ကိုနဲ့ တစ်မြို့တည်းသားတွေ၊ မောင်နှမလို ခင်နေတာလို့ ပြောပြသတဲ့၊ ညက လိုအပ်တဲ့ဆေးတွေလည်း သူပဲ စိုက်ဝယ်ပေးထားတာတဲ့၊ မနက်ကျတော့ ဆေးကျောင်းသားတွေက ဥက္ကာကို လာခေါ်၊ ဥက္ကာက ညီမကို လာခေါ်တာပဲ၊ ဆရာချစ်ကိုလည်း ဖုန်းဆက်ထားတယ်၊ အဲဒီမမကတော့ ဂျူတီထွက်တာမပြန်ဘဲ အစ်ကို့ဘေးမှာ တစ်ချိန်လုံးစောင့်နေတာတဲ့၊ အခုမှ ပါမောက္ခကြီးရောက်လို့ အစီရင်ခံစာ သွားတင်တယ်ဆိုလားပဲ'

အိမြတ်က ရှင်းပြပြီးတော့ လွှမ်းအောင်မြင် သက်ပြင်းချမိသည်။

'အစ်ကိုက ဘာဖြစ်သွားတာလဲ'

'ညီမရောက်တော့ သူမရှိတော့ဘူး၊ ဥက္ကာပြောတော့ ဦးနှောက်ထဲ ငှက်ဖျားပိုးဝင်တယ်ဆိုလားပဲ၊ အခု ငှက်ဖျားဆေးတွေ သွင်းထားတာတဲ့၊ သတိ မကြာခင် ပြန်ရလာမယ်လို့ ပြောသွားတယ်တဲ့၊ ဟုတ်သားပဲ၊ အစ်ကို သတိရလာပြီး ခုမှပဲ စိတ်အေးရတော့တယ်'

ခုတင်တစ်ဖက်ဆီက ခြေသံကြားရသဖြင့် လှည့်ကြည့်မိသည်။ ဥက္ကာနှင့်အတူ ပါလာသော မလေး။ လွှမ်းအောင်မြင် ဘေးတွင်ထိုင်နေသော အိမြတ်ကိုတွေ့တော့တုံ့ခနဲ ရပ်သွားသည်။

အကင်းပါးသောဥက္ကာက ချက်ချင်းဝင်ပြောသည်။

'ဒါက အိမြတ်တဲ့ ကျွန်တော်နဲ့အိမြတ်က ဂျီတီစီကပါ၊ အစ်ကို့ဆိုင် သွား သွား ထိုင်ရင်း အစ်ကိုနဲ့ ခင်နေကြတာ'

မလေးမျက်နှာ အနည်းငယ် ပြေလျော့သွားသည်။

လွှမ်းအောင်မြင်ဘက်လှည့်၍ ကြင်နာစွာ ပြုံးပြသည်။ မမယမုံနှင့် သိပ်တူသော မျက်ဝန်းညိုကလေးများက အရောင်လဲ့လဲ့ ပြေးနေသည်။

'စိတ်ပူလိုက်ရတာ အောင်ရယ်၊ ဟိုတစ်ခါတုန်းကလို ဖြစ်ပြန်ပြီဆိုပြီး'

ဥက္ကာနှင့်အိမြတ်က နားမလည်စွာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။ ဒါကို ရိပ်မိသောမလေးက သူတို့ဘက်လှည့်၍ ပြုံးပြသည်။

'အောင်က တောင်ငူမှာ ဒီလိုပဲ အဖျားကြီးပြီး ဆေးရုံတက်ရဖူးတယ်၊ အဲတုန်းက ဆေးရုံမှာ နှစ်ပတ်လောက် ကြာတာ၊ မမက မန္တလေးမှာ ဆေးကျောင်းတက်နေတာ၊ သတင်းကြားရတာတော့ မမတောင် လိုက်သွားသေးတယ်'



www.burmeseclassic.com

ဒါက မပြောပြရသေးသော အပိုင်းဖြစ်မည်။

မလေးက လွှမ်းအောင်မြင်ကို အနည်းငယ် စစ်ဆေးစမ်းသပ်ပြီး 'မောင်လေးနဲ့ ညီမလေး ခဏနေပေးရင် မမ အဆောင်ပြန်ရေချိုးလိုက်ဦးမယ်၊ သူ့အိမ်လည်း မမပဲ ဖုန်းဆက်လိုက်မယ်၊ ပြီးတော့ ပြန်လာခဲ့မယ်၊ မောင်လေးနဲ့ ညီမလေးများ ကျောင်းပျက်နေကြမလား မသိဘူး'ဟု ပြောသည်။

'ရတယ် မမ၊ ဒီနေ့ ကျွန်တော်တို့ မတက်တော့ဘူး၊ ခဏနေရင် ကျွန်တော်တို့အားလုံးနဲ့ခင်နေတဲ့ ဆရာချစ်ဆိုတဲ့ဆရာလည်း လာမှာ၊ ဒီကပဲ စောင့်တော့မယ်'

'ကျေးဇူး'

ဘယ်သူက ဘယ်သူ့ကို ကျေးဇူးတင်ရမှန်း မသိချိန်မှာ မလေးက သူတို့ကို ကျေးဇူးတင်စကားဆို၍ ထွက်ခွာသွား ပါသည်။

ဟင် ဒါဆို မလေးက ကိုလွှမ်းမိဘတွေ ဖုန်းနံပါတ်ကို သိနေတာပေါ့၊ ပြီးတော့ အဆောင်မှာတဲ့၊ အိမ်ထောင်လည်း ကျသေးဟန်မတူ။

ဥက္ကာနှင့်အိမြတ် တစ်ယောက် မျက်နှာတစ်ယောက် ကြည့်မိကြပြန်သည်။

*

ဆရာချစ်ကတော့ ရောက်သည်နှင့် 'မနေ့က ဒီကောင်ချမ်းနေတယ် ပြောကတည်းက စမ်းကြည့်ရမှာကွာ၊ ငါကိုက လူကြီးလုပ်ပြီးပေါ့တာ'ဟု သူ့ကိုယ်သူ အပြစ်တင်စကားဆိုသည်။ လွှမ်းအောင်မြင်ကတော့ အားဖျော့စွာ ရယ်သည်။

'ထားပါတော့ ဆရာရယ်၊ ကျွန် တော်လည်း သက်သာလာပြီဟာ၊ ဒီမှာ စဉ်းစားမရတာ တစ်ခုဖြစ်နေလို့ ဆရာနဲ့ တိုင်ပင်မလို့'

'ဘာလဲ'

လွှမ်းအောင်မြင်က မနေ့က သူ့ကို လွှမ်းချစ်ခင်ဖုန်းဆက်ပုံကို အသေးစိတ် ပြန်ပြောပြလိုက်သည်။ ဆရာချစ်သာမက ဥက္ကာရော၊ အိမြတ်ပါ မျက်လုံးအဝိုင်းသား ဖြစ်သွားကြသည်။

'ဒါကတော့ကွာ မင်းက ကယောင်ချောက်ချား ဖြစ်နေတာပဲဟာ၊ ဖုန်းတကယ်မလာဘဲနဲ့ လာတာထင်တာဖြစ်မှာပေါ့'

'သတိရခါစကတော့ ကျွန်တော်လည်း အဲသလိုထင်တာပါ၊ စောစောက ဆေးကျောင်းသားကလေးတွေ ကျွန်တော်ကျန်ခဲ့တဲ့ ဖုန်းလာပေးလို့ နှိပ်ကြည့်တော့ ည ၁၀ နာရီလောက်မှာ တကယ် ဖုန်းဝင်ထားတာ ရှိနေတယ်၊ ၀၅၄ နဲ့ စတာ၊ တောင်ငူပါတ်ပဲ၊ ကျွန်တော့်အိမ်နံပါတ်တော့ မဟုတ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com

ဆရာချစ် မျက်လုံးပြူးသွားပြန်သည်။

'ဟ မင်း ပြန်မခေါ်ကြည့်ဘူးလား'

'ခေါ်တယ်၊ ဈေးနားက လက်ဖက်ရည်ဆိုင်တစ်ဆိုင်က ထူးတယ်၊ ကျွန်တော့်လည်း သူတို့မသိဘူး၊ ဖိုးချစ်ကတော့ ဝေးရော၊ တစ်ယောက်ယောက် အဲသည်ကနေ ပိုက်ဆံပေးဆက်သွားတာ'

ဆရာချစ် ခေါင်းကုတ်သည်။

'ဦးနှောက်ထဲ ငှက်ဖျားပိုးဝင်တာ ဒီကောင်မရှူးဘဲ ငါတို့ ရူးတော့မယ်နဲ့ တူတယ်ဟေ့၊ ပဟေဠိက မသေးပါလား'

လှမ်းအောင်မြင်က ရယ်သည်။

'ဦးနှောက်ထဲ ငှက်ဖျားပိုးဝင်တာ မရှူးပါဘူးဆရာချစ်ရဲ့၊ ခဏ သတိလစ် တတ်တာသာ ရှိတာ၊ ကျွန်တော် ကောင်းနေပါပြီ'

'နို့ စောစောက မမပြောတော့ အစ်ကို ဒါမျိုးတစ်ခါ ဖြစ်ပြီးသားဆို'

လှမ်းအောင်မြင်ပြုံး၍ ခေါင်းညိတ်သည်။

'တတိယနှစ်ကျောင်းသားဘဝ၊ လှမ်းချစ်ခင်ဆုံးခါစကပေါ့'

'အဲဒီအကြောင်း ပြန်ပြောပြပါလား၊ ညီမတို့ ဝိုင်းစဉ်းစားပေးလို့ ရတာပေါ့'

သည်တစ်ခါတော့ ဥက္ကာက အိမြတ်ကို မျက်စောင်းထိုးသည်။

'စပ်စုမ၊ အစ်ကိုက နေကောင်းသေးတာမဟုတ်ဘူး၊ နားပါစေလား'

လှမ်းအောင်မြင်က ရယ်၍ လက်ကာပြသည်။

'ကောင်းနေပါပြီကွာ၊ ပြီးတော့ အဲသည်နားမှာ ငါလည်း မေ့တွေတွေဖြစ်နေတဲ့ အပိုင်းအစကလေးတချို့ ရှိနေတယ်၊ ပြန်ပေါ်အောင် စဉ်းစားကြည့်ချင်တယ်၊ လောလောဆယ်တော့ ခုတင်မှီပြီး ခဏထိုင်ချင်တယ်၊ ဥက္ကာ တွဲပေးပါလား'

'ဟုတ်ကဲ့ အစ်ကို'

*

ထိုသည့်ဖြစ်အင်၊ မြင်ရစဉ်ဝယ်
နာကျင်အသည်း၊ မျက်ရည်ဝဲမိ
မြေလည်းမြေရှင်၊ မြေလည်းရှင်ပြား
မဝင်ဖွဲ့ကွက်၊ လူရက်စက်၏။
မြေကွက်ကိုလျှင်၊ လုပ်အားရှင်နှင့်
မြေလျှင်မြေပဲ၊ လဲလှယ်လွဲသော်



www.burmeseclassic.com

www.burmeseclassic.com

**ပင်လည်းမသေ၊ မြေလည်းပြေလိမ့်**
**တစေခုမှ၊ ကံမတူ၍**
**ဗိုင်သူမြေကွက်များ၏တည်း။**

လွှမ်းချစ်ခင် ကွယ်လွန်ပြီးနောက် ဦးရေးခဲ့သည့် 'ဗိုင်သူမြေကွက်' ကဗျာကလေး၏အဆုံးပိုဒ်က လွှမ်းအောင်မြင်၏အသည်းကို ကျင်စက်နှင့်တို့တမျှ နာကျင်ခံစားစေခဲ့သည်။

မေမေက ညှော်ခန်းထဲမှာထိုင်၍ မျက်ရည်တွေ တတွေတွေကျ၊ အစ်ကိုကြီးလွှမ်းမြင့်မြတ်က မေမေ့ဘေးမှာ ငြိမ်သက်စွာထိုင်၍ ခေါင်းငိုက်စိုက်ကျိုး။ ဖေဖေက အပေါ်ထပ်ဝရံတာမှာ ခေါက်တုံ့ခေါက်ပြန် မနားတမ်းလည်း လျှောက်နေချိန်။

လွှမ်းအောင်မြင်တစ်ယောက် ရပ်တည်စရာမြေသား ရှာမတွေ့ခဲ့ပါ။

ဒါ ဖေဖေနဲ့မေမေအပြစ်ပဲ။ ဗိုးချစ် အပေါင်းအသင်းတွေ စများကတည်းက ငါတိုင်ခဲ့တာပဲ။ အတန်တန် သတိပေးခဲ့တာပဲ။ ဘယ်တော့မှ နားမထောင်ကြဘူး။ သူ့သားကိုမထိနဲ့။ ငါ့သားကို မထိနဲ့ဘဲ လုပ်နေကြ။ အခုတော့ ထိပြီမဟုတ်လား။ ငါ့သားလေ ဖေဖေပြောပြောနေတဲ့ ငါ့သား အခုတော့ ရေထဲ ပါသွားပြီမဟုတ်လား။

တွေးရင်းတွေးရင်းက ရင်ဘတ်က စူးနေအောင် အောင့်သည်၊ မျက်ရည်တွေ ဖြိုင်ဖြိုင်ကျလာသည်။

ဦးနဲ့ဒေါ်ဒေါ်သာ ငါတို့မိဘတွေဆိုရင် ငါတို့ဆင်းရဲချင်သာ ဆင်းရဲမယ်၊ ဒီလိုအပြစ်ဆိုးကြီးနဲ့တော့ ဘယ်တော့မှ ကြုံရမှာမဟုတ်ဘူး။ ဆင်းရဲတာ ချမ်းသာတာရော ဘာအရေးကြီးလို့လဲ။ အခုလည်း စိတ်မှမချမ်းသာရတာ၊ ငါ့ကိုပယ်ထား၊ ငါ့စကားကို အလေးမထားကြတာ အစက ငါပဲ စိတ်ဆင်းရဲရတယ်၊ အခုတော့ တစ်အိမ်လုံး စိတ်ဆင်းရဲရပြီ။

ကောင်းတယ်။ ဖြစ်ချင်ကြဦးလေ ရန်၊ ရိုက်ချင်ကြဦးလေ ဖဲ၊ ရွေးချင်ကြဦးလေ ငါ့သားသူ့သား။

တွေးရင်းက မျက်ရည်တွေ ထပ်ကျလာပြန်သည်။ ငါမှားနေပြီ။ ငါ့စိတ်တွေ ရိုင်းနေပြီ။ အမှန်က ကိုမြတ်မေမေ့အနားမှာ နေပေးသလို ငါက အဖေအနားမှာ နေပေးရမှာ။ မိဘတွေ မိဘတာဝန်မကျေဘူးလို့ ငါက အပြစ်တင်နေတာ။ ငါကရော သားကောင်း ဟုတ်လို့လား။ အရွယ်ရောက်ပြီးသား သားတစ်ယောက်က ဒီအချိန်မှာ မိဘရဲ့သောကကို မျှဝေခံစားပေးနိုင်ရမယ် မဟုတ်ဘူးလား။


www.burmeseclassic.com

www.burmeseclassic.com


ခံစားတယ်လေ၊ ခံစားနေတာပဲ၊ ဒီထက်ခံစားရရင် သေတော့မယ်၊ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ထပ်ကျလာ ပြန်သည်။

မခံစားနိုင်တော့သည့်အဆုံး နေရာမှ ထ၍ အောက်သို့ ဆင်းခဲ့သည်။ အောက်ထပ်မှာလည်း လွှမ်းအောင်မြင်ကိုတားမဲ့သူ၊ စကားပြောမဲ့သူမရှိ၊ အိမ်ဖော် ကရင်မကြီး မပြုံးလည်း ထောင့်တစ်ထောင့်တွင် ထိုင်၍ ငိုနေသည်။

လွှမ်းအောင်မြင်နောက်ဖေးကနေ လှစ်ခနဲထွက်ခဲ့ပြီး နောက်ဖေးနှင်းဆီခြံသို့ လျှောက်ခဲ့သည်။

တစ်ခြံလုံး တစ်အိမ်လုံးက မှောင် မည်းနေသည်။ ည ၁၀ နာရီလောက် ရှိပြီဆိုတော့ အားလုံး အိပ်သွားကြပြီ ထင်သည်။

ခြံတံခါးကလည်း သံကြိုးပတ်၍ သော့ခတ်ထားသည်။

အနီရောင်သုတ်ဆေးတွေ ပြယ်လွင့်နေသော သစ်သားခြံတံခါး၏ ရှေ့ဘေး ညာဘက်တွင် ခုံတန်းရှည်ကလေးတစ်ခု ခနော်နီခနော်နဲ့ ရှိက်ထားသည်။ အဲသည့်ခုံကလေးပေါ်တွင် ဝင်ထိုင်၍ လွှမ်းအောင်မြင် ဆက်ငိုသည်။

ငိုနေလိုက်တာ ဘယ်လောက် ကြာသွားသည်မသိ။ သတိရ၍ ဘေးဘယ်ညာ လှည့်ကြည့်လိုက်တော့ နှင်းဆီခြံဘက်သာမက သူ့အိမ်ဘက်က မီးများပါ ငြိမ်းနေပြီ။ သူမရှိတာလည်း ဘယ်သူမှ သိပုံမပေါ်။ လကွယ်ညမို့ လပင်မရှိ။ ယခုတော့ ကမ္ဘာလောကကြီးတစ်ခုလုံးမှာ ငိုနေသည့်သူရယ်၊ ခေါင်းပေါ်က ကြယ်ကလေးတွေရယ်ပဲ ရှိနေသလိုလို။

မဟုတ်သေးဘူး။ သူ့ဘေးမှာ လူရိပ်တစ်ရိပ် ရှိနေသည်။အလန့်တကြား လှည့်ကြည့်တော့ မှောင်ထဲမှာ သူ့နံဘေးမှာ ထိုင်နေသူက သက်ပြင်းချ၍ လက်နှိပ် ဓာတ်မီးဖွင့်ပြသည်။

'ကိုအောင် နဒီပါ၊ ကိုအောင်ငိုနေ တာတွေ့တော့ နဒီဝမ်းနည်းပြီး အားပေးချင်လို့ ဆင်းလာတာ၊ ဘယ်လိုအားပေးရမလဲ မသိဘူး၊ အဲဒါနဲ့ ဒီအတိုင်း ငြိမ်ငြိမ်ကလေး ထိုင်နေတာ'

လက်နှိပ်ဓာတ်မီးရောင်အောက်မှာ လှပသောမျက်နှာကလေးကလည်း မျက်ရည်တွေ ဝိုင်းနေသည်။

'နဒီရယ်၊ ကိုအောင့်မှာ ညီလေး မရှိကော့ဘူး'

'ကိုအောင့်မှာ ညီမလေးရှိပါသေးတယ် ကိုအောင်ရယ်၊ အဲဒီညီမလေးက ကိုအောင်ငိုနေတာကိုမြင်ရရင် ရင်ကွဲမတတ် ခံစားရတတ်တယ်ဆိုတာလေးလည်း သတိရပေးပါဦး'


www.burmeseclassic.com

www.burmeseclassic.com

'နဒီလေးရယ်'

လွှမ်းအောင်မြင် နဒီ့ပခုံးလေးကို ညင်သာစွာ ပွေ့ဖက်မိသည်။ နဒီက လွှမ်းအောင်မြင်၏ နီးရာပခုံးတစ်ဖက်ကိုမှီ၍ တိုးတိတ်စွာ ငိုကြွေးနေပါသည်။

*


www.burmeseclassic.com




www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

## A Happy Family is but an Earlier Heaven.

# ၉

အဲသည်နောက်တော့ မီးတွေလင်းလာတာကို သူ မှတ်မိသည်။

သူ့ခြံနောက်ဖေးကမီးလည်း လင်းလာသည်။ နဒီတို့ နှင်းဆီခြံထဲက မီးတိုင်မီးတွေလည်း လင်းလာသည်။ သူ့မျက်နှာနှင့် နဒီမျက်နှာပေါ်သို့ လက်နှိပ်ဓာတ်မီးရောင်များလည်း ကျလာသည်။

နဒီကလေးက အလန့်တကြား သူ့ရင်ခွင်ထဲသို့ ပို၍တိုးဝင်လိုက်သည်။ သူကလည်း ယောင်အမ်းအမ်းနှင့် နဒီပခုံးကလေးကို တိုး၍ဖက်ထားမိသည်။

'ဖိုးအောင် မင်း ဒါ ဘာလုပ်နေတာလဲ'

လက်နှိပ်ဓာတ်မီးရောင်များနောက်ကွယ်မှ ဖေဖေ့အသံမာကြီး ထွက်လာသည်။ ဖေဖေ၊ မေမေ၊ ကိုမြတ်၊ ဒေါ်ပြုံး။ အလုပ်သမားတချို့လည်း ပါသည်။

'ကျွန်တော် စိတ်ညစ်လို့ ဒီမှာ လာထိုင်နေတာ၊ နဒီက ကျွန်တော့်ကို သနားလို့ လာအားပေးနေတာ'

ဖေဖေ့မျက်နှာကြီး တွန့်လိမ်သွားသည်။ ထိုင်နေသော သူ့လက်ကို ဆောင့်ဆွဲလိုက်သဖြင့် သူ မတ်တတ်ရပ်လျက်သား ဖြစ်သွားသည်။ နဒီက ထိုင်လျက်သားကလေး ကျန်နေခဲ့သည်။

'ဘာနဒီလဲ၊ ဘာစိတ်ညစ်တာလဲ၊ မင်းကို နည်းနည်းဖျားနေလို့ မင်းအမေက အိမ်ထဲမှာပဲနေရမယ်လို့ ပြောထားတယ် မဟုတ်လား၊ နာရီလည်း ကြည့်စမ်းပါဦး၊ ဘယ်အချိန်ရှိနေပြီလဲ'

'နဒီက ကျွန်တော့်တူမ အငယ်ဆုံးပါ ဦးလွှမ်းမိုးသူ'

အေးဆေးတည်ငြိမ်သော ဦးအသံ ထွက်လာသဖြင့် လွှမ်းအောင်မြင် လှည့်ကြည့်မိသည်။ နဒီက မတ်တတ်ရပ်လျက်သား။ နဒီ့ကို မမယမုံက ဖက်ထားသည်။ ဒေါ်လေးလည်း ဘေးမှာ ရပ်လျက်သား။

www.burmeseclassic.com

ဦးလွှမ်းမိုးသူက တစ်ချက်မော့ကြည့်သည်။ ဘာမှ ပြန်မပြော။

'ဦးလွှမ်းမိုးသူတို့ ဘာသိဘာသာ နေခဲ့ကြပေမဲ့ ကျွန်တော်တို့မိသားစုကလေးက ဦးလွှမ်းမိုးသူတို့ အိမ်နောက်မှာ နှစ်ပေါင်းများစွာ နေခဲ့ကြတာပဲ ဦးလွှမ်းမိုးသူ၊ ကျွန်တော်တို့ကမိဘတွေ မဟုတ်ပါဘူး၊ ဦးလေးတွေ၊ အဒေါ်တွေပါ၊ ငွေကြေးလည်း မချမ်းသာကြပါဘူး၊ ဒါပေမဲ့ ဒီ မိဘမဲ့ တူ၊ တူမကလေးတွေကို သူတို့ မိဘတွေရှိနေရင် ပေးနိုင်မဲ့မေတ္တာနဲ့ နွေးထွေးမှု အပြည့်ပေးနေခဲ့တာပါ၊ နောက်ပိုင်းကျတော့ သူတို့သုံးယောက်တင်မကတော့ဘူး၊ အမြဲတမ်း ဆူညံပေါက်ကွဲနေတဲ့ ဦးလွှမ်းမိုးသူတို့အိမ်က သားတစ်ယောက်ပါ ရောက်လာတယ်၊ မေတ္တာငတ်လို့ မေတ္တာလာရှာနေတာပါပဲ၊ ယမုံဆီက သူ့မှာ မရှိတဲ့အစ်မတစ်ယောက်ရဲ့ မေတ္တာကို ရတယ်၊ နဒီဆီက သူ့မှာမရှိတဲ့ ညီမတစ်ယောက်ရဲ့မေတ္တာကို ရတယ်၊ ဒါကြောင့် ဒီကလေး ဒီမှာ တစ်ချိန်လုံးပျော်နေတာ ဦးလွှမ်းမိုးသူတို့လည်း သိမှာပါ၊ အခုလည်း သူ့ညီကလေးသေသွားလို့ သူ့စိတ်နှလုံး ကြေကွဲနေရှာတယ်၊ အဲဒီကလေး သေရတဲ့ကိစ္စမှာလည်း အဲဒီကလေးကို တစ်ဖက်စောင်းနင်း အလိုလိုက်ခဲ့တဲ့ ဦးလွှမ်းမိုးသူတို့ရဲ့အပြစ်တွေ ပါသင့်သလောက် ပါတာပဲ မဟုတ်လား၊ နဒီက လွှမ်းချစ်ခင်ကို မသိပါဘူး၊ ဒါပေမဲ့ လွှမ်းအောင်မြင်ကို အစ်ကိုရင်းတစ်ယောက်လို တွယ်တာနေတော့ သူ့အစ်ကိုငိုနေတာ သူမကြည့်ရက်လို့ ဆင်းသွားတာပဲ၊ ဦးလွှမ်းမိုးသူတို့ပေးဖို့ ပျက်ကွက်နေတဲ့မေတ္တာကို ကျွန်တော်တို့ မိသားစုက ဖြည့်ပေးနေတာပါ၊ ကျေးဇူးမတင်ရင် နေပါ၊ အပျိုပေါက်သမီးအရွယ်မိန်းကလေးတစ်ယောက် အရှက်ရစေမဲ့ အမူအယာတွေတော့ လုပ်ပြမနေပါနဲ့၊ အားနာတတ်စမ်းပါ'

ဦးအသံက အေးဆေးသော်လည်း စကားလုံးတို့က ပြတ်သားလွန်းသည်။ဦးလွှမ်းမိုးသူက ဘာမှပြန်မပြော။ နဒီကလေးကတော့ ယမုံပခုံးကို ခေါင်းမှီ၍ တသိမ့်သိမ့် ငိုကြွေးနေသည်။ လွှမ်းအောင်မြင် မနေနိုင်တော့။

'မမယမုံ၊ နဒီကလေးကို အထဲ ခေါ်သွားလိုက်ပါ၊ ဦးကိုလည်း ကျွန်တော် တောင်းပန်ပါတယ်၊ ဖေဖေက သားတစ်ယောက် သေထားလို့ သိပ်စိတ်ညစ်နေလို့ပါ'

'ဖိုးအောင် လာစမ်း၊ ဝင် အိမ်ထဲကို အခုဝင်'

ဦးလွှမ်းမိုးသူက လွှမ်းအောင်မြင်၏ လက်တစ်ဖက်ကို ဆောင့်ဆွဲ၍ အိမ်ဘက်သို့ တွန်းလွှတ်သည်။ ဒေါ်ခင်ခင်မြင့်က မျက်လုံးအပိုင်းသားနှင့် လှမ်းတားသည်။

'အရမ်းမလုပ်နဲ့လေ၊ ကလေးဖျားနေတယ်လို့ ပြောတယ်မဟုတ်လား'

ဦးလွှမ်းမိုးသူက ဒေါ်ခင်ခင်မြင့်ကို မျက်ထောင့်နီကြီးနှင့် ကြည့်သည်။

'မင်းသား ဆေးမိနေပြီ'



www.burmeseclassic.com

 www.burmeseclassic.com 

အံကြိတ်ထားသောလေသံနှင့် ပြောသည်။

*

'အိမ်ထဲရောက်တော့လည်း ဖေဖေ ဒေါသထွက်နေတုန်းပဲ၊ အဲဒီဆေးမိနေပြီဆိုတဲ့ စကားလုံးကို ထပ်ခါထပ်ခါ ပြောတယ်၊ ကျွန်တော်တော့ သိပ်ရှက်တာပဲ၊ ဒီစကားက မမယမုံ၊ ညီမလေးနဒီနဲ့ ကျွန်တော့်ကြားမှာရှိတဲ့ ဖြူစင်တဲ့မေတ္တာကိုလည်း စော်ကားရာ ကျတယ်၊ မမယမုံတို့၊ ညီမလေးနဒီတို့ မိသားစုကလေးကိုလည်း နှိမ်ရာကျတယ်၊ ငွေကြေး မချမ်းသာရင်နေမယ်၊ အမြဲတမ်း စိတ်ချမ်းသာနေကြတဲ့ ဒီလိုအိမ်ကလေးထဲကို အိမ်သား တစ်ယောက်လို ဝင်ရောက်ခွင့်ရမယ်ဆိုရင် ကိုယ့်ကိုယ့်ကိုယ် အင်မတန် ကံကောင်းတယ် လို့တောင် ယူဆရမဲ့ ကျွန်တော့်လိုလူမျိုးကို သူတို့ကပဲ ဆေးပြန်ခတ်စရာတဲ့လား'

ပြောရင်းက ချွေးတွေဖြိုင်ဖြိုင် ကျလာသော လွှမ်းအောင်မြင်၏နဖူးကို အိမြတ်က စက္ကူစလေးနှင့် တို့သုတ်ပေးသည်။

'နောက်မှပဲ ဆက်ပြောပါလား အစ်ကိုရယ်၊ အစ်ကို နားပါဦး'

လွှမ်းအောင်မြင်က ပြုံး၍ခေါင်းခါပြသည်။

'အဲဒီညအကြောင်းကို ပြန်စဉ်းစားလိုက်တိုင်း ခေါင်းထဲမှာ အပေါက်ဖြစ်နေတဲ့ ဟာကွက်တွေ အများကြီးပဲ၊ အခု ဖျားပြီး၊ အဖျားကျခါစ ပြန်စဉ်းစားလိုက်တော့ တစ်ဆက် တစပ်တည်း ပေါ်လာတာ၊ သတိရတုန်း ပြောချင်တယ်'

ဆရာချစ်က 'ဘယ်လိုဟာကွက်တွေလဲ'ဟု မေးသည်။

'ကျွန်တော် ဖေဖေ့ကို ဘာတွေပြန်ပြောထည့်လိုက်သလဲဆိုတာမျိုးတွေပေါ့၊ အရင် တုန်းက ကျွန်တော် ဘာတွေ ပြောလိုက်တယ်ဆိုတာ မမှတ်မိဘူး၊ ဖေဖေ အရမ်းစိတ်ဆိုး သွားတယ်ဆိုတာပဲ ကျွန်တော် မှတ်မိတယ်၊ အခုတော့ ကျွန်တော် မှတ်မိပြီ၊ ကျွန်တော် ပြောခဲ့တဲ့စကားတွေကို'

'ဘာတွေလဲ'

'ဦးပြောခဲ့တာမျိုးတွေပဲ၊ ဦးထက်တော့ နည်းနည်းပိုပြင်းထန်တယ်၊ သားသမီး ဘယ်လိုခံစားရမယ်ဆိုတာ မတွေးဘဲ တစ်ယောက်နဲ့တစ်ယောက် တစ်ချိန်လုံး စွပ်စွဲအပြစ် တင်နေကြတာ၊ သားသမီးပညာရေး အရေးကြီးတဲ့အချိန် ဖဲဝိုင်းမှာပဲ အချိန်ကုန်နေတာ၊ သားသုံးယောက်ကို သူ့သားကိုယ့်သား ခွဲခြားပြီး ကျွန်တော့်ကို ဘေးဖယ်ထားတာ၊ အကုန် လုံး၊ အကုန်လုံးပဲ'

ဆရာချစ် သက်ပြင်းချသည်။

'ဒါတော့ မပြောသင့်ဘူးလေကွာ'



www.burmeseclassic.com

www.burmeseclassic.com

လွှမ်းအောင်မြင် ကွဲအက်သောအသံနှင့် ရယ်သည်။

'ခုနေခါ ပြန်စဉ်းစားတော့လည်း ကျွန်တော် နောင်တရပါတယ်၊ အဲဒီညကတော့ ကျွန်တော် တကယ်ပဲ ဖျားနေတယ်၊ ပြောရင်းပြောရင်းကလည်း အဖျားက ထပ်တက်လာသလိုပဲ'

'ငါ့ကိုသာ ငါ့သားသမီးက အဲသလို လာပြောနေရင် ဘာလုပ်ရမှန်းတောင် သိမှာမဟုတ်ဘူး'

ဆရာချစ်ညည်းတော့ လွှမ်းအောင်မြင်က ရယ်ပြန်သည်။

'ဖေဖေကတော့ သိပါတယ်၊ ဘာလုပ်ရမှန်း'

'ဘာလုပ်လို့လဲ'

'ကျွန်တော့်ကို ဆောင့်ကန် ထည့်လိုက်တယ်လေ'

*

'ဒါ ဘာလုပ်တာလဲ၊ ဘာဖြစ်လို့ လုပ်ရတာလဲ၊ ရှင့်သား မဟုတ်ဘူးလား၊ ရှင့် သွေးသားအစစ်၊ ကလေးက နေလည်း ကောင်းတာမဟုတ်ဘူး'

မေမေ့အသံတို့ တုန်ယင်အက်ကွဲနေသည်။ မေမေ့မျက်နှာတစ်ခုလုံး မျက်ရည်တို့ ဒရဟော စီးကျနေသည်။

မေမေက ကြမ်းပြင်ပေါ်တွင်ထိုင်၍ လွှမ်းအောင်မြင်၏ခေါင်းကို ထွေးပွေ့ထားသည်။ မေမေ၏အထိအတွေ့က လွှမ်းအောင်မြင်၏နှလုံးသား အရည်ပျော်ကျလောက်အောင် နူးညံ့နွေးထွေးနေသည်။

မေမေ ဘယ်တုန်းက ငါ့ကို အဲသလောက် ချစ်သွားခဲ့ရတာလဲ။

ဖေဖေလည်း မျက်နှာပျက်သွားပါလား။

ဦးလွှမ်းမိုးသူ ဇက်ကျိုးသွားသည်။ လွှမ်းအောင်မြင်ရှေ့မှာ ဒူးထောက်၍ ထိုင်ချလိုက်သည်။

'သားရယ်၊ ဆောရီးကွာ နာသွားလားဟင်'

ချက်ချင်း အမူအယာပြောင်းသွား သောဖေဖေ့ကို လွှမ်းအောင်မြင် မယုံနိုင်ပါ။ ဖေဖေက သူ့ခေါင်းဆီ လက်လှမ်းတော့ သူ အလန့်တကြား ရုန်းထွက်သည်။ ဖေဖေက နောက်တစ်ကြိမ် လက်လှမ်းပြန်သည်။ သူက ထိုင်လျက်ကပင် နောက်ဘက်သို့ [illegible] ရုန်းသည်။ မေမေက ဖေဖေ့ကို လက်ကာပြသည်။

သူ့ကိုယ်ပူနှိုက တရိပ်ရိပ်တက်လာသည်။

*



www.burmeseclassic.com

www.burmeseclassic.com

'နောက်ပိုင်းကျတော့ ခေါင်းက မထောင်နိုင်တော့ဘူး၊ အိပ်ရာပေါ်မှာ လှဲချလိုက်တော့လည်း တဒိန်းဒိန်းနဲ့ ထိုးကိုက်တာ မခံနိုင်တော့ဘူး၊ မေမေက ခေါင်းရင်းမှာထိုင်ပြီး ဖေ့ထားရတယ်၊ မေမေ အဲဒီညက စကားသိပ်မပြောဘူး၊ အံကြိတ်ပြီး မျက်ရည်တွေပဲ ကျနေတယ်၊ ဖေဖေကလည်း ဘယ်မှမသွားဘူး၊ အခန်းထဲမှာပဲ ကျွန်တော့်ခုတင်ခြေရင်းမှာ ထိုင်ပြီး ကျွန်တော့်ကို စိုက်ကြည့်နေတယ်၊ ဆရာဝန်လည်း လာတယ်၊ အဲဒီကတည်းက ဆရာဝန်က ငှက်ဖျားပိုး ဦးနှောက်ထဲဝင်တယ်ထင်တယ်လို့ ပြောတယ်၊ ကျွန်တော် သတိမလစ်သေးဘူး၊ ဘာဖြစ်လို့ အဲသလို ပြောရလဲလို့တောင် အံ့သြနေသေးတယ်၊ ဆရာဝန်က ဆေးရုံတက်စေချင်တယ်၊ ဖေဖေတို့ကလည်း သဘောတူတယ်၊ ပစ္စည်းတွေ ထည့်နေကြတယ်၊ နောက်တော့ ကျွန်တော် အိပ်ပျော်သွားတယ်၊ နိုးလာတော့ ဆေးရုံမှာ၊ မနက်လင်းနေပြီ၊ ကျွန်တော်ကတော့ အိပ်ပျော်တယ်ပဲ ထင်တာပဲ၊ ဖေဖေနဲ့မေမေကတော့ ကျွန်တော် သတိလစ်သွားတာလို့ ပြောတာပဲ'

ဆရာချစ်က သက်ပြင်းချသည်။

'ကဲ ဦးနှောက်ထဲ ငှက်ဖျားပိုးနှစ်ခါ ပြန်ဝင်တဲ့ကောင်၊ နားတော့ နားဦးဟ၊ ဒီတစ်ခါ မင်း ပြန်သတိလစ်သွားရင် တို့ပါ အပြစ်ဖြစ်တော့မယ်'

လွှမ်းအောင်မြင်ကပြုံး၍ ကုတင်ပေါ်သို့ စန့်စန့်လှဲချလိုက်သည်။ အိမြတ်က ခေါင်းအုံးကို အနေတော်ပြင်ပေးပြီး စောင်ကို ရင်ပတ်အထိ လွှမ်းပေးသည်။

'ဆရာချစ်နားခိုင်းတော့ မမယမုံ ဆေးရုံလိုက်လာတဲ့အကြောင်း မပြောရတော့ဘူးပေါ့'

ဥက္ကာကဝင်၍ 'မလေးလိုက်လာတဲ့ အကြောင်းပါပေါ့' ဟုထောက်တော့ လွှမ်းအောင်မြင် မျက်မှောင်ကြုတ်သည်။

'ဒုက္ခပဲ၊ အဲဒါလည်း ခေါင်းထဲမှာ အပေါက်ပဲ၊ မလေး လိုက်လာတာ ကျွန်တော် လုံးဝ မမှတ်ဘူး'

'မမှတ်မိလည်း နောက်မှစဉ်းစား ငါ့လူ၊ ခု နားတော့'

ဆရာချစ်က ဟန့်လိုက်သည်။

*

ခေါင်းထဲမှာ သွေးကတဒိန်းဒိန်း ဆောင့်နေသည်။ မျက်စိမှိတ်၍ နားနေချင်သော်လည်း မျက်စိမှိတ်လိုက်သည်နှင့် မေမေက 'သား သား' ဟု လာခေါ်တတ်သည်။ ညကတို့ သတိပြန်လစ်သွားမှာ စိုးရိမ်ဟန်တူသည်။

www.burmeseclassic.com

သည်တစ်ခါတော့ တော်တော်ကြာကြာ မျက်စိမှိတ်ပြီးမှိန်းနေသည်အထိ မေမေ့ ခေါ်သံမကြားရ။ အတော်ကြာမှ

'အောင်'

မျက်လုံးကို ဖြေးညင်းစွာ ဖွင့်ကြည့်လိုက်သည်။

ရှည်လျားနွဲ့ပျောင်းသော ဆံနွယ်တွေဘေးက ညှိုလဲ့၍ ကြင်နာရိပ်လွှမ်းနေသော မျက်ဝန်းကလေးများ။

'မမယမုံ'

လွှမ်းအောင်မြင်အသံက တော်တော်ကျယ်သွားသည်။ မမယမုံက ဘေးကို လှည့်ကြည့်သည်။ ဖေဖေက ထိုင်နေရာမှထ၍ သူတို့ဘက်သို့ တစ်ချက်မျှ လှည့်ကြည့်ပြီး အခန်း အပြင်ထွက်သွားသည်။ မေမေ့ကိုတော့ မတွေ့။

'မောင်လေး နေသာရဲ့လား'

လွှမ်းအောင်မြင် ခေါင်းညိတ်ပြသည်။

'တော်တော် သက်သာသွားပါပြီ မမ၊ နဒီလေးရောဟင်၊ နဒီများ အရမ်း စိတ်ညစ် နေသေးလား'

မမယမုံက ပြုံးသည်။

'နဒီက လိုက်ချင်တယ်တောင် ပြောတာ၊ မမက မနေ့ကတင် အထင်လွဲစရာတွေ ဖြစ်ထားတာ၊ ခဏနေပါဦးလို့ ထားခဲ့တာ'

လွှမ်းအောင်မြင်က သက်ပြင်းချသည်။

'နဒီ သနားပါတယ်၊ ဦးကိုလည်း အားနာလိုက်တာ'

မမယမုံက ရယ်သည်။

'မနာနဲ့၊ ဦးက အောင့်ဖေဖေကို ရန်ဖြစ်လိုက်မိလို့ဆိုပြီး သူကတောင် ပြန်အားနာ နေတာ'

'ကျွန်တော်လည်း ဖြစ်သေးတယ်'

'ဘာဖြစ်တာလဲ'

'ရန်ဖြစ်တာလေ၊ ဖေဖေနဲ့ပေါ့၊ ညကထပ်ဖြစ်တယ်'

လွှမ်းအောင်မြင်က ညက ဖြစ်ပျက်ပုံများကို ယမုံကို ပြန်ပြောပြလိုက်တော့ ယမုံ မျက်နှာကလေး မှိုင်ငေးသွားသည်။

'မပြောသင့်ပါဘူး အောင်ရယ်၊ မိဘကို'

'ကျွန်တော် သိပါတယ်၊ ဖေဖေက မမတို့ကို ထိပါးပြောဆိုသလိုဖြစ်နေလို့ မခံချင်လို့ ပေါက်ကွဲသွားတာပါ'



www.burmeseclassic.com

www.burmeseclassic.com

ယမုံက ဖြည်းညှင်းစွာ ခေါင်းခါပါသည်။

'မိဘတွေ၊ လူကြီးတွေဆိုတာ အလုပ်ပတ်ဝန်းကျင်၊ ဘဝပတ်ဝန်းကျင်တွေမှာ မျက်နှာမူလိုက်တိုင်း၊ ဦးတည်လိုက်တိုင်း ပေါက်ကွဲမှုတွေနဲ့ ရင်ဆိုင်ခဲ့ရပြီးမှ အိမ်ပြန်လာပြီး အပန်းဖြေရတဲ့သူတွေ ပါအောင်ရယ်၊ သားသမီးက အိမ်မှာ ထပ်ပေါက်ကွဲပြနေရင် သူတို့ဘဝ ဘယ်လောက် သနားစရာကောင်းသလဲ'

'သားသမီးတွေရဲ့ ခံစားချက်ကျတော့ မိဘကိုပြောမပြရင် ဘယ်သူ့ကို သွားပြောပြရမလဲ မမရဲ့'

မမယမုံက ပြုံးသည်။

'စာအုပ်တွေကို သွားပြောရမှာပေါ့ အောင်ရဲ့'

လွှမ်းအောင်မြင် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

'စာအုပ်တွေ ဟုတ်လား မမ'

'ဟုတ်တယ်၊ လောကကြီးအကြောင်းပဲဖြစ်ဖြစ်၊ သားသမီးနဲ့မိဘကြားက နားလည်မှုလွဲတာတွေ၊ ခံစားရတာတွေ၊ ပေါက်ကွဲရတာတွေနဲ့ ပတ်သက်ပြီးဖြစ်ဖြစ်၊ ချစ်သူတွေ၊ အိမ်ထောင်ဖက်တွေနဲ့ ဆက်ဆံရေးတွေနဲ့ ပတ်သက်ပြီးပဲဖြစ်ဖြစ်၊ ကိုယ့်ရင်ထဲမှာ အစာမကြေတာတွေ၊ မေးခွန်းမေးချင်လာတွေရဲ့အဖြေဟာ ဘယ်စာအုပ်မှာမှ မပါဘူးဆိုတာ ဘယ်တော့မှ မရှိဘူး။ စာဖတ်ရင်း အပန်းဖြေတတ်တဲ့သူတစ်ယောက်အတွက် ကိုယ်ခံစားရသမျှ ပေါက်ကွဲချင်သမျှတွေရဲ့အဖြေဟာ စာအုပ်တွေထဲမှာ အမြဲရှာတွေ့မှာပဲ၊ မိဘကို သွားအပြစ်ဖွဲ့နေဖို့ မလိုဘူး၊ အောင့် ဖေဖေနဲ့မေမေဟာ ဘယ်လိုပဲ သူတို့အချင်းချင်း အသွင်မတူဘဲ အိမ်သူဖြစ်ရတယ်လို့ ထင်နေကြပေမဲ့ သူတို့နှစ်ယောက်တစ်ပုံစံတည်း ထပ်တူကျနေတဲ့အချက် ရှိတယ်၊ အောင် သတိထားမိလား'

လွှမ်းအောင်မြင် မျက်မှောင်ကြုတ်သည်။

'စာမဖတ်တာလား'

'ဟုတ်တယ်'

လွှမ်းအောင်မြင်က ခေါင်းတဆတ်ဆတ်ညိတ်သည်။

'မမပြောမှ သတိထားမိတယ်၊ ဟုတ်တယ်၊ ဖေဖေနဲ့မေမေဟာ စာမဖတ်ရုံတင်မကဘူး၊ ကျွန်တော် စာဖတ်တာကိုလည်း ကဲ့ရဲ့တယ်၊ ဝတ္ထုတွေဟာ လူတွေကို မှိုင်းတိုက်တဲ့အဆိပ်တွေတဲ့၊ စိတ်လေအောင် လုပ်တာတဲ့'

'ဒါကြောင့် သူတို့ဘဝမှာ ခံစားချက်တွေရှိနေတိုင်း ထွက်ပေါက်ရှာမတွေ့ခဲ့တာလား၊ အဲဒါကို တစ်ယောက်ကို တစ်ယောက်ပေါက်ကွဲနေကြလို့ အောင်တို့ကလေးတွေပါ ရာခံစားနေကြရတာ မဟုတ်လား'


www.burmeseclassic.com

www.burmeseclassic.com


'ဒါဆို သူတို့ကို ကျွန်တော် ဘယ်လိုပြောပြရမှာလဲ မမ'

ယမုံက လှပစွာ ရယ်သည်။

'အောင်က သားလေ၊ ဘယ်လို ပြောပြလို့ရမှာလဲ၊ အရေးကြီးတာက သူတို့အမှားကို သင်ခန်းစာယူ၊ သူတို့မှားတဲ့အမှားမျိုး ကိုယ်မမှားနဲ့၊ ပြီးတော့ မိဘဇာတ်သောက်အနေနဲ့ သားသမီးအပေါ် ဆက်ဆံတဲ့နေရာမှာ ဘယ်လောက်ပဲ လိုအပ်ချက်တွေ ရှိခဲ့၊ ရှိခဲ့၊ သူတို့က မိဘတွေလေ၊ ကမ္ဘာပေါ်မှာရှိသမျှ တခြား တခြားသောလူတွေအားလုံးထက် အောင့် အပေါ်မှာ ကောင်းနေတယ်ဆိုတာ မမေ့နဲ့၊ ဒါဆို အောင် မိဘကို အပြစ်မမြင်တော့ဘူး၊ မိဘကို အပြစ်မြင်ရင် မိဘကလည်း စိတ်ဆင်းရဲရ၊ ကိုယ်လည်း စိတ်ဆင်းရဲရ၊ အကုသိုလ်လည်း ဖြစ်ပါတယ်အောင်ရယ်'

စကားအရှည်ကြီးပြောပြီး မောသွားဟန်ဖြင့် ယမုံက လွှမ်းအောင်မြင်ကို ပြုံးပြုံးကလေး ကြည့်နေသည်။

လွှမ်းအောင်မြင်က ပြတင်းဝမှ ထိုးသောနေရောင်ကြောင့် ယမုံဆံနွအနားသတ်မျှင်ကလေးများ ရွှေရောင်ဝင်းလက်နေသည်ကို ငေးကြည့်နေရင်းက မအောင့်နိုင်ဘဲ ပြောမိသည်။

'မိဘဆိုတာ ကမ္ဘာပေါ်မှာရှိသမျှ လူတွေအားလုံးထက်တော့ ကျွန်တော့်အပေါ်မှာ ကောင်းတယ်ဆိုတာ ဖြစ်နိုင်ပါတယ်၊ ဒါဆိုရင်တော့ မမက လူမဟုတ်ဘဲ နတ်သမီးကလေးပဲဖြစ်မှာပဲ၊ မမလောက် ကျွန်တော် စိတ်ထားတတ်အောင် ဆုံးမခဲ့တာရှိမှ မရှိဘဲ'

ယမုံက လှပစွာရယ်သည်။

'ဖြစ်ချင်ပါတယ် ငါ့မောင်ရယ်၊ ဂါးဒီးယန်းအိန်ဂျယ်လို့ခေါ်တဲ့ ကိုယ်စောင့် နတ်သမီးလိုမျိုးပေါ့၊ လိုအပ်တာလည်း ဘာမှမရှိ၊ ဖြစ်ချင်တာလည်း ဘာမှမရှိ၊ သူများကိုပဲ လိုက်ဖြည့်ဆည်းစောင့်ရှောက် ပေးနေရတဲ့ဘဝမျိုး၊ မမသာဆို သိပ်ပျော်မှာပဲ'

ခြေသံများ တရှပ်ရှပ် ပေါ်လာသည်။

ယမုံက လှည့်ကြည့်သည်။

'ကဲ အောင့်ဖေဖေနဲ့မေမေ ဖြစ်မယ်၊ သူတို့က အောင်နေမကောင်းနေလို့ မမကို ကြည့်ဖြူနေတာ၊ အခုလောက် နေကောင်းနေတာတွေ့ရင် မောင်းထုတ်ချင်ထုတ်မှာ၊ မမသွားမယ်နော်'

'ဟုတ်ကဲ့ မမ'

လွှမ်းအောင်မြင်ရင်ထဲတွင် ဟာခနဲ ဖြစ်သွားပါသည်။

*


www.burmeseclassic.com

www.burmeseclassic.com



ပြည်တော်သာလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်တွင် ဆိုင်ကယ်စီးလာသော ဒုရဲကြပ်ကလေးနေလင်းနှင့် ဆရာချစ်ဆုံသည်။ နေလင်းက ဆေးရုံလိုက်သွားမလို့ဟု ဆိုသည်။

'ဆေးရုံ နောက်မှလိုက်၊ တို့ကောင်က အဖျားလည်းစကျပြီ၊ သတိလည်း ကောင်းကောင်းရနေပြီ၊ မင်း ငါ့ကို သစ္စာလမ်းဘက် လိုက်ပို့'

'ရတယ်လေ၊ ဆရာချစ်၊ သစ္စာလမ်း ဘာရှိလို့လဲ'

'ဒေါက်တာလှိုင်လှိုင်လေး ဆေးခန်းရှိတယ်၊ ဒီအချိန်ဆို သူ ဆေးခန်းမှာရှိမှာပဲ'

နေလင်းက လက်ပတ်နာရီကို ငုံ့ကြည့်သည်။ ည ၇း၀၀ နာရီ။

'ဆရာချစ်က လူနာရှင်ဖြစ်ချင်နေတဲ့လူကို လူနာပြန်အပ်မလို့လား'

ဆရာချစ်က ရယ်သည်။

'မီဘတွေ ဖုန်းဆက်တာရလား မေးမလို့ပါကွာ'

'ကဲ လာ'

*

ဆေးခန်းကလေးက ခြံနှင့်ဝင်းနှင့် အိမ်တစ်လုံးနှင့် ကားဂိုဒေါင်လို အဖီကလေးမှာ ဖွင့်ထားခြင်းဖြစ်သည်။ ဆရာဝန်နှင့်လူနာ ဆတူလောက်ရှိသောမြို့ပီပီ လူနာမရှိဘဲ ရှင်းနေသည်။

ဒေါက်တာလှိုင်လှိုင်လေးက ဆေးခန်းလူနာစောင့်သော ခုံတန်းရှည်ကလေးမှာ အသိအကျွမ်းဖြစ်ဟန်တူသော အသက် ၂၅ နှစ်ခန့် လူငယ်တစ်ဦးနှင့် ထိုင်စကားပြောနေသည်။

'ဟာ ဆရာချစ်၊ လာ ဆရာ'

ဆရာချစ်က လူငယ်ကို တစ်ချက်အကဲခတ်ကြည့်ရင်း မျက်နှာချင်းဆိုင် ခုံတန်းရှည်မှာ ဝင်ထိုင်လိုက်သည်။

လူငယ်မှာ သိသိသာသာ ရုပ်ရည်ချောမောသူတစ်ဦးဖြစ်ပြီး မကွေးတွင် တစ်ခါမှ မဆုံဖူးသူဖြစ်သည်။

ဆရာချစ်က ဒေါက်တာလှိုင်လှိုင်လေးကို နေလင်းနှင့် မိတ်ဆက်ပေးပြီး မိဘတွေနဲ့ အဆက်အသွယ်ရလား ဒေါက်တာဟု မေးလိုက်ပါသည်။

'ရောက်နေပြီ ဆရာရဲ့၊ အခုပဲ ဆေးရုံမှာ 'အောင့်' ဘေးမှာထားခဲ့ပြီး အခုထွက်လာတာ၊ အဖျားလည်း ကျပါတယ်၊ အိပ်ပျော်နေတယ်'

ဆရာချစ်က ခဏစဉ်းစားနေပြီးမှ တုံ့ဆိုင်းဆိုင်း ပြောသည်။

www.burmeseclassic.com



'ဟိုဟာလေ၊ ဒေါက်တာ့သူငယ်ချင်း ယမုံတို့အိမ်ရော အကြောင်းကြားရ ကောင်း မလားလို့ပါ'

ဒေါက်တာလှိုင်လှိုင်လေးရော၊ လူငယ်ပါ သိသိသာသာ မျက်နှာပျက်သွားကြသည်။ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီးမှ လှိုင်လှိုင်လေးက ပြန်မေးသည်။

'ဆရာချစ်က ယမုံ့ကို သိနေတာလား'

ဆရာချစ်က သက်ပြင်းချ၍ သူတို့ကို လွှမ်းအောင်မြင်ပြောပြခဲ့သော ဦးလက်ာစိုး၊ ဒေါ်နွယ်နီစိုး၊ ယမုံ၊ ရောနှင့် နဒီတို့အကြောင်းများကို ခရေစေ့တွင်းကျ ပြန်ပြောပြ လိုက်သည်။

ဒေါက်တာလှိုင်လှိုင်လေးက ဝင်ရောက်ဟန့်တားခြင်းမပြုဘဲ ဆရာချစ် ပြောသမျှ ငြိမ်နားထောင်နေသည်။

ဆရာချစ်လည်း မထူးတော့ပြီဟု သဘောထားပြီး ဒေါက်တာလှိုင်လှိုင်လေးကို လည်း 'မလေး'အဖြစ် သူတို့သိထား ပြီးကြောင်းပါ ပြောပြသည်။ မလေးက ရှက်ပြုံးပြုံး သော်လည်း ဝင်မဟန့်ပါ။

အားလုံး နားထောင်ပြီးမှ သက်ပြင်းချသည်။

'အောင် ကလေးဘဝမှာ မိဘတွေကြောင့် စိတ်ဒဏ်ရာဖြစ်စရာတွေ အများကြီး ရှိခဲ့တယ်ဆိုတာ အမှန်ပါပဲဆရာ၊ ဦးနဲ့အန်တီလည်း အဲဒီကိစ္စတွေကို အကြီးအကျယ် နောင်တ ရခဲ့ပါတယ်၊ နောက်ဆက်တွဲ စိတ်ထိခိုက်စရာတွေကလည်း တနင့်တပိုး ခံစားခဲ့ ရတာကိုး'

ဆရာချစ် ခေါင်းညိတ်သည်။

'လွှမ်းချစ်ခင် ရေနစ်သေခဲ့ရပြီး နောက်ပိုင်းမှာမဟုတ်လား'

မလေးနှင့် ချော့သည်လူငယ်တို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြပြန် သည်။ ပြီးတော့ လူငယ်က မေးဆတ်ပြတော့ မလေးက ဆရာချစ်ကို ပြန်ကြည့်သည်။

'အဲဒီကိစ္စကလေးက စရှင်းပြမှနဲ့ တူတယ်၊ မရှင်းပြခင် မိတ်ဆက်ပေးပါရစေဦး၊ ဟောဒါ လွှမ်းအောင်မြင်ရဲ့ညီ လွှမ်းချစ်ခင်ပါ'

ဆရာချစ်ရော၊ နေလင်းပါ ပါးစပ်အဟောင်းသား ဖြစ်သွားကြပါသည်။

*

www.burmeseclassic.com




www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



## A Happy Family is but an Earlier Heaven.

## ၃၀

'လွှမ်းချစ်ခင်'

ဆရာချစ်ရော၊ နေလင်းပါ ပြိုင်တူလုမေးမတတ် ဖြစ်သွားကြသည်။ ပြီးတော့မှ ဆရာချစ်က ကသောကမျော ဆက်မေးသည်။

'ဒါဆိုရင် မောင်ရင်က မသေဘူးပေါ့၊ ဟုတ်လား'

လွှမ်းချစ်ခင်က ဖြည်းညင်းစွာ ခေါင်းခါပြသည်။

'ဒါဆို မောင်ရင်က၊ မောင်ရင်က ဘယ်မှာ ရောက်နေတာလဲ'

ဒေါက်တာလှိုင်လှိုင်လေးက ဝင်ပြောသည်။

'ဖိုးချစ်က ဘယ်မှမရောက်ပါဘူး ဆရာ၊ အဲဒီအိမ်မှာပဲ အမြဲတမ်းရှိနေခဲ့တာပါပဲ၊ မနေ့ကလည်း သူ့အစ်ကိုကို စိတ်ပူလို့ ဖုန်းဆက်ပါသေးတယ်၊ အိမ်ဖုန်းပျက်နေလို့ လက်ဖက်ရည်ဆိုင်က သွားခေါ်တာပါ'

ဆရာချစ်ရော၊ နေလင်းပါ နားမလည်နိုင်ကြတော့။

'နို့ ပသိချောင်းမှာ ရေနစ်သွားတယ်ဆို'

လွှမ်းချစ်ခင်က ခေါင်းညိတ်ပြသည်။

'ပသိချောင်းမှာ ရေနစ်ပျောက်ဆုံးသွားတဲ့ကိစ္စက အမှန်ဖြစ်ခဲ့တာပါ၊ ဒါပေမဲ့ ကျွန်တော်မဟုတ်ပါဘူး၊ ကျွန်တော့်သူငယ်ချင်း 'ဆေးအောင်မိုး' ပါ'

ဆရာချစ်နှင့်နေလင်းတို့ ပါးစပ်အဟောင်းသား ဖြစ်သွားကြပြန်သည်။ နေလင်းက စိတ်မထိန်းနိုင်ဘဲ ဖြတ်မေးလိုက်သည်။

'ဒါဆို သူက ဘာလို့ မင်းလို့ ပြောခဲ့ရတာလဲ'

လွှမ်းချစ်ခင် မျက်လုံးများက ဆွေးမြေ့ရီဝေသွားသည်။

'ကိုအောင်က သိပ်လိမ္မာတယ် အစ်ကို၊ ကျွန်တော်က သိပ်ဆိုးတာ၊ ဒီကြားထဲ ကျွန်တော်တို့ ဆိုးတာတွေကို ကိုအောင်က ဖေဖေနဲ့မေမေကို အသိပေးတိုင်း ဖေဖေက

www.burmeseclassic.com

ကျွန်တော့်ကို ကာဆီးကာဆီးလုပ်ပြီး ကိုအောင်ကိုပဲ ရန်လုပ်တယ်၊ ကိုအောင့်ရင်ထဲမှာ အဲဒါတွေ နှစ်ပေါင်း ၂၀ လောက် ခံစားခဲ့ရတော့ တဖြည်းဖြည်း ကျွန်တော့်ကို မရှိစေချင်တော့ဘူးဖြစ်လာမှာပေါ့၊ သူ့အတွင်းစိတ်ထဲမှာ သူပြောဆိုဆုံးမလို့မရတဲ့အပြင် ပြောတိုင်းမိဘကပါ သူ့ကိုရန်လုပ်တာ ခံရတဲ့ညီကို မပြောတော့ဘူး၊ သေသွားပြီလို့ပဲ သဘောထားဟန်တူပါတယ်၊ အမှန်တော့ ဆေးအောင်မိုး သေတဲ့နေ့က တုန်တုန်ရီရီနဲ့ ပြန်လာပြောတာ ဆေးအောင်မိုး မဟုတ်ပါဘူး၊ ကျွန်တော်ပါ၊ ဆေးအောင်မိုး ကြောင်တောင်တောင်နဲ့ ရေထဲဆင်းပြီး ပျောက်သွားတာ မျက်မြင်ကြုံလိုက်ရတော့ ကျွန်တော်လည်း တော်တော် သွေးပျက်သွားခဲ့တယ်၊ အဲဒီနောက်ပိုင်းလည်း အဲဒီ မကောင်းတဲ့သူငယ်ချင်းအုပ်စုနဲ့ လက်တွဲ ဖြုတ်ပြီး ကျောင်းသေသေချာချာ ပြန်တက်ခဲ့ပါတယ်၊ အခုဆို ကျွန်တော် တောင်ငူတက္ကသိုလ်မှာ ဒုတိယနှစ်တောင် ရောက်နေပါပြီ၊ ကိုအောင်ကတော့ အဲဒီနေ့ကတည်းကစပြီး ကျွန်တော့်ကို ကောင်းကောင်း စကားမပြောတော့ဘူး'

ဆရာချစ် ခေါင်းခါသည်။

'မဟုတ်သေးပါဘူးကွာ၊ ဒါနဲ့ပဲ သူက မင်းကိုသေပြီလို့ ဘာလို့ တို့ကို ပြောခဲ့ရတာလဲ'

လွှမ်းချစ်ခင်က မဲ့ပြုံးပြုံးသည်။

'ပထမတော့ သူ ကျွန်တော့်ကို သူ့ ရင်ထဲမှာ ကန့်လန့်ကာ ချပစ်လိုက်ရုံပါပဲ၊ အဲဒီဖျားတဲ့နေ့မှာတော့ ကယောင်ချောက်ချားနဲ့ ကျွန်တော် သေသွားပြီလို့ တကယ် ယူဆသွားဟန် တူတယ်၊ ဖေဖေနဲ့မေမေကို သားသမီးဆုံးမတာ မမှန်ကန်လို့ ဆိုတာမျိုးတွေ ပြောတယ်၊ ဖေဖေက နည်းနည်းလည်းသောက်ထားတော့ ပထမတော့ စိတ်ဆိုးပြီး ကိုအောင့်ကို ကန်ထည့်လိုက်သေးတယ်၊ နောက် မေမေ ငိုယိုတောင်းပန်တော့မှ ကိုအောင် အဖျားကြောင့် ကယောင်ချောက်ချား ဖြစ်နေတယ်ဆိုတာ ရိပ်မိသွားတာ၊ ဆရာဝန်ကလည်း ဒါကြောင့် ကိုအောင် ငှက်ဖျားပိုး ဦးနှောက်ထဲဝင်တယ်လို့ သတ်မှတ်ခဲ့တာ၊ တကယ်တော့ အဲဒီအချိန် တစ်လျှောက်လုံးမှာ ကျွန်တော် ဘေးမှာ ရှိနေခဲ့တာပဲ၊ ဖေဖေ့ကိုတောင် ကျွန်တော် ငိုပြီး ဝင်ဆွဲပါသေးတယ်'

ဆရာချစ် မကျေနပ်နိုင်သေး။

'အဲဒါက ထားပါတော့၊ ဒါဆိုရင် ခုထိ မောင်ရင် သေသွားပြီလို့ သူက ဘာကြောင့် ပြောနေရတာလဲ၊ သူ နေကောင်းသွားပြီး ကျောင်းပြန်တက်၊ ဘွဲ့တောင်ရခဲ့တယ် မဟုတ်လား'

လွှမ်းချစ်ခင်က ခေါင်းညိတ်ပြပါသည်။

www.burmeseclassic.com

'ဟုတ်တယ် ဆရာ၊ ဆေးရုံဆင်းပြီးနောက်ပိုင်း ကိုအောင်က အကောင်းပဲ၊ ကျွန်တော့်ကို သိပ်ဟက်ဟက်ပက်ပက် စကားမပြောပေမဲ့ ကျွန်တော် မသေဘူးဆိုတာတော့ လက်ခံသွားတယ်၊ ဖေဖေ အရက်ဖြတ်သွားတာ ကျွန်တော့်ကြောင့် စိတ်ထိခိုက်လို့ဆိုပြီး ဆရာတို့ကို သူ ပြောတယ်နော်၊ အမှန်က သူ့ကြောင့်၊ သူ နေမကောင်းဖြစ်ပြီး လျှောက်ပြောနေတာ၊ ပိတ်ကန်လိုက်မိတာ အရက်သောက်ထားလို့၊ ဒီအရက်တွေ သောက်သောက်နေလို့ သားသမီး ခံစားချက်ကို အမြဲမမြင် ဖြစ်နေခဲ့ရတာ၊ သူ သိပ်မိုက်တဲ့အဖေ ဖြစ်နေပြီလို့ ညည်းတွားပြီး ဖေဖေက အရက်ကို သစ္စာဆိုပြီး ဖြတ်လိုက်တာ၊ အဲသည့်နောက်ပိုင်းလည်း ကျွန်တော်တို့ တစ်အိမ်လုံး ကိုအောင့်ကို ဝိုင်းဂရုစိုက်ကြပါတယ်၊ ကိုမြတ်ကဆိုရင် ရန်ကုန်မှာ မနေတော့ဘဲ တောင်ငူမှာ လာနေတာ၊ သူ့ညီကို သူ အရိပ်တကြည့်ကြည့်ပဲ၊ ကိုအောင်လည်း ပုံမှန်ပါပဲ၊ စာလည်းလိုက်နိုင်ပြီး ဘွဲ့လည်းရသွားတယ်၊ ဒါပေမဲ့ မိသားစုနဲ့တော့ ခပ်တန်းတန်းဖြစ်နေတယ်၊ ဘွဲ့ရပြီး ဒီမှာအင်တာနက်ဆိုင် ဖွင့်ချင်တယ်ပြောတော့ ဖေဖေနဲ့မေမေက ပထမ စိတ်မချဘူး၊ ကျွန်တော့်ကိုထည့်ချင်တာ ကျွန်တော်ကလည်း ကျောင်းမပြီးသေးဘူး၊ ကိုအောင့်ကိုလည်း တားလို့မရဘူး၊ ဒါနဲ့ပဲ သွားလိုက်ပြန်လိုက် လုပ်နေကြတာ'

လွှမ်းချစ်ခင်က စကားပြောခဏရပ် ၍ ပင့်သက်ရှိုက်သည်။

'သွေးက စကားပြောတယ် ပြောရမလားမသိဘူး၊ ဒီရက်တွေထဲမှာ ကျွန်တော် စိတ်လေးနေတယ်၊ ကိုအောင့်ကိုလည်း ညတိုင်း အိပ်မက်မက်တယ်၊ မေမေ့ကို ပြောပြတော့ မေမေလည်း အတူတူပဲ၊ ညတိုင်း ထထိုင်နေရသတဲ့၊ တကယ်တော့ မေမေက ကိုအောင် နေမကောင်းတုန်းက ပြောတဲ့စကားတွေနဲ့ ပတ်သက်ပြီး နှစ်ကြာလာတဲ့အထိ တမြေ့မြေ့ ခံစားနေရရှာတာ၊ ခဏခဏလည်း ငိုတယ်၊ သား ကိုအောင်ကို မေမေ ဘယ်လောက် ချစ်တယ်ဆိုတာ သူ ယုံတဲ့အထိ ပြောပြချင်လိုက်တာ သားငယ်ရယ်' လို့ ခဏခဏ ညည်းညည်းနေတာ၊ မနေ့က ကျွန်တော်လည်းပြောရော မေမေက ကျွန်တော့်ကို ချက်ချင်း ဖုန်းဆက်ခိုင်းတာပဲ၊ ထင်တဲ့အတိုင်း ကိုအောင်က စိတ်တွေကယောင်ချောက်ချား ပြန်ဖြစ်နေတာကိုး'

နေလင်းက 'ဒါပေမဲ့ မဖျားခင်ကတည်းက သူ အဲဒီလိုတွေ ပြောနေခဲ့တာပဲ' ဟု ဝင်ပြောသည်။ ဒေါက်တာလှိုင်လှိုင်လေးက ဝင်ဖြေသည်။

'အောင်ဝေဒနာက ငှက်ဖျားချည်းသက်သက်ကြောင့် ဖြစ်တာမဟုတ်ဘူး၊ စိတ်သိပ်ထိခိုက်ခံစားခဲ့ရလို့ ဖြစ်တာ၊ ပထမတစ်ခေါက် ဖြစ်ခဲ့တော့ ကျွန်မလိုက်သွားတုန်းက တောင်ငူဆေးရုံက သမားတော်ကြီးက ရှင်းပြတယ်၊ စိတ်ရောဂါအပြင်းစားတော့ မဟုတ်ဘူးပေါ့၊ Obsession လို့ ခေါ်တယ်၊ စွဲလမ်းလွန်းတာ၊ ငှက်ဖျားကောင်းသွားလည်း စိတ်ဝေဒနာ ပြန်ဖိစီးရင် ပြန်ပေါ်နိုင်တယ်တဲ့၊ ကုစရာ ဆေးဆိုလို့ တစ်မျိုးပဲရှိသတဲ့'



www.burmeseclassic.com

'ဘာဆေးလဲ'

'မေတ္တာတဲ့'

အားလုံး တိတ်ဆိတ်ငြိမ်သက်သွားကြသည်။

*

အတန်ကြာ တိတ်ဆိတ်နေကြပြီးမှ ဆရာချစ်က တိုးတိုးပြောသည်။

'သူ ရနေသားပဲ'

ဒေါက်တာလှိုင်လှိုင်လေးက မျက်ခုံးပင့်သည်။

'ဘာကိုလဲ ဆရာ'

'မေတ္တာလေ၊ သူ အနောက်ဘက်နှင်းဆီခြံထဲက မိသားစုဆီက ချစ်ခြင်းမေတ္တာတွေ အလုံအလောက် ရနေသားပဲ၊ သူ ဒီလိုမဖြစ်သင့်ဘူး'

ဒေါက်တာလှိုင်လှိုင်လေးနှင့် လွှမ်းချစ်ခင်တို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြပြန်သည်။

နောက်တော့ ဒေါက်တာလှိုင်လှိုင်လေးက ခေါင်းညိတ်ပြလိုက်တော့ လွှမ်းချစ်ခင်က သူ့လက်ကိုင်အိတ်ထဲမှ ဓာတ်ပုံတစ်ပုံကိုထုတ်၍ ဆရာချစ်ကို လှမ်းပေးသည်။

'ဒါက ဘာလဲ'

'ကျွန်တော်တို့အိမ်နောက်က နှင်းဆီခြံဓာတ်ပုံပါ ဆရာ၊ ကိုအောင် ငေးငေးကြည့်နေကျ ပြတင်းပေါက်ကလေးကနေ ကျွန်တော် လှမ်းရိုက်ထားတာပါ'

ဆရာချစ်ရော၊ နေလင်းပါ ဓာတ်ပုံကို အလုအယက် ပူးကြည့်ကြသည်။ ပြီးတော့ ပါးစပ်အဟောင်းသား ဖြစ်သွား သည်။

နှင်းဆီခြံမှာ နှင်းဆီခြံဖြစ်ခဲ့ဖူးသည်ဟု ယူဆဖွယ်ရာရှိသော်လည်း ဓာတ်ပုံထဲက အနေအထားတွင်တော့ နှစ်ပေါင်းများစွာ ပြုစုစောင့်ရှောက်သူမရှိဘဲ ပစ်ထားသည့် ခြံ တစ်ခြံသာ ဖြစ်နေသည်။ တစ်ခြံလုံးလည်း ချုံနွယ်ပိတ်ပေါင်းများ ထူထပ်စွာ ပိတ်ဆို့နေပြီး မည်သည့်လယ်ကွင်းမှလည်း မရှိ၊ မည်သည့်ဖျိုင်းငှက်ကလေးတွေမှလည်း မရှိ။ သည် ဓာတ်ပုံတစ်ပုံလုံးတွင် လွှမ်းအောင်မြင်ပြောခဲ့သည့် ဓာတ်လမ်းထဲမှ ဓာတ်ကောင်ဆို၍ ခြံဝင်းတံခါး ခနော်နီခနော်နဲ့ ခြံထဲက ကွပ်ပျစ်အဟောင်းကလေးနှင့် ခြံရှေ့က ခုံတန်းရှည် အပျက်ကလေးသာ ရှိသည်။

အဆိုးဆုံးကတော့ ခြံထဲတွင် မည်သည့်အိမ်မှ မရှိပါ။ ချစ်စရာအိမ်ကလေး ဘယ် ရောက်သွားပြီလဲ။

'ဘယ်လိုဖြစ်ရတာလဲကွာ၊ ဘယ်တုန်းကတည်းက ဒီလိုဖြစ်သွားတာလဲ၊ သူတို့ မိသားစုကလေးက ဘယ်ကို ရောက်သွားတာလဲ'



www.burmeseclassic.com

လွှမ်းချစ်ခင်က ခေါင်းကို ဖြည်းညင်းစွာ ခါသည်။

'အဲသည့်ခြံကလေးက ကျွန်တော် တိုင်ယယ်ကလေးထဲက အဲသည့်အတိုင်းပါပဲ ဆရာ၊ ဘယ်တုန်းကမှ ပြောင်းလဲမသွားပါဘူး၊ ယမုံတို့၊ နဒီတို့အကြောင်း ကျွန်တော်တို့ စကြားဖူးတာကတော့ အဲဒီ ကိုအောင် အဖျားကြီးတဲ့ညက ကိုအောင်ကို လိုက်ရှာကြရင်း အဲဒီအိမ်ရှေ့ ခုံတန်းရှည်ပေါ်မှာ ထိုင်နေတာတွေ့တာက စတာပါပဲ'

'နဒီနဲ့လား'

'တစ်ယောက်တည်းပါ ဆရာ'

*

'ဖိုးအောင် မင်း ဒါဘာလုပ်နေတာလဲ'

ဖေဖေက အသံသြကြီးနှင့် မေးသည်။ လက်နိပ်ဓာတ်မီးရောင်အောက်တွင် ခုံတန်းရှည်အပျက်ကလေးအပေါ် တစ်ယောက်တည်း ကြောင်တက်တက် ထိုင်နေသော လွှမ်းအောင်မြင်က ကိုယ်ကိုယ့်ရှို၍ နောက်ဆုတ်သွားသည်။

'ကျွန်တော် စိတ်ညစ်လို့ ဒီမှာ လာထိုင်နေတာ၊ နဒီက ကျွန်တော့်ကို သနားလို့ လာအားပေးနေတာ'

လွှမ်းမြင့်မြတ်က နဒီဟု ကြောင်တက်တက်ရေရွတ်၍ လွှမ်းချစ်ခင်ကို လှည့်ကြည့်သည်။ လွှမ်းချစ်ခင်က လွှမ်းအောင်မြင်၏ ဘေးပတ်ပတ်လည်ကို မျက်စိကစား ကြည့်သည်။ ဘယ်သူမှ မရှိ၊ မှောင်နှင့်မည်းမည်း။

လွှမ်းချစ်ခင် ကျောထဲက စိမ့်တက်သွားသည်။

ဦးလွှမ်းမိုးသူက လွှမ်းအောင်မြင် လက်ကိုဆွဲ၍ လွှမ်းအောင်မြင် မတ်မတ်ရပ် လျက်သားဖြစ်သည်အထိ ထူလိုက်ပါသည်။

'ဘာနဒီလဲ၊ ဘာစိတ်ညစ်တာလဲ၊ မင်းကို နည်းနည်းဖျားနေလို့ မင်းအမေက အိမ်ထဲမှာပဲ နေရမယ်လို့ ပြောထားတယ် မဟုတ်လား၊ နာရီလည်း ကြည့်စမ်းပါဦး၊ ဘယ်အချိန် ရှိနေပြီလဲ'

လွှမ်းအောင်မြင် အကြာကြီး ငြိမ်သက်စွာရပ်လျက် ဘေးကအမှောင်ထုထဲသို့ စိုက်ကြည့်နေသည်။ ပြီးမှ လေသံတိုးတိုးနှင့် ပြောသည်။

'မမယမုံ၊ နဒီကလေးကို အထဲခေါ်သွားလိုက်ပါ၊ ဦးကိုလည်း ကျွန်တော် တောင်းပန် ပါတယ်၊ ဖေဖေက သားတစ်ယောက် သေထားလို့ သိပ်စိတ်ညစ်နေလို့ပါ'

သားတစ်ယောက်သေထားလို့ ဆိုသည့်စကားကြောင့် လွှမ်းမြင့်မြတ်နှင့် လွှမ်းချစ်ခင် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိပြန်သည်။ လွှမ်းအောင်မြင် လွှမ်းစကားပြော



www.burmeseclassic.com

နေသည့်နေရာတွင် လူမပြောနှင့် ခွေးတစ်ကောင်၊ ကြောင်တမြီးမှ မရှိ။ အမှောင်ထု ပကတိ။

ဒေါ်ခင်ခင်မြင့်က စိတ်မထိန်းနိုင်ဘဲ ငိုချလိုက်သည်။

'ဖိုးအောင် လာစမ်း၊ ဝင် အိမ်ထဲကို အခုဝင်'

ဦးလွှမ်းမိုးသူက လွှမ်းအောင်မြင်၏ လက်တစ်ဖက်ကို ဆောင့်ဆွဲ၍ အိမ်ဘက်သို့ တွန်းလွှတ်သည်။ ဒေါ်ခင်ခင်မြင့်က မျက်လုံးအဝိုင်းသားနှင့် လှမ်းတားသည်။

'အရမ်းမလုပ်နဲ့လေ၊ ကလေး ဖျားနေတယ်လို့ပြောတယ် မဟုတ်လား'

ဦးလွှမ်းမိုးသူက ဒေါ်ခင်ခင်မြင့်ကို မျက်ထောင့်နီကြီးနှင့် ကြည့်သည်။

'မင့်သား ဆေးမိနေပြီ' အံကြိတ်ထားသော လေသံနှင့် ပြောသည်။

*

ဆရာချစ်နှင့်နေလင်းတို့ ဘာပြန် ပြောရမှန်းကို မသိတော့ဘဲ ပါးစပ် အဟောင်းသားနှင့် ဆက်နားထောင်နေကြသည်။ လွှမ်းချစ်ခင်က တိုးတိုး ဆက်ပြောပါသည်။

'အဲသည့်ညက ဆရာတို့ သိထားသလိုပဲ ကိုအောင်က ဖေဖေနဲ့မေမေက သားသမီးတွေရဲ့ခံစားချက်ကို လျစ်လျူရှုပြီး တစ်ချိန်လုံး ပြဿနာတွေဖြစ်၊ ပေါက်ကွဲနေကြတာတွေ၊ ဖဲဝိုင်းမှာ အချိန်ကုန်နေတာတွေ၊ သူ့သားကိုယ့်သား ခွဲခြားနေတာတွေကို တော်တော်ကြီး ပြင်းပြင်းထန်ထန် ဝေဖန်တယ်၊ ဆရာတို့ မသိထားသေးတာ တစ်ခုပဲ'

'ဘာလဲ'

ဆရာချစ်က အခုမှ အသက်ဝင်လာဟန်ဖြင့် မေးသည်။

'ဦးလက်ာစိုး၊ ဒေါ်နွယ်နီစိုး သူတို့ တူ၊ တူမ ယမုံ၊ ရောနဲ့ နဒီတို့မိသားစုကလေးနဲ့ ကျွန်တော်တို့မိသားစု ယှဉ်ပြောတာလေ၊ အဲဒီနေ့မတိုင်ခင်က အဲဒီနာမည်တွေ ကျွန်တော်တို့ တစ်ခါမှ မကြားဖူးခဲ့ပါဘူး'

နေလင်းက အတန်ကြာ မင်သက်နေရာမှ ဝင်မေးသည်။

'ညီလေး ပြောတာက အဲဒီချစ်စရာအိမ်ကလေးရော၊ အဲဒီ မိသားစုကလေးကရော တကယ်ရှိတာမဟုတ်ဘူးလို့ ပြောတာလား'

လွှမ်းချစ်ခင်က ဖြည်းညင်းစွာ ခေါင်းညိတ်သည်။

'မေတ္တာသိပ်ငတ်နေတဲ့ ကိုအောင်ရဲ့စိတ်ကူးထဲမှာ ဖန်တီးယူထားတဲ့ မေတ္တာ သိပ်ပြည့်ဝတဲ့ အိမ်ကလေးတစ်လုံးပါ၊ တကယ်တော့ အဲဒီ ချစ်စရာအိမ်ကလေးရော၊ ဦးလက်ာစိုးရော၊ ဒေါ်နွယ်နီစိုးရော၊ ယမုံရော၊ ရောရော၊ နဒီရော တစ်ခုမှ တစ်ယောက်မှ အပြင်လောကမှာ တကယ်မရှိကြပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



ဆရာချစ်က နေလင်းကို လှည့်ကြည့်သည်။

'နေလင်း၊ မင်း ဥက္ကာနဲ့အိမြတ်ကို သွားခေါ်၊ ဆေးရုံ မသွားနဲ့ဦး၊ ဒီကို အရင်လာခဲ့လို့ ဟုတ်လား'

နေလင်း ကြောင်တက်တက်နှင့် ထရပ်သည်။

*

ဥက္ကာနှင့်အိမြတ်တို့က လူငယ်များပီပီ စိတ်လောကြီးစွာဖြင့် သိချင်သော မေးခွန်းများကို တရစပ်မေးကြတော့လေသည်။

'ကဗျာဆရာ လက်ာစိုးဆိုတာ တကယ်ရှိတယ်ဆို၊ ဆရာပဲ ပြောပြီး'

လွှမ်းချစ်ခင်က ဝင်ရှင်းပြသည်။

'ဓာတ်လမ်းက အဲသည့်ကဗျာစာအုပ်က စတာပါပဲ၊ ကိုအောင်က အိမ်မှာ စိတ်ညစ်စရာတွေ့တိုင်း ပြတင်းပေါက်ကနေ အဲသည့်နှင်းဆီခြံဟောင်းကလေးကို သွားငေးချင်ငေးနေ၊ ဒါမှမဟုတ် ခြံရှေ့က ခုံတန်းရှည်ကလေးမှာသွားထိုင်နေတတ်တာ၊ အဲဒီလိုသွားထိုင်ရင်း ခြံထဲက ကွပ်ပျစ်အဟောင်းကလေးပေါ်မှာ စာအုပ်အဟောင်းလေးတစ်ခု တင်နေတာတွေ့လို့ ခြံထဲကျော်ခွဝင်ပြီး ကောက်ခဲ့သတဲ့၊ တော်တော်ဟောင်းနေတဲ့ စာအုပ်ကလေးပါ၊ ကဗျာဆရာလက်ာစိုးရေးတဲ့ 'ညဦးအိပ်မက်' ကဗျာများဆိုတဲ့ ကဗျာပေါင်းချုပ်စာအုပ်။ ၁၉၇၇ ခုနှစ်က ထုတ်တာ၊ အဲဒီထဲက 'စပယ်ဆို ဖြူမှ' ဆိုတဲ့ ကဗျာလေးကို သူ ကူးရေးနေတာတွေ့လို့ မေးကြည့်ရင်း ကျွန်တော်သိတာ၊ အဲဒီတုန်းက သူ ငါးတန်းပဲ ရှိသေးတာ၊ ဒါပေမဲ့ စာတွေ၊ ကဗျာတွေ သိပ်ဝါသနာပါတာ တစ်အိမ်လုံးသိကြတော့ အမှတ်တမဲ့ပါပဲ၊ ကျွန်တော်တို့ မသိလိုက်တာက အဲဒီကတည်းက သူ အဲဒီကဗျာဆရာလက်ာစိုးဆိုတဲ့ ကျွန်တော်တို့ခုထိ တစ်ခါမှ မမြင်ဖူးတဲ့လူတစ်ယောက်ကို စိတ်ကူးယဉ်ပြီး နှင်းဆီခြံထဲမှာ ဖန်ဆင်း၊ မိသားစုကလေးတစ်ခု တည်ဆောက်ပြီး စိတ်ကူးယဉ်ကမ္ဘာထဲမှာ အဲဒီမိသားစုနဲ့ သွားပျော်ရွှင်နေတာပါပဲ၊ စာသိပ်ဖတ်တဲ့လူ စိတ်ကူးယဉ်တော့လည်း စနေစ်ကျတာပေါ့၊ ဒါပေမဲ့ မဖျားခင်အထိကတော့ သူ့အာရုံထဲမှာ စိတ်ကူးယဉ်ဘဝနဲ့ လက်တွေ့ဘဝ ကွဲပြားဟန်တူတယ်၊ အဖျားကြီးတဲ့နေ့မှာ အာရုံတွေပြားပြီး စိတ်ကူးယဉ်ဘဝထဲက လူတွေကို အပြင်မှာရှိတယ်လို့ ထင်လာတော့တာပါပဲ'

အိမြတ်က ခေါင်းညိတ်သည်။

'ဒါကြောင့် ဦးလက်ာစိုးရော၊ ဒေါ်နှယ်နီစိုးရော၊ ယမုံရော၊ ရောရော၊ ဒီပါ ခြောက်ပစ်ကင်း သဲလဲစင် မေတ္တာရှင်တွေ၊ မေတ္တာရှင်ကလေးတွေ ဖြစ်နေကြတာကိုး၊ လက်တွေ့မှာတော့ ဒီလိုလူမျိုးတွေ ဘယ်ရှိနိုင်ပါ့မလဲ'

ဆရာချစ်က ခေါင်းခါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီလောက် မဟုတ်တောင် အနီးစပ်ဆုံးဖြစ်အောင်တော့ ကြိုးစားရမှာပဲ၊ ဒါ လွှမ်းအောင်မြင့်ရဲ့ စိတ်ကူးယဉ်သက်သက်ဆိုပေမဲ့ နားထောင်ရတဲ့ ကိုတွေကို ပေးသွားလိုက်တဲ့ပညာတွေ အများကြီးပဲ၊ လွှမ်းအောင်မြင့် စာဖတ်နာတာလည်း ပါတယ်၊ သူ့မိသားစုကို သူ အလိုမကျတာတွေလည်း ပါတယ်၊ ဒီဇာတ်လမ်းလေးက တကယ်ဖြစ်ခဲ့တာ မဟုတ်ဘူးဆိုပေမဲ့ လူတိုင်းကြားဖူးသင့်၊ သင်ခန်းစာယူသင့်တဲ့ ဇာတ်လမ်းမျိုးကွ'

'နို့ လွှမ်းမြင့်မြတ်က ယမုံကို လိုက်သေးတယ်ဆို'

ဥက္ကာက မြွတ်မေးတော့ လွှမ်းချစ်ခင်က တိုးတိုးရယ်သည်။

'အစ်ကိုကြီးကိုမြတ်က တစ်ကျောင်းလုံး လှသမျှမိန်းကလေးတွေကို နည်းနည်းစီ လိုက်ကြောင်တတ်တာတော့ အမှန်ပါပဲ၊ အဲဒါ ကိုအောင်က သူ့စိတ်ကူးထဲမှာ သိပ်လှနေတဲ့ ယမုံနဲ့ ရောထွေးသွားဟန် တူပါတယ်၊ ကိုမြတ်လည်း ယမုံဆိုတာ အဲဒီညကမှ ကြားဖူးတာပါ'

အိမြတ်ကလည်း မနေနိုင်။

'မြတ်စောညီနောင် ဘုရားပွဲမှာ ရန်ဖြစ်တာကရော၊ သူ့ဘယ်ဘက်မျက်ခုံးပေါ်မှာတောင် အမာရွတ်ရှိသေးတယ်'

လွှမ်းချစ်ခင်က သက်ပြင်းချသည်။

'ရန်ဖြစ်တာတော့ အမှန်ပါပဲ၊ ဒါ ပေမဲ့ သူမဟုတ်ဘူး၊ ကျွန်တော်ပါ၊ ကျွန်တော်နဲ့ သူ သွားကြတာ၊ ကျွန်တော် ကျောင်းမှာ ရန်စလုပ်ထားမိတဲ့ကောင်တွေနဲ့ဆုံတော့ ကျွန်တော့်ကို ဝိုင်းရိုက်ကြတာ၊ သူက ကျွန်တော့်ကို ဝင်ကာရင်းထိတာ'

နေလင်းက လက်ထောင်သည်။

'တော်တော်များများတော့ ရှင်းသွားပါပြီ၊ အရေးကြီးတာ တစ်ခုပဲကျန်နေတာ'

'ဘာလဲ အစ်ကို'

'ယမုံဆိုတာ တကယ်မရှိဘဲ ဘာဖြစ်လို့ ယမုံသူငယ်ချင်းမလေးက အပြင်မှာ တကယ်ရှိနေရတာလဲ'

အားလုံး ဒေါက်တာလှိုင်လှိုင်လေးကို ဝိုင်းကြည့်ကြပါသည်။

*

'ကျွန်မနဲ့အောင်နဲ့ဆုံတာ တကယ်တော့ ယမုံ့သူငယ်ချင်းအနေနဲ့ မဟုတ်ပါဘူး၊ ကျွန်မအဖေနဲ့ အောင့်မေမေတို့ ငယ်သူငယ်ချင်းတွေမို့ ဆုံတာပါ၊ အင်းလေ ငယ်သူငယ်ချင်းတောင် မဟုတ်ပါဘူး၊ ချစ်သူဟောင်းတွေ ဖြစ်ဖူးတယ်လို့ ပြောပါတယ်၊ အောင့်ဖေဖေက

www.burmeseclassic.com

www.burmeseclassic.com

အဲသည့်ကိစ္စနဲ့ ပတ်သက်ရင် သဝန်ကြောင်တတ်တော့ ခဏခဏ လင်မယားစကားများကြရပြီး အောင်တို့လည်း ကြားထဲက တော်တော်စိတ်ထိခိုက်ရတတ်ပါတယ်'

ဥက္ကာနှင့် အိမြတ် တစ်ယောက် မျက်နှာတစ်ယောက်ကြည့်၍ ခေါင်းညိတ်မိပါသည်။

'အောင် သူ့စိတ်ကူးထဲမှာ သူ ဖန်တီးထားတဲ့ မမယမုံဆိုတာ မျက်လုံးအညိုကလေးနဲ့ဆိုတာ သူ့ဟာသူ ကလေးဘဝကတည်းက စိတ်ကူးယဉ်ပြီးသား ဖြစ်မှာပါ၊ ကျွန်မနဲ့ အောင် ပထမဦးဆုံးစဆုံတာက တောင်ငူဈေးထဲက ဖေဖေ့ဆိုင်ခန်းမှာပါ၊ သူတို့ သားအမိ ဖြတ်လျှောက်လာတုန်း ဖေဖေက နှုတ်ဆက်ပြီး ထွက်ခေါ်တော့ ဆိုင်ထဲ ခဏလာထိုင်ပါတယ်၊ ကျွန်မနဲ့မိတ်ဆက်ပေးတော့ ကျွန်မမျက်လုံးတွေကို စိုက်ကြည့်ရင်းက သူ ကြက်သေသေသွားခဲ့ပါတယ်၊ ဘာဖြစ်လို့လဲဆိုတာတော့ ကျွန်မ အဲဒီတုန်းကတော့ မသိခဲ့ပါဘူး'

အားလုံးက ဒေါက်တာလှိုင်လှိုင်လေး၏ အညိုရောင်မျက်ဝန်းများကို ဖျတ်ခနဲ လှမ်းကြည့်ကြသည်။ ဒေါက်တာလှိုင်လှိုင်လေးက ခေါင်းငုံ့သွားသည်။

'ကလေးသာသာ မောင်လေးအရွယ်ဆိုပေမဲ့ သူ အဲသလိုကြည့်တာကို စိတ်ထဲမှာ တစ်မျိုးဖြစ်သွားတာတော့ အမှန်ပါပဲ၊ ပေါ်တော်မူဘုရား လိုက်ပို့ပေးခိုင်းမိတာလည်း အမှန်ပါပဲ၊ စာတွေရေးမိတာလည်း အမှန်ပါပဲ၊ မိဘချင်းရင်းနှီးခဲ့ပုံကိုတော့ သူ့စိတ်ထဲမှာ မကောင်းတဲ့သတိရစရာတွေနဲ့ ရောနေလို့ ထုတ်ပစ်ခဲ့ဟန်တူပါရဲ့၊ နောက်တော့ အကျိုးအကြောင်းမသိရဘဲ စာမလာတော့ဘဲ ဖြစ်သွားတာပါ'

ဒေါက်တာလှိုင်လှိုင်လေးက သက်ပြင်းချ၍ 'မရှိတဲ့ယမုံက ဆုံးမသတဲ့လေ၊ နောက်မှ သိရတာပါ'ဟု တိုးတိုးပြောသည်။

'သူ ဆေးရုံတက်ရတော့ ကျွန်မ လိုက်သွားတယ်၊ သူ တော်တော် နေကောင်းနေပါပြီ၊ ဒါပေမဲ့ သူက မမယမုံလည်း လာသေးတယ်လို့ပြောတော့ ကျွန်မ အံ့သြသွားတယ်၊ ယမုံဆိုတဲ့နာမည်ကို အဲဒါ ပထမဦးဆုံး ကြားဖူးတာပဲ၊ နောက်မှ အန်တီရှင်းပြလို့ အကြောင်းစုံသိရတာပါ၊ ဆေးရုံကဆင်းပြီးတော့ သူ စိတ်ကျန်းမာရေးဆရာဝန်နဲ့လည်း တော်တော်ကြာကြာ ဆက်ပြနေရသေးတယ်၊ နောက်ပိုင်းတစ်ခေါက် ထပ်တွေ့တော့ သူ ပုံမှန်ဖြစ်နေပြီ၊ ယမုံတို့၊ နဒီတို့ မပြောတော့ဘူး၊ ကျောင်းလည်း ပြန်တက်တယ်၊ ကိုယ်ကလည်း မိန်းကလေးဖြစ်နေ၊ သူကလည်း ခပ်တန်းတန်းပဲ ဆက်ဆံတာနဲ့ ဣန္ဒြေငုံပြီး ရှောင်လိုက်တာ စုမှပြန်တွေ့ရတော့တာပါပဲ'

အားလုံးက ဒေါက်တာလှိုင်လှိုင်လေးအတွက် စိတ်မကောင်းစွာ တိတ်ဆိတ်နေကြသည်။ ဒေါက်တာလှိုင်လှိုင်လေးက ခြောက်ကပ်ကပ်ရယ်သည်။


www.burmeseclassic.com

'စောစောက သူ့မိဘတွေကို ပို့ပေးရင်း ဆေးရုံရောက်သွားတော့ အောင်က လန်းလန်းဆန်းဆန်းပါပဲ၊ ကျွန်မကို မြင်တော့လည်း ဝမ်းသာအယ်လဲ နှုတ်ဆက်ရှာပါတယ်၊ မမယမုံပါ လိုက်လာတာလားတဲ့'

အားလုံး ဘာဆက်ပြောရမှန်း မသိကြတော့။

*

နေလုံးနီနီကြီးက ဧရာဝတီမြစ်ကမ်းနဖူးကို မေးတင်လာသည်ကိုကြည့်၍ ဥက္ကာနှင့်အိမြတ် ဧရာဝတီမြစ်ကူးတံတားကြီးပေါ်မှာ ငြိမ်သက်စွာရပ်နေကြသည်။ ဥက္ကာက လက်ထဲတွင် ကိုင်ထားသော စက်ဘီးကလေး၏လက်ကိုင်ကို မသိမသာ ဖေ့ရမ်းဆော့ကစားရင်း ညည်းတွားသည်။

'ငါ့ စိတ်မကောင်းဘူးဟာ'

အိမြတ်က ကိုလွှမ်းအတွက်လားဟုမေးတော့ ခေါင်းခါပြသည်။

'ကိုလွှမ်းက နေမကောင်းတာရော၊ အရင် စိတ်ထိခိုက်ခဲ့တာတွေရော ပေါင်းပြီး ဖြစ်တာ၊ စိတ်ရောဂါအပြင်းစားမှ မဟုတ်တာ၊ ကုသခံလိုက်ရင် မကြာခင် ပြန်ကောင်းသွားမှာပေါ့၊ မလေးလို ဆေးပညာလည်း နားလည်၊ သူ့ခံစားမှုတွေကိုလည်း နားလည်၊ သူ့အပေါ်မှာလည်း မေတ္တာထားနိုင်တဲ့ မမတစ်ယောက်လည်း ရှိနေတာပဲ၊ ငါ စိတ်မကောင်းတာက သူ ပြောပြတာတွေ နားထောင်ပြီး ငါ မမြင်ဖူး၊ မတွေ့ဖူးဘဲနဲ့တောင် ချစ်နေမိခဲ့တဲ့ ချစ်စရာအိမ်ကလေးနဲ့ ချစ်စရာမိသားစုလေးဟာ အပြင်မှာ တကယ်မရှိဘူးဆိုတာပါ၊ ငါ့ ရင်ထဲမှာ ဟာလိုက်တာဟာ'

အိမြတ်က ခေါင်းခါသည်။

'ငါကတော့ ကျေနပ်တယ်၊ သိလား'

'ဘာကိုလဲ'

အိမြတ်က ခဏစဉ်းစားနေပြီးမှ တုံ့ဆိုင်းဆိုင်းပြောသည်။

'ဆရာချစ်ပြောတာ မှန်တယ်ဟ၊ အဲဒီဇာတ်လမ်းလေးက တကယ်ဖြစ်ခဲ့တာ မဟုတ်ဘူးဆိုတာတောင်မှ ကိုလွှမ်းက အဲဒီဇာတ်လမ်းလေးကတစ်ဆင့် တို့ကို ပေးသွားတဲ့ သင်ခန်းစာတွေ အများကြီးပဲ၊ နင် အင်္ဂလိပ်စကားတစ်ခု ကြားဖူးတယ် မဟုတ်လား၊ **'A happy family is but an earlier heaven.'** ဆိုတာလေ။ **'ပျော်ရွှင်ချမ်းမြေ့စရာကောင်းတဲ့ မိသားစုလေးနဲ့နေရတာ ကောင်းကင်ဘုံကို စောရောက်သွားသလိုပါပဲ'** တဲ့။ ကျွန်တော့ ပျော်ရွှင်ချမ်းမြေ့တဲ့ မိသားစုကလေးဖြစ်ဖို့ဆိုတာ ငွေလည်းမလိုဘူး စည်းစိမ်ချမ်းသာတွေလည်း မလိုဘူး၊ အသိဉာဏ်ဆင်ခြင်တုံတရားရှိဖို့နဲ့ မေတ္တာထားနိုင်ဖို့ပဲ လိုတယ်



www.burmeseclassic.com

www.burmeseclassic.com


ဆိုတာကို ကိုလွှမ်းက မိဘနဲ့သားသမီးတောင်မဟုတ်တဲ့ ဦးလက်ာစိုးတို့မောင်နှမနဲ့ ယမုံတို့မောင်နှမတွေကို တကယ်မရှိဘဲဖန်ဆင်းပြပြီး တို့ကို ပညာပေးသွားခဲ့တာပဲ၊ အဲဒီဇာတ်လမ်းကလေးကို ကြားခွင့်ရလိုက်တာ ငါ သိပ်ပြီးတော့ ကျေနပ်တယ်သိလား'

ဥက္ကာက ပြုံးသည်။

'နင် ပြောတာမှန်ပါတယ်၊ ငါတို့ ကြီးပြင်းခဲ့ရတဲ့ မိသားစုကလေးတွေက ကိုလွှမ်းတို့မိသားစုလောက် စိတ်ညစ်စရာမကောင်းပေမဲ့ ယမုံတို့မိသားစုလောက်လည်း စိတ်ချမ်းမြေ့စရာမကောင်းတာတော့ အမှန်ပဲ၊ တို့လူကြီးဖြစ်လာလို့ ကိုယ်တိုင်မိသားစုတစ်ခုတည်ဆောက်ကြတဲ့အခါကျရင်တော့ ယမုံတို့မိသားစုကို မမီရင်တောင်မှ ကိုလွှမ်းတို့မိသားစုပုံစံနဲ့စာရင် ယမုံတို့မိသားစုပုံစံနဲ့ ပိုနီးစပ်အောင် ကြိုးစားကြရမှာပဲ'

ဥက္ကာက ပြောရင်းရယ်သည်။

'ငါ့ဘက်ကတော့ အဲဒီအတိုင်း ဆုံးဖြတ်ထားပြီးပြီ၊ နင်ရော'

အိမ့်မြတ်ကယောင်၍ ငါရောပဲဟုပြောပြီးမှ သတိရပြီး ဥက္ကာလက်မောင်းကို လက်သီးနှင့်ထုသည်။

'ဘာလဲ၊ ဘာ နင်ရောလဲ၊ နင်နဲ့ငါနဲ့ ဘာဆိုင်လို့လဲ'

ဥက္ကာက လက်သီးဆုပ်များကို ရှောင်ရင်းရယ်သည်။

'ဟ ကိုလွှမ်းပဲ ပြောသွားတာပဲလေ၊ တစ်ယောက်ကိုတစ်ယောက် တပ်မက်စိတ်မပါဘဲနဲ့ သံယောဇဉ်ရှိသွားတာ၊ ဂရုစိုက်တာ၊ ဂရုစိုက်ခံချင်တာဆိုတဲ့စိတ်မျိုးက သူငယ်ချင်းတောင် သိပ်ရင်းနှီးရင် ဖြစ်ချင်ဖြစ်သွားတတ်တာတဲ့၊ ငါက ဖြစ်ရမယ်လို့ ပြောတာ မဟုတ်ပါဘူး၊ မတော်တဆများ ဖြစ်ခဲ့ကြရင် အဲဒီအတိုင်း ကြိုသဘောတူထားရအောင်လို့ ပြောတာ'

အိမ့်မြတ်က မျက်စောင်းထိုးသည်။

'ချစ်စရာအိမ်ကလေး တစ်လုံးတော့ ငါ တကယ်တည်ဆောက်မယ်လို့ ဆုံးဖြတ်ထားပြီးသား၊ နင်နဲ့တော့ မဟုတ်ဘူး၊ ဝေးသေး'

ဥက္ကာကရယ်၍ အပြောမစောနဲ့နော်ဟု ထပ်စသည်။

ပြီးတော့ သူငယ်ချင်းနှစ်ယောက်သား မြစ်ကမ်းနဖူးက လွတ်လွတ်ကျွတ်ကျွတ်ထွက်လာသော နေလုံးကြီးကို ဆက်ငေးကြည့်နေမိကြပါသည်။

**'ချစ်စရာအိမ်ကလေးများ တည်ဆောက် ပိုင်ဆိုင်နိုင်ကြပါစေ'**

**ပြီးပါပြီ။**

**သန္တာမှန်ဖြင့်**

**ယက်ဘရည်ကျော်**

www.burmeseclassic.com


# လက်ရှည်ကျော်

# ချစ်စရာအိမ်ကလေး

တွင်

ပါဝင်သော

# ကဗျာများ

www.burmeseclassic.com

www.burmeseclassic.com


‘စံပယ်ဆိုဖြူမှ’

အဖွေးထည်
အသွေးရယ် စံပယ်ပန်းကိုဖြင့်
ခြယ်ဆန်းမှာစိုး။
အခါကြုံ
စံပယ်ရယ် ပညာစုံပြန်တော့
ဖြူခဲ့ပုံ တစ်ခါကြိုက်ကိုလ
လွှမ်းရှိုက်တိတ်ခိုး…။

(၁၄-၁၂-၇၈)
လင်္ကာစိုး

www.burmeseclassic.com

www.burmeseclassic.com


‘မငုံသေး’

သိစေစိတ်ရှည်
ရက်ကြာရှည်၍
နာရီရက်ပေါင်း
လသို့ပြောင်းပြီ
ချစ်ကြောင်းတင်ရေး မငုံသေး။

(-·၇·၇၉)
လက်ဘိုး

www.burmeseclassic.com

 www.burmeseclassic.com 

'အချစ်နဲ့မီး မိတ်ဆက်ခြင်း'

သညာမရှိ၊ သိတော့သိသည်
တွေ့ထိလောင်ညီး၊ အပူသည်းမှ
ဖွဲမီးမငြိမ်းတတ်ပါကြောင်း၊

သညာမရှိ၊ သိတော့သိသည်
ထွန်းညှိမသာ၊ မီးမဖြာမှ
မီးစာအရေးကြီးပါကြောင်း၊

ဖွဲမီးတစ်ဖက်၊ ကျွမ်းလောင်လျက်က
တစ်ဖက်မီးတိုင်၊ မညှိနိုင်မို့
ချွေးဖြိုင်ဖြိုင်ဖြာ၊ ဆင်းရဲလာခဲ့
သညာမရှိ၊ သိတော့သိသည်
သတိမခို၊ ပညာလိုက
မီးကိုမဆော့သင့်ပါကြောင်း။

(၂၈-၁၂-၇၉)
လက်ာစိုး



www.burmeseclassic.com

www.burmeseclassic.com

## ‘နားဆင်ပါ သက်ဝေ’

ဆယ်ခါရံတစ်ခါ အခွင့်ကလေးသာတုန်း
မယုံရင်လှောင်ရယ်ရင်း အပျင်းပြေကလေးပေါ့ သက်ဝေ။

ပုံပြင်လို့ ထင်ချင်ထင် အရင်တော့ ပြောပါရစေဦး
ရင်ထဲမှာ သိမ်းထားသရွေ့ ငြီးငွေ့ရင်တော့ ဟန့်လိုက်နော် သက်ဝေ။

ဟောဟိုက မိုးပေါ်မှာ လကလေးကလည်း သာနေသားပဲ။
မကြားစေမသိစေ သူငယ်ချင်းတွေကလည်း ဝေးနေသားပဲ။

အပြောမှားရင်တဆိတ် စိတ်တော့မဆိုးနဲ့ကွာ။
ငါ့အထင်ဆို နင် ဒီလိုပဲ မြင်မှာပါ။

.........
.........
.........
.........

မယုံရင်လှောင်ရယ်ရင်း အပျင်းပြေကလေးပေါ့ သက်ဝေ။
ပုံပြင်လို့ ထင်ချင်ထင် အရင်တော့ ပြောပါရစေကွာ။


www.burmeseclassic.com

www.burmeseclassic.com


မျက်ကလဲဆံပြာ ဘာကိုရှာနေသလဲ သက်ဝေ။
စံပယ်ရုံတောင်မှ လန့်မနိုး ငှဲ့အသံတိုးတိုးလေးရယ်ပါ။
နောက်တစ်ခါ ဟိုတစ်ကွေ့.....

ဩော်.....

ငြိမ်းငွေ့လို့သွားပြီလားကွာ။

(၁၅·၁၀·၈၀)
လင်္ကာစိုး


www.burmeseclassic.com

www.burmeseclassic.com



## ‘ခရီးတာထောက်နားခြင်း’

ကောင်းကင်ထက်ယံ၊
အရှေ့ဏ်ပြန့်၏
အသံပလာ၊
သမုဒ္ဒရာ၌
သရကာဖန်ဆင်း၊
တေးသီချင်းဖြင့်
ထန်ပြင်းလှိုင်းထနေပါသည်။

လမ်းနှစ်ဖက်ခြမ်း၊
ဖုံးကွယ်လွှမ်းသော
ပန်းတို့ပွင့်အာကြပါပြီ။ ။

သို့လင့်တထူး၊
ငါတစ်ဦးမှ
တွေးမှူးဖုံးလွှမ်း၊
နှစ်၍ရမ်းပြီး
လမ်းစဖွေရှာနေပါသည်။ ။

ဝမ်းမြောက်ကဲပို၊
တေးမဆိုပါ…

မြူးတူးပျော်ပါး၊
မကစားပါ…



www.burmeseclassic.com

www.burmeseclassic.com



ရွာ၏ဈေးတွင်း၊
ဆိုင်သွားခင်းရန်
အလျင်းမဆောင်ရှက်တော့ပါ။

စကားမပြော၊
မရယ်မောပါ . . .

ဝဲယာကိုတောင်၊
မကြည့်ယောင်ပါ

ပွားများနေ့ရက်၊
တိုးကာတက်သို့
သွက်သွက်ခြေချလိုက်ပါသည်။

နောက်ဆုံးတွင်
ကောင်းကင်နေဝါ၊
တက်လာရာဝယ်
တောမှာ ချိုးကူနေပါသည်။

မွန်းတည့်နေအောက်၊
သစ်ရွက်ခြောက်တို့
ခုန်ပေါက်သည့်ကြား၊
ဖြတ်၍သွားပြီး
နွားကျောင်းသားလည်း
ညောင်ရိပ်ထဲတွင်
မက်ဆဲ အိပ်မက်နေပါသည်။

ထိုအခါ ငါသည်
ရေစပ်အနား၊
စိမ်းစိုထွားသော



www.burmeseclassic.com

www.burmeseclassic.com


မြက်သားပေါ်မှာ
အိပ်ပါသည်။

ငါ့၏လက်ပါး၊
အဖော်များမှ
ငါ့အားကြည့်ရယ်၊
မဲ့မထီနှင့်
တည်လျက်မော့မူ၊
ရှေ့တူရှုသည်
ဘယ်သူတစ်ယောက်၊
တစ်ဦးလောက်ပင်
နောက်မလှည့်ကြ၊
မနားကြဘဲ
ဝေးပြတောအောက်၊
ပျောက်ကွယ်ရောက်၍
ဘယ်လောက်ကျယ်ပြန့်၊
ကွင်းပြင်ဖြတ်ပြီး
ဘယ်ရပ်ဝေးခွာ၊
သွားကြမှာကို
ငါလည်း မမှန်းဆနိုင်ပါ။ ။

*

အို
အနန္တများ၊
ခရီးသွားတို့
အားလုံး ကံကောင်းကြပါစေ။

ပြက်ရယ်ရှက်ပွား၊
ထချင်ငြားမင့်
ငါကားမကြွ၊

www.burmeseclassic.com

www.burmeseclassic.com


စိတ်ဆန္ဒတွင်
ဘာမျှ ကပ်ငြိမရှိပါ။

ငါကားနက်နဲ၊
ဤဆင်းရဲကို
မက်စွဲနှစ်သက်၊
နှစ်မြှုပ်လျက်သာ
ဆက်လက်နေလိုက်ပါဦးမည်။

(၂၅.၁၂.၇၉)
လက်ာစိုး

www.burmeseclassic.com

www.burmeseclassic.com

မြေလျှင်မြေပဲ၊ လဲလှယ်လွှဲသော်
ပင်လည်းမသေ၊ မြေလည်းပြေသိမ့်
တစ်စေခုမျှ၊ ကံမကူ၍
ပိုင်သူမြေကွက် မှား၏တည်း။

(၂၃-၇-၇၈)
လင်္ကာစိုး

BURMESE CLASSIC


www.burmeseclassic.com

www.burmeseclassic.com


‘ပန်းခြွေသမားနဲ့စကားဆိုခြင်း’

‘နှင်းဆီရယ် အသွင်လှပေမင့်
ရုံခလို့ ဆူးခက်ဖြာ။
ခရေနှယ် ရနံ့ဆောင်ပြန်တော့
အရောင်ဖလာ’
မျက်မှောင်မှုံသက်ပြင်းခါလို့
ဆိုလာတဲ့ ကိုအတ္တ
မေးပါရစေဦး။
ဆင်းမဖြာ မမွှေးရုံအပြင်
ဆွတ်ခြွေရုံတစ်သက်မမှန်းပါတဲ့
ဝတ်မှုံဝေလက်သရမ်းကိုရော
သြော် ‘မဆန်းပါ သဘာဝ’ တဲ့။
ဖြေချက်ကလေး။

(၁၇.၄.၈၁)
လက်ဘိုး

www.burmeseclassic.com

www.burmeseclassic.com



'ဘဝဧည့်သည်'

ခြေရာမထင်
ကန့်ရေပြင်တွင်
ရေလျှင်ခြေဆွာနှောက်ရစ်သည်။

(၇၈)
လင်္ကာစိုး

www.burmeseclassic.com